ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 28 May 2020 ၁၀၀၂၆

# မြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် (၄၅) နှစ်မြောက် အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် မေ ၂၈**

၂၀၂၀ ပြည့်နှစ် မေလ ၂၈ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် (၄၅) နှစ်မြောက် အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဗီယက်နမ်နိုင်ငံ သမ္မတ မစ္စတာ ငုယင်ဖူးကျောင့် တို့သည်လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု တို့သည်လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးအပြန်အလှန်ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## အိမ်တွင်းဖြစ် ချည်ထည် Mask ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ကြသူများနှင့် အပြန်အလှန်ဆွေးနွေး

**နေပြည်တော် မေ ၂၇**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိမ်တွင်းဖြစ်ချည်ထည် Mask ပြိုင်ပွဲတွင် ပြည်သူ့အနှစ်သက်ဆုံး ပထမဆုရ ဒေါက်တာကျော်ကျော်ဝင်း(Eric Yang)(USA)၊ ရည်ရွယ်ချက် စိတ်ဝင်စားဖွယ်အကောင်းဆုံး ပထမဆုရ ဒေါ်ဖြူဖြူငြိမ်းချမ်း(Shin Nyein Mel)၊ တီထွင်ဖန်တီးမှုအကောင်းဆုံး ပထမဆုရ ဦးမျိုးစန်းဦး(Myo Gyi) (Japan)နှင့် ပြည်သူ့အကျိုးပြု ပထမဆုရ ဒေါ်ကြည်ကြည်ဝင်း (Daw Kyi Kyi Win)တို့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



- ❖ မည်သည့်ကိစ္စမဆို ပြည်သူပါမှသာ အောင်မြင်နိုင်မည်
- ❖ ပြည်သူများအနေဖြင့်လည်း ငါတို့ပါဝင်မှုဖြစ်မည်ဆိုသည့်စိတ် ရှိရမည်
- ❖ ငါတို့မပါ မဖြစ်ဘူးဆိုသည့် စိတ်မျိုးမထားရန် လိုအပ်
- ❖ အနာဂတ်အတွက် စီမံကိန်းများချသည့်အခါတွင်လည်း မှန်မှန်ကန်ကန်ဖြစ်စေချင်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိမ်တွင်းဖြစ် ချည်ထည် Mask ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ကြသူများနှင့် အပြန်အလှန်ဆွေးနွေးကြစဉ်။



KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ကြေးမုံ

## အလုပ်အကိုင်အခွင့်အလမ်းသစ်များဖန်တီး နိုင်ငံကိုအကျိုးပြုနိုင်ရေး ကြိုးပမ်း

မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်း အလားအလာကောင်းများများစွာရှိသော်လည်း ရင်းနှီးမြှုပ်နှံမှု၊ ကျွမ်းကျင်မှုနှင့် လုပ်ခလစာနည်းပါးမှုတို့ကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားများ သိန်းပေါင်းများစွာရှိသည်။ ယခုအခါ ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါဃက်ကြောင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ တဖွဲဖွဲ ပြန်လည်ရောက်ရှိလာကြသည်။

ပြည်ပရောက် မြန်မာနိုင်ငံသားများ အခက်အခဲများနှင့် ကြုံတွေ့နေရချိန်တွင် အမိနိုင်ငံ၏အရိပ်အာဝါသအောက်သို့ ပြန်လည်ခိုဝင်လာကြသည်ကို ဝမ်းမြောက်ဝမ်းသာဂုဏ်ယူကာ ကြိုဆိုကြရမည်ဖြစ်သည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ အလုံးအရင်းဖြင့် ပြန်လည်ရောက်ရှိလာခြင်းသည် လက်ရှိတွင် ကြီးမားသည့် စိန်ခေါ်မှုဖြစ်နိုင်သော်လည်း ယင်းစိန်ခေါ်မှုကို အခွင့်အလမ်းတစ်ခုအဖြစ် ပြောင်းလဲဖော်ဆောင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို ပြန်လည်ထုဆစ်ပုံဖော်ကြရမည်ဖြစ်သည်။

စီးပွားရေးလိုအပ်ချက်ကြောင့် မြန်မာနိုင်ငံမှပြည်သူများ တိုင်းတစ်ပါးသို့ သွားရသည့် အခြေအနေများကို ပြောင်းလိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မေလ ၂၆ ရက်နေ့က ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားထားသည်။ ကိုဗစ်-၁၉၏ အကျိုးဆက်များကို အောင်နိုင်စွာကိုင်တွယ်ရေး စီမံချက်များထဲတွင် အလုပ်အကိုင်ဖန်တီးရေးကို အထူးအလေးပေးမှာဖြစ်ကြောင်း၊ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် ပြည်သူများ၏ ပူးပေါင်းအားပေးမှုသည် အဓိကဖြစ်ကြောင်း အသိပေးထားသည်။

ထို့ကြောင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် အမိနိုင်ငံ၏အရိပ်၊ မိဘ၏ရင်ခွင်သို့ ဝင်ရောက်ခိုလှုံနိုင်ပြီဖြစ်၍ လုံခြုံစိတ်ချဘေးကင်းပြီး စိတ်ချမ်းသာမှုကို ရရှိနိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံသို့ရောက်ပြီး လတ်တလောအခြေအနေတွင် ကျန်းမာရေးစစ်ဆေးမှုခံယူခြင်းနှင့် သတ်မှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ နေထိုင်ကြရဦးမည်ဖြစ်သည်။ နိုင်ငံတော်က ကိုဗစ်-၁၉ အကျိုးဆက်များကို ကိုင်တွယ်ရေး စီမံချက်များ ရေးဆွဲထားပြီး ယင်းတို့တွင် အလုပ်အကိုင်ဖန်တီးပေးရေးပါဝင်သဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသောအခါ စိတ်ပျက်အားငယ်ခြင်းမရှိဘဲ ရည်မှန်းချက်နှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အားထည့်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းအလုပ်အကိုင်များအတွက် ရရှိလာမည့်ဝင်ငွေသည် လက်ငင်းတွင် ပြည်ပ၌ရရှိခဲ့သည့်ဝင်ငွေကို မမီသော်လည်း ကိုယ့်မြို့ကိုယ့်ရွာတွင် မိသားစုနှင့်အတူ အိုးမကွာအိမ်မကွာ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အကျိုးရလဒ်၏တန်ဖိုးကို ယူဖို့လိုသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးစရန်းထနေသောနိုင်ငံဖြစ်ပြီး ယခုကဲ့သို့ မိမိတို့နိုင်ငံကို ပြန်လည်ထူထောင်သည့်ကာလတွင် မိမိတို့နိုင်ငံသို့ပြန်လည်လာရောက်၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ရသည့်အခွင့်အရေးသည် တန်ဖိုးကြီးမားပေသည်။

ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်ခဲ့သော မြန်မာနိုင်ငံသားများသည် သတ်မှတ်ထားသည့် ကျွမ်းကျင်မှုအရည်အသွေး ပြည့်မီလာခဲ့ကြသူများဖြစ်သည်။ မိမိတို့တတ်မြောက်လာသော ကျွမ်းကျင်မှုအရည်အသွေး၊ အတတ်ပညာများဖြင့် မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိတို့၏ မိသားစုဘဝများ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ မိမိတို့သည် မြန်မာနိုင်ငံထက် ပိုကဲသာလွန်သည့် ဝင်ငွေရရှိမှုဖြင့် တိုင်းတစ်ပါးကို အလုပ်အကျွေးပြုခဲ့ကြပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်ပဝင်ငွေကိုမမီသော်လည်း မိမိနိုင်ငံ၌ လုံခြုံစိတ်ချဘေးကင်းစွာဖြင့် စိတ်ချမ်းသာကိုယ်ကျန်းမာ လုပ်ကိုင်နိုင်ခြင်းသည် ပိုကဲသာလွန်သည့် ငွေကြေးထက် ပိုမိုတန်ဖိုးကြီးမားပေသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါဃက်ကြောင့် ကြုံတွေ့လာရသော အခက်အခဲများ၊ စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ထုတ်ဖော်နိုင်အောင် နိုင်ငံတော်အစိုးရက စီမံထားပြီဖြစ်ရာ အနာဂတ်နိုင်ငံအတွက် အရေးကြီးသည့် အလုပ်အကိုင်အခွင့်အလမ်းသစ်များကို နိုင်ငံတော်အစိုးရနှင့်အတူလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဖန်တီးပြီး ပြည်ပနိုင်ငံများတွင် မိမိတို့တတ်မြောက်ခဲ့သော အတတ်ပညာများ၊ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများဖြင့် မိမိတို့ဘဝ၊ မိမိတို့နိုင်ငံကို အကျိုးပြုနိုင်အောင် ကြိုးပမ်းအားထုတ်ကြဖို့ လိုအပ်မည်ဖြစ်ပါကြောင်း။ ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၁,၀၀၀ | ၆၁၂ | ၆,၄၉၁,၅၀၀ |
| MTSH | ၃,၇၅၀ | ၃,၈၀၀ | ၂၈၀ | ၁,၀၅၃,၆၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၂၃၇ | ၁,၉၂၀,၈၀၀ |
| FPB | ၂၃,၅၀၀ | ၂၃,၅၀၀ | ၁၀၇ | ၂,၅၁၄,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၅၀ | ၁၅၇ | ၄၃၉,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၇

ရန်ကုန်(ရွှေဈေး) ၁၂၁၀၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၀၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၈၀/၅၂၀ ကျပ် | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၃၀/၅၅၅ ကျပ် | ၆၀၅/၆၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၀၀/၄၆၀ ကျပ် | ၄၇၀/၄၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၀/၅၃၀ ကျပ် | ၅၃၀/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၄၅/၄၆၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၅၅/၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၀၅/၄၁၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၆.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၂.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆.၅၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၁၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၁၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၈၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၅.၇၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၂.၆၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၈.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၈၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာအုပ်စာပေ လူ့မိတ်ဆွေ

ကြေးမုံ

**ခေတ္တ စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိမ်တွင်းဖြစ် ချည်ထည် Mask ပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့ကြသူများနှင့် အပြန်အလှန်ဆွေးနွေးကြစဉ်။

❂ ရှေ့ဖုံးမှ

ထို့နောက် ပြည်သူ့အနုစ်သက်ဆုံး ပထမဆုရ ဒေါက်တာကျော်ကျော်ဝင်း (Eric Yang) (USA) က ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများကို New Normal ပုံစံဖြင့် ပြုပြင်ပြောင်းလဲနေထိုင်ရန် အကြံပြုချက်များ၊ Social Distancing ကို မလျှော့သောဇွဲဖြင့် လိုက်နာဆောင်ရွက်သွားသင့်သည့် အကြံပြုချက်များကိုလည်းကောင်း၊ ရည်ရွယ်ချက် စိတ်ဝင်စားဖွယ်အကောင်းဆုံး ပထမဆုရ ကမာရွတ်မြို့နယ်မှ ASEAN DMA Center, Poland Head Office, Managing Director ဒေါ်ဖြူဖြူငြိမ်းချမ်းက ရင်ခွင်မဲ့ကလေးစောင့်ရှောက်ရေးလုပ်ငန်းစတင်ခဲ့မှုအခြေအနေ၊ Single Mother တစ်ဦး၏ခံစားချက်နှင့် ရည်ရွယ်ချက်၊ မေတ္တာကိုရည်ရွယ်ပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကူညီဆောင်ရွက်ပေးနေမှု၊ ရင်ခွင်မဲ့ကလေးများ စောင့်ရှောက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ ကလေးများအား အသိပညာပေးခဲ့မှုအခြေအနေများကို လည်းကောင်း၊ တီထွင်ဖန်တီးမှုအကောင်းဆုံး ပထမဆုရ ဂျပန်နိုင်ငံ တိုကျိုမြို့မှ ဂျပန် ဆိုးဘ လမယ် ဆီချက်ခေါက်ဆွဲ Tetsu 20 Company မန်နေဂျာ ဦးမျိုးစန်းဦး(Myo Gyi) (Japan) က အိမ်တွင်းဖြစ်ချည်ထည် Mask ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရသည့် ရည်ရွယ်ချက်၊ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေ၊ ဂျပန်နိုင်ငံတွင် ကိုယ်တိုင်ချုပ် Mask များ သုံးစွဲမှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဂျပန်နိုင်ငံ၏ အလုပ်အကိုင်အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့အကျိုးပြု ပထမဆုရ ဝမ်းတွင်းမြို့မှ ဒေါ်ကြည်ကြည်ဝင်းက အိမ်တွင်းဖြစ်ချည်ထည် Mask ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့်အကြောင်းရင်း၊ ကိုယ်တိုင်ချုပ် Mask များ အခမဲ့ဖြန့်ဝေပေးခဲ့မှု၊ Mask ချုပ်လုပ်မှုပုံစံနှင့် သုံးစွဲသည့်ပစ္စည်းအမျိုးအစားကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ ကြီးမားသည့်အခက်အခဲမှာ Social Distancing ဖြစ်ပါကြောင်း၊ တစ်ချိန်လုံး Social Distancing ဖြင့် နေထိုင်ရန် လက်တွေ့မကျပါကြောင်း၊ ဆရာဝန်တစ်ယောက်အနေဖြင့် ရုပ်ပိုင်းဆိုင်ရာကုသပေးခြင်းသာမက စိတ်ပိုင်းဆိုင်ရာကိုလည်း ကုသပေးရပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာနားလည်မှုသာ ရုပ်ပိုင်းဆိုင်ရာကို ကုသ၍ရပါကြောင်း၊ မြဝတီဘက်မှ ဝင်ရောက်လာသူများ လက်ရှိအခြေအနေတွင် လူဦးရေ ထောင်ဂဏန်းရှိပါကြောင်း၊ မိမိတို့သိထားသည်မှာ လူဦးရေ သောင်းဂဏန်း ပြန်လည်ဝင်ရောက်လာမည် ဖြစ်ပါကြောင်း၊ နယ်စပ်မှ ပြန်လည်ဝင်ရောက်သည့် နေရပ်ပြန်ပြည်သူများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပို့ဆောင်ပေးရပါကြောင်း၊ အဆိုပါနေရပ်ပြန်ပြည်သူများ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ခြင်းမပြုမီ အားလုံးကို ရောဂါပိုးရှိ၊ မရှိ စစ်ဆေးရန်မှာ မလွယ်ကူပါကြောင်း၊ သက်ဆိုင်ရာနေရပ်သို့ ရောက်ရှိမှသာ Quarantine ဖြင့် စောင့်ကြည့်ရပါကြောင်း၊ လာမည့်နှစ်ပတ်သုံးပတ်ခန့်တွင် မိမိတို့အတွက် စိန်ခေါ်မှုကြီးရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများ သေချာစစ်ဆေးရန်၊ ရောဂါမပြန့်ပွားရန်နှင့် ရောဂါပိုးရှိသူများကို သေချာကုသရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နေရပ်ပြန်လည်ဝင်ရောက်လာသူများအား မိုးကျလာပါက သက်ဆိုင်ရာဒေသသို့ ပို့ဆောင်ရန် ခက်ခဲမည်ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲနှင့်စပ်လျဉ်း၍ ပထမပိုင်းတွင် ဆုတစ်မျိုးသာပေးရန်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင် နှစ်သောင်းကျော်ကို ဆုပေးချင်ပါကြောင်း၊ ဆုမပေးနိုင်သော်လည်း အားလုံးကို အသိအမှတ်ပြုသည့်အနေဖြင့် အမှတ်တရကတ်များ ပေးပို့ရန်စီစဉ်ထားပါကြောင်း၊ ယခု ရွေးချယ်ခဲ့သည်မှာ Like အများဆုံးရရှိသူ၊ ဒီဇိုင်းထူးခြားသူ၊ ပြည်သူ့အကျိုးဆောင်ရွက်သူနှင့် ရည်ရွယ်ချက်ကောင်းမွန်သည့်ဆုတို့ဖြစ်ပါကြောင်း၊ Single Mother ကိစ္စအား လက်မခံသည်မှာ လူ့အသိုင်းအဝိုင်း၏ တန်ဖိုးထားမှုနှင့်ဆိုင်ပါကြောင်း၊ မိမိငယ်စဉ်က တွေ့ဖူးခဲ့ပါကြောင်း၊ ခွဲခြားဆက်ဆံရန် မသင်ပေးခဲ့ပါကြောင်း၊ မျက်နှာမငယ်ရပါကြောင်း၊ မျက်နှာမငယ်ရသည့် လူ့အသိုင်းအဝိုင်းဖြစ်စေချင်ပါကြောင်း၊ ပြဿနာမှာ ပြဿနာမဟုတ်ပါကြောင်း၊ ပြဿနာကို အဖြေမရှာနိုင်ခြင်းကသာ ပြဿနာဖြစ်ပါကြောင်း။

- **အကြောင်းအမျိုးမျိုးကြောင့် မိမိတို့နိုင်ငံကို ဖိအားပေးနေသည့် အသိုင်းအဝိုင်းများကိုလည်း မိမိတို့နိုင်ငံသည် မည်ကဲ့သို့သောနိုင်ငံ ဖြစ်သည်ကို ပိုမိုသိရှိစေရန် လုပ်ဆောင်နိုင်သည့်အခွင့်အရေးလည်း ဖြစ်**
- **ကိုဗစ်-၁၉ ကို ကျော်လွှားနိုင်ရန် ပြည်သူအားလုံးက Mask တစ်ခုချုပ်ခြင်းဖြင့် ကူညီနိုင်**
- **ကလေးများကိုလည်း ငယ်ရွယ်စဉ်ကတည်းက မေတ္တာစိတ်များထားရန်၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရန်၊ ညှာတာရန်နှင့် စေတနာထားရန် သင်ကြားပေးစေလို**
- **ကိုဗစ်-၁၉ ကျော်လွှားရေးစီမံကိန်းတွင် အားလုံးက ပူးပေါင်းဆောင်ရွက်ကြစေလို**

### အားလုံးပူးပေါင်းပါဝင်

မိမိတို့နိုင်ငံတွင် ပြည်သူများအနေဖြင့် တစ်ခါသုံး Mask များအသုံးပြုရန် မတတ်နိုင်ကြပါကြောင်း၊ ထို့ကြောင့် Mask များကို ကိုယ်တိုင်ချုပ်လုပ်ရန် အားပေးရခြင်းဖြစ်ပါကြောင်း၊ ကိုယ်တိုင်ချုပ် Mask များမှာ ပြန်လည်အသုံးပြုနိုင်ပြီး အချိန်ကာလ မည်မျှကြာမည်ကို မသိရသည့်အတွက် ကိုယ်တိုင်ချုပ် Mask သုံး၊ လေးခုရှိပါက အဆင်ပြေပါကြောင်း၊ Mask တပ်ဆင်ခြင်းသည် မိမိကိုယ်ကို ကာကွယ်ရန် အဓိကဖြစ်ပါကြောင်း၊ Mask တပ်ဆင်ရာတွင် တပ်ပုံတပ်နည်း မှန်ကန်ရန် လိုအပ်ပါကြောင်း၊ ရောဂါဖြစ်ပွားသူများကို စာနာစိတ်ဖြင့် ကုသပေးကာ မေတ္တာပေးပြီး စည်းကမ်းထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ ရပ်ရွာများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

### လူတိုင်းလူတိုင်းက အရေးပါ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် မည်သည့်ကိစ္စမဆို ပြည်သူပါမှသာ အောင်မြင်နိုင်မည်ဟု မိမိမကြာခဏ ပြောပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ငါတို့ပါဝင်မှဖြစ်မည်ဆိုသည့်စိတ် ရှိရမည်ဖြစ်ပါကြောင်း၊ ငါတို့မပါ မဖြစ်ဘူးဆိုသည့် စိတ်မျိုးမထားရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ သည် စိန်ခေါ်မှုကြီးတစ်ခုဖြစ်ပါကြောင်း၊ ယင်းစိန်ခေါ်မှုကြီးကိုအခြေခံ၍ မိမိတို့နိုင်ငံသူ နိုင်ငံသားများ ပိုမိုစည်းလုံးစေချင်ပါကြောင်း၊ အနာဂတ်အတွက် စီမံကိန်းများချသည့်အခါတွင်လည်း မှန်မှန်ကန်ကန်ဖြစ်စေချင်ပါကြောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့် မိမိတို့နိုင်ငံကို ဖိအားပေးနေသည့် အသိုင်းအဝိုင်းများကိုလည်း မိမိတို့နိုင်ငံသည် မည်ကဲ့သို့သောနိုင်ငံဖြစ်သည်ကို ပိုမိုသိရှိစေရန် လုပ်ဆောင်နိုင်သည့်အခွင့်အရေးလည်း ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကို ကျော်လွှားနိုင်ရန် ပြည်သူအားလုံးက Mask တစ်ခုချုပ်ခြင်းဖြင့် ကူညီနိုင်ပါကြောင်း၊ ထို့ကြောင့် လူတိုင်းလူတိုင်းက အရေးပါပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် ဝမ်းသာအားတက်ပါကြောင်း၊ ဆက်လက်ဝိုင်းဝန်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ကလေးများကိုလည်း ငယ်ရွယ်စဉ်ကတည်းက မေတ္တာစိတ်များထားရန်၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရန်၊ ညှာတာရန်နှင့် စေတနာထားရန် သင်ကြားပေးစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကျော်လွှားရေးစီမံကိန်းတွင် အားလုံးက ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

❂ ကျောဖုံးမှ

၅၀ ရာခိုင်နှုန်းနှင့်အထက် ပြီးစီးသော ကျောင်းပေါင်း ၁၂၆၅ ကျောင်း၊ ၂၅ ရာခိုင်နှုန်းအထက် ပြီးစီးသော ကျောင်း ၃၅၃ ကျောင်းနှင့် ၂၅ ရာခိုင်နှုန်း ပြီးစီးသောကျောင်းတစ်ကျောင်း ပြီးစီးပါကြောင်း၊ အဆိုပါကျောင်းများအားလုံးကို ၂၀၁၉–၂၀၂၀ဘဏ္ဍာနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ကြီးကြပ်ဆောင်ရွက်နေပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ အကြံပြုသကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သွားလာရေးခက်ခဲသည့်ဒေသ၊ မြေနေရာရရှိရေးခက်ခဲသည့်ဒေသများတွင် လုပ်ငန်းများ အောင်မြင်ပြီးစီးအောင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တောင်းခံထားသည့် ဖြည့်စွက်တောင်းခံငွေကို ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

## သိန္နီ - ကွမ်းလုံ - ချင်းရွှေဟော်လမ်းပေါ်ရှိ အရှည် ၂၈၆ မီတာ ကွမ်းလုံတံတားသစ်အား China Grant Aid ဖြင့် တည်ဆောက်သွားမည်

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက သိန္နီ – ကွမ်းလုံ – ချင်းရွှေဟော်လမ်းပေါ်ရှိ အရှည် ၂၈၆ မီတာ ကွမ်းလုံတံတားသစ်အား China Grant Aid ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်/ထွက်သွားလာနိုင်ရေးအတွက် လိုင်စင်ရရှိနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကွမ်းလုံတံတားသစ်တည်ဆောက်ခြင်းလုပ်ငန်းအား အမြန်ဆုံးစတင်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ခွင့်ပြုချက်ရရှိပါက အကြိမ်ကြိမ်ပြည် ဝင်/ထွက်ခွင့်ဗီဇာရရှိရန် ဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများ၊ အခြားဆက်စပ်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေးနှင့် မြေယာလျော်ကြေးများ ပေးချေခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သုံးသပ်အကြံပြုချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးတင်ပြချက်များအတိုင်း ဖြည့်စွက်တောင်းခံငွေများကို အလေအလွင့်မရှိစေဘဲ သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွက် အကျိုးရှိစွာ သုံးစွဲနိုင်ရေး၊ တင်ဒါလုပ်ငန်းစဉ်များ နှောင့်နှေးမှုမရှိစေဘဲ သတ်မှတ်ညွှန်ကြားချက်များအတိုင်း အချိန်မီဆောင်ရွက်ရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ ဘဏ္ဍာရေးစည်းကမ်းနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရေးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် အလေးထားလိုက်နာ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ မူဝါဒနှင့်အညီ ဖွံ့ဖြိုးမှုစီမံကိန်းများအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုအကူအညီပေးအပ်သည့်အဖွဲ့အစည်း၊ နိုင်ငံများအကြား ညှိနှိုင်းဆွေးနွေး၍ အကူအညီများ၊ သက်သာသောချေးငွေများကို ရယူကြပါကြောင်း၊ စီမံကိန်းများအလိုက်ရေးဆွဲ၍ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ရငွေ သုံးငွေများကို ထည့်သွင်းလျာထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်သည့် စီမံကိန်းများ၏ အစပိုင်းနှစ်များတွင် တင်ဒါခေါ်ယူခြင်း၊ အကြံပေးငှားရမ်းခြင်းများကြောင့် ချေးငွေထုတ်ယူမှု ကြန့်ကြာတတ်ကြပြီး နောက်ပိုင်းတွင် ချေးငွေထုတ်ယူမှု အားကောင်းလာသည်ကို တွေ့ရပါကြောင်း။

ချေးငွေထုတ်ယူမှု ကြန့်ကြာခြင်းကို ရှောင်ရှားနိုင်ရန် သက်ဆိုင်ရာဌာနများတွင် စီမံကိန်းစီမံခန့်ခွဲသည့်အဖွဲ့ (Project Management Unit)၊ စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှုအခြေအနေအား စောင့်ကြည့်အကဲဖြတ်ကြပ်မတ်ရေးအဖွဲ့ (Monitoring and Evaluation Unit)တို့အား ဖွဲ့စည်းခြင်းနှင့် စံသတ်မှတ်သည့် လုပ်ထုံးလုပ်နည်း (Standard Operation Procedure) များ ရေးဆွဲထားရမည်ဖြစ်ပါကြောင်း၊ ယင်းတို့ကို နည်းဥပဒေဆောင်ရွက်ပြီး စာချုပ်ချုပ်ဆိုပြီးသည့် ပြည်ပချေးငွေ၊ ပြည်ပအကူအညီပေးမည့်နိုင်ငံ၊ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း အချိန်ဇယားပြုစုပြီး အချိန်ဇယားနှင့်အညီ အမှန်တကယ်သုံးစွဲမည့်နှစ်အတွင်း အကောင်အထည်ဖော်နိုင်မည့်ပမာဏကိုသာ ခန့်မှန်းလျာထားကြမည်ဆိုပါက ချေးငွေများကို ပြန်လည်အပ်နှံခြင်း လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအားလုံးသည် နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ရငွေအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရပါကြောင်း၊ အခွန်အခအပါအဝင် အသုံးစရိတ်အားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရပါကြောင်း၊ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး နှစ်ချုပ်စာရင်းရေးဆွဲ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးပြီးချိန်တွင် အမြတ်ပိုမိုရရှိလာပါက ထပ်မံပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများကို မီရာဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ်အဖြစ် လျာထားပြီး ထပ်မံတောင်းခံပေးသွင်းရပါကြောင်း၊ အဆိုပါ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ အနေဖြင့် ကြည့်မည်ဆိုပါက အသုံးစရိတ်ဖြစ်ပြီး သက်ဆိုင်ရာဌာနတွင်



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း



ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး

နိုင်ငံတော်၏ ရငွေအဖြစ် စာရင်းတင်မည်ဖြစ်သောကြောင့် ဘတ်ဂျက်လိုငွေအပေါ် သက်ရောက်မှုမရှိပါကြောင်း။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးသပ်အကြံပြုဆွေးနွေးချက်များအပေါ် အထူးအလေးထား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းကိစ္စတို့အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနကိုယ်စား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အဆိုပါဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်း၍ ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၏ သဘောထားမေးမြန်းပြီး လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကိုအတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအာမခံကော်ပိုရေးရှင်း တည်ထောင်ရန် ADB ထံမှ အမေရိကန်ဒေါ်လာ သန်း ၆၀ ချေးငွေရယူရေး လွှတ်တော်က သဘောတူအတည်ပြု

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအာမခံကော်ပိုရေးရှင်းတည်ထောင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ထံမှ အမေရိကန်ဒေါ်လာ သန်း ၆၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါချေးငွေ ရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာစီမံကိန်းနှင့် ကိုဗစ်–၁၉ ကဲ့သို့သော ကမ္ဘာ့ကူးစက်မြန်ရောဂါများ ဖြစ်ပွားလာပါက ကုသရေးဝန်ဆောင်မှုများ အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ သန်း ၃၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စီမံကိန်းကာလသည် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ နှစ်နှစ်နှင့် သုံးလ ဖြစ်ပါကြောင်း၊ ငွေကြေးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၃၀ ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလအတွင်းတွင် တစ်နှစ်လျှင် တစ်ရာခိုင်နှုန်းဖြစ်ပြီး ဆိုင်းငံ့ကာလ ပြီးဆုံးပါက ၁ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ချေးငွေသက်တမ်းမှာ ၃၂ နှစ်ဖြစ်ပြီး ဆိုင်းငံ့ကာလ ရှစ်နှစ်၊ ပြန်ဆပ်ကာလ ၂၄ နှစ်ဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်အနေဖြင့် နယ်စပ်ဒေသနှင့် ဝေးလံခေါင်ဖျားဒေသများ၊ အချက်အချာကျသောနေရာများရှိ ပြည်သူ့ဆေးရုံများ၌ ကိုဗစ်–၁၉ ကဲ့သို့သော ကူးစက်မြန်ရောဂါများအတွက် ကြိုတင်ပြင်ဆင်မှု၊ ကုသရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှု အဆင့်မြှင့်တင်ရန်နှင့် နယ်စပ်ဒေသများ အချက်အချာကျသောဒေသများ၌ ပြည်သူ့ဆေးရုံများ၏ အရည်အသွေးနှင့် ကျန်းမာရေးစောင့်ရှောက်လွှမ်းခြုံမှုတိုးတက်လာခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ အမေရိကန်ဒေါ်လာ သန်း ၃၀ အား ချေးယူခွင့်ပြုပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်မည့် မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ စီမံကိန်းအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ကိုဗစ်–၁၉ ကဲ့သို့သော ကမ္ဘာ့ကူးစက်မြန်ရောဂါများဖြစ်ပွားလာပါက ခက်ခဲဒေသနှင့် နယ်စပ်ဒေသရှိ ဆေးရုံများတွင် အရည်အသွေးပြည့်ဝသော ကုသရေးဝန်ဆောင်မှုများ အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ထံမှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၃၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းချေးငွေကိစ္စအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား တည်ဆောက်ရေး စီမံကိန်းတိုးချဲ့ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ(EDCF)ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၀ ချေးငွေရယူရေး ဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းတိုးချဲ့ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ(EDCF)ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်နှင့် ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေးတို့က ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်း စီမံကိန်းဆောင်ရွက်ရန်အတွက် ဩစတြီးယားနိုင်ငံ၊ Unicredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရို ၃၃ သန်း ရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင်က ယခုစီမံကိန်းကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှု၍ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ရေတို၊ ရေရှည် အစီအမံများ ရေးဆွဲထားရှိရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး၊ ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့် အညီဖြစ်စေရေး၊ ချေးငွေများ အလေအလွင့်မရှိစေရေးအတွက် အသေးစိတ်စီမံချက်များနှင့် စနစ်တကျဆောင်ရွက်သွားမှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးလွင်မောင်စိုး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်နှင့် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမျိုးမင်းအောင်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မေ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး ပညာရေးနှင့် ဘဏ္ဍာရေး ဒုတိယမြောက်ဝန်ကြီးအား Video Conferencing ဖြင့် တွေ့ဆုံ



**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး ပညာရေးနှင့် ဘဏ္ဍာရေး ဒုတိယမြောက်ဝန်ကြီး Ms. Indranee Rajah အား နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ ကိုဗစ်-၁၉ ကာလ စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှု၊ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးပို့ကုန်များ စင်ကာပူသို့ တင်ပို့နိုင်ရေး၊ အရည်အသွေးပြည့်ဝသည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဆိုင်ရာကိစ္စ၊ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ပံ့ပိုးကူညီပေးမည့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဆန်ပြည်ပတင်ပို့သည့် ကုမ္ပဏီများမှ အရန်ဆန်ပေးသွင်းခြင်း၊ လက်ခံခြင်းနှင့် သိုလှောင်ထားရှိခြင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၇**

ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဆန်ပြည်ပတင်ပို့သည့် ကုမ္ပဏီများမှ အရန်ဆန်ပေးသွင်းခြင်း၊ လက်ခံခြင်းနှင့်သိုလှောင်ထားရှိခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချရာတွင် နိုင်ငံတစ်နိုင်ငံတည်းကို ရောင်းချခြင်းမျိုး မဖြစ်စေဘဲ ဈေးကွက်သစ်များရရှိရေး စီမံဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။



**အလေးထားဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ အခြေအနေကြောင့် မြန်မာနိုင်ငံတွင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအပြင် ပြည်တွင်းကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန်စပါးသည် မြန်မာနိုင်ငံရဲ့ အဓိကစားသုံးသီးနှံဖြစ်သည့်အပြင် လယ်ယာထွက်ကုန် ပြည်ပတင်ပို့မှုမြှင့်တင်ရေးတွင်လည်း အလေးထားဆောင်ရွက်ရမည့် လယ်ယာထွက်ကုန်ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်မီသော ဆန်စပါးများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မကြာမီကျရောက်တော့မည့် စိုက်ပျိုးရာသီတွင် ဆန်စပါးအပါအဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ဈေးကွက်သစ်များရရှိရေး**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကိုလည်း မထိခိုက်စေဘဲ စီးပွားရေးလုပ်ငန်းများကို တတ်နိုင်သမျှ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ကုန်သွယ်မှုလမ်းကြောင်းများ ဖွင့်လှစ်ထားပါက ကုန်သွယ်မှုနှင့်ပတ်သက်သည့် အကန့်အသတ်များကို မည်သို့ဖြေရှင်းဆောင်ရွက်မည်ကို စဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်းနှင့် Post COVID-19 ကာလများတွင်လည်း မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များရောင်းချရာတွင် နိုင်ငံတစ်နိုင်ငံတည်းကို ရောင်းချခြင်းမျိုးမဖြစ်စေဘဲ ဈေးကွက်သစ်များ ရရှိရေးစီမံဆောင်ရွက်ရန်လိုပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဆန်ပြည်ပတင်ပို့သည့် ကုမ္ပဏီများက အရန် ဆန်ပေးသွင်းခြင်း၊ လက်ခံခြင်းနှင့် သိုလှောင်ထားရှိခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြား သည်။

**ဆန်လုံလောက်မှုရှိ**

ထို့နောက် တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကာလအတွင်း အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အရေးပေါ်ရိက္ခာဆန် ဝယ်ယူထားရှိမှုအခြေအနေ၊ ပြည်ပဆန်တင်ပို့မှုမှ ၁၀ ရာခိုင်နှုန်းကို အရေးပေါ်ရိက္ခာပေးသွင်းမှုအခြေအနေ၊ အရေးပေါ်ရိက္ခာဆန် ဆက်လက်ဝယ်ယူမှုအခြေအနေ၊ အရေးပေါ်ရိက္ခာဆန်ဝယ်ယူမှုကြောင့် တောင်သူများအတွက် အကျိုးရှိပြီး နိုင်ငံတော်အတွက်လည်း အကျိုးရှိမှုအခြေအနေများသာမက ပြည်တွင်း၌ လက်ရှိကာလတွင် ဆန်လုံလောက်မှုရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် ပြည်ပသို့ ဆန်တင်ပို့သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို တို့ကမ္ဘာမြေရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီထိန်းသိမ်းကြစို့ ဆောင်ပုဒ်ဖြင့် ကျင်းပမည်

**နေပြည်တော် မေ ၂၇**

၂၀၂၀ ပြည့်နှစ် ဇွန် ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု(National Clean and Green School Award) ချီးမြှင့်ခြင်းအစီအစဉ်နှင့်အတူ Digital Campaign တစ်ရပ်အား တို့ကမ္ဘာမြေရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီထိန်းသိမ်းကြစို့ ဆောင်ပုဒ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကျင်းပသွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

အဆိုပါအစီအစဉ်တွင် သစ်ပင်စိုက်ပျိုးခြင်း၊ FM Radio လိုင်းမှတစ်ဆင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးအစီအစဉ်၊ WED 2020 Quiz (Facebook Live)ထုတ်လွှင့်ပြသခြင်းနှင့် ဆုချီးမြှင့်ခြင်းအစီအစဉ်တို့ကို ကျင်းပသွားမည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်နိုင်ပါရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website ဖြစ်သော www.ecd.gov.mm နှင့် facebook page (Environmental Conservation Department-ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## တောင်သူလယ်သမားများသို့ အကြံပြုနှိုးဆော်ချက်

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ခန့်မှန်းချက်များအရ ယခုနှစ်တွင် မုတ်သုံလေဝင်ရောက်မှု နောက်ကျပြီး မိုးရွာသွန်းမှုလျော့နည်းနိုင်သည့်အတွက် စိုက်ပျိုးရေ ရရှိမှုနည်းပါးနိုင်ကြောင်း သိရှိရပါသည်။ သို့ပါ၍ ရာသီဥတု ပြောင်းလဲမှုအခြေအနေများပေါ်မူတည်၍ တုံ့ပြန်ဆောင်ရွက်နိုင်မည့် အောက်ပါနည်းလမ်းများကို ဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်အပ်ပါသည်။

၁။ ရေလိုအပ်ချက်နည်း၍ ဒေသနှင့်ကိုက်ညီသည့် ဈေးကွက်ဝင် သက်တမ်းတိုစပါးမျိုးများနှင့် ရေငတ်ဒဏ်ခံစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးကြရန် ဖြစ်ပါသည်။

၂။ အောက်ပါရေလိုအပ်ချက်လျော့နည်းသည့် စိုက်ပျိုးရေးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးကြရန် ဖြစ်ပါသည်။
- (က) ပျိုးသက်နုကောက်ကွက်ကြဲ(SRI)စနစ်၊
- (ခ) တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ်(အခြောက်/အစို)၊
- (ဂ) Drum Seeder ဖြင့် စိုက်ပျိုးခြင်းစနစ်၊
- (ဃ) ကြဲခင်းစနစ်၊

၃။ လုပ်သားအင်အားရရှိနိုင်မှုပေါ်မူတည်၍ -
- (က) လုပ်သားအင်အားရရှိနိုင်ပါက ပျိုးသက်နုကောက်ကွက်ကြဲ(SRI) စနစ်ကို အသုံးပြုရန်၊
- (ခ) လုပ်သားအင်အား အကန့်အသတ်ရှိပါက တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ် (အခြောက်/အစို)၊ Drum Seeder ဖြင့် စိုက်ပျိုးခြင်းစနစ်နှင့် ကြဲခင်းစနစ်များကို အသုံးပြုစိုက်ပျိုးရန်၊

၄။ လယ်ယာလုပ်ငန်းခွင်နှင့်ပတ်သက်၍ အခက်အခဲများ ကြုံတွေ့ပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ စက်မှုလယ်ယာဦးစီးဌာနရုံးများနှင့် ရုံးချုပ်(ဖုန်း-၀၆၇-၃၄၁၀၅၂၆)သို့ ဆက်သွယ် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်း စိတ်ဖိစီးမှုများခံစားနေကြရတယ်ဆိုသည့်အချက်ကို သတိပြုမိလျှင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်သည် လူတစ်ဦးနှင့် တစ်ဦးကြား အမုန်းတရားပွားများမှုကို လျော့နည်းစေပါသည်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနှင့် စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရှိပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့်အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

# သိမှတ်ဖွယ်ရာ ဗြိတိန်အလယ်တန်းပညာ

သူဇာမြင့်

ဗြိတိန်နိုင်ငံ၏ ပညာရေးစနစ်တွင် ရှေးဦးအရွယ် ကလေးသူငယ် ပညာရေး၊ မူလတန်း ပညာရေး၊ အလယ်တန်းပညာရေး (အငယ်တန်းအဆင့်နှင့် အကြီးတန်းအဆင့်)၊ သက်ကြီးပညာရေးနှင့် အဆင့်မြင့်ပညာရေးဟူ၍ ငါးပိုင်း ပိုင်းခြားထားပါသည်။ ကျောင်းများအား ယင်းအပိုင်းအခြားအလိုက် သီးသန့်စီထားရှိပြီး ကျောင်းအဆင့်အလိုက် သက်ဆိုင်သည့်အတန်းများသာ သင်ကြားပို့ချပေးလျက်ရှိပါသည်။ မူလတန်းပညာရေးမှ အလယ်တန်းပညာရေး (အကြီးတန်းအဆင့်)အထိ အခမဲ့ပညာရေးစနစ် ချမှတ်ထားပြီး အောက်တွင် ဖော်ပြထားသည့်အတိုင်း အတန်းအုပ်စုနှင့် အဆင့်ခွဲများကို ပညာရေး အဆင့်လိုက် ထပ်မံခွဲခြားထားပါသည်-

| စဉ် | အဆင့် | အဆင့်ခွဲ | အတန်းအုပ်စု |
|---|---|---|---|
| ၁။ | မူလတန်း | Key Stage1 | Year 1၊ 2၊ 3 |
| ၂။ | မူလတန်း | Key Stage2 | Year 4၊ 5၊ 6 |
| ၃။ | အလယ်တန်း (အငယ်တန်းအဆင့်) | Key Stage 3 | Year 7၊ 8၊9 |
| ၄။ | အလယ်တန်း (အငယ်တန်းအဆင့်) | Key Stage 4 | Year 10၊ 11 |
| ၅။ | အလယ်တန်း (အကြီးတန်းအဆင့်) | Key Stage 5 | Year 12၊ 13 |

အလယ်တန်းပညာရေး (အငယ်တန်းအဆင့်) တွင် Key Stage (3) ပြီးမြောက်သည့် Year 9 နှင့် Key Stage (4) ပြီးမြောက်သည့် Year 11တို့၌ အစိုးရစစ်စာမေးပွဲများဖြစ်သော Standard Assessment Tests (SATs) အား ဖြေဆိုရပြီး Year 11 ၌ ဖြေဆိုရသည့်စာမေးပွဲအား General Certificate of Secondary Education (GCSE) ဟု ခေါ်ဆိုပါသည်။ အစိုးရ၏ အထောက်အပံ့နှင့် ရပ်တည်နေသည့်ကျောင်းများသို့ တက်ရောက်လိုသော ကျောင်းသားများမှာ မိမိတို့နေထိုင်ရာဒေသအတွင်းရှိ ကျောင်းများတွင်သာ တက်ရောက်ရန်လျှောက်ထားနိုင်သည့်အလျောက် ဂုဏ်သတင်းကောင်းသည့်ကျောင်းများသို့ တက်ရောက်နိုင်ရေးအတွက် ငွေကြေးတတ်နိုင်သော ကျောင်းသားမိဘများက ယင်းကျောင်းများရှိရာ နေရာများသို့ ပြောင်းရွှေ့နေထိုင်လေ့ရှိပါသည်။ ကျောင်းသားများ ကျောင်းအသွားအပြန် အခက်အခဲမရှိစေရန် အစိုးရက အများပြည်သူသယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များအား နေ့စဉ်အခမဲ့ စီးခွင့်ပြုပြီး မီးရထားစီးရာ၌မူ အခကြေးငွေ အနည်းငယ်ပေး၍ စီးစေသကဲ့သို့ ဆင်းရဲနွမ်းပါးသည့် ကျောင်းသားများအား ကျောင်းမှ နေ့လယ်စာ အခမဲ့ကျွေးသည့် အစီအစဉ်များလည်း ရှိပါသည်။

**စာသင်ကာလအား အပိုင်းခြောက်ပိုင်း ခွဲခြားထား**

ကျောင်းစတင်အပ်နှံသည့်နေ့တွင် မိဘ/ အုပ်ထိန်းသူက သားသမီး၏ ကျန်းမာရေးအခြေအနေနှင့် အထူးပံ့ပိုးမှု လိုအပ်ချက် ရှိ/ မရှိအား လျှောက်လွှာ၌ ဖြည့်စွက်ပေးရပြီး ကျောင်းမှ ကလေးငယ်၏ လိုအပ်ချက်နှင့် ကိုက်ညီမည့် အထူးပံ့ပိုးမှုများ ပြုလုပ်ပေးပါသည်။ အတန်းပညာရေး သင်ကြားစေရာ၌ မိဘ/ အုပ်ထိန်းသူအနေဖြင့် ၎င်း၏သားသမီးကို ကျောင်း၌ သင်ကြားစေနိုင်သကဲ့သို့ မိမိနေအိမ်၌ သင်ကြားနိုင်ရန် ဆောင်ရွက်ခွင့်ရှိပါသည်။ ဤသို့ ပြုလုပ်ရာ၌ မိဘ/ အုပ်ထိန်းသူက မိမိ၏သားသမီး တက်ရောက်နေသည့် ကျောင်းအုပ်ချုပ်သူထံ ၎င်း၏အစီအစဉ်အား တင်ပြ၍ ခွင့်ပြုချက်ရယူနိုင်သကဲ့သို့ မိမိနေထိုင်ရာဒေသရှိ ကောင်စီသို့ဆက်သွယ်အကြောင်းကြားခြင်းဖြင့် ထိုသူတို့ထံမှ ပံ့ပိုးကူညီမှုရရှိရန် ဆောင်ရွက်နိုင်ပါသည်။ ကျောင်းသားအနေဖြင့် နေအိမ်၌သင်ယူရန် သင့်လျော်မှု ရှိ/ မရှိအား ကောင်စီမှလေ့လာစုံစမ်းမှုများ ပြုလုပ်၍ ကျောင်း၌သင်ယူရန် သင့်လျော်သည်ဟု သတ်မှတ်ပါက ယင်းကျောင်းသားအား ကျောင်းတက်ရောက်ရန် အမိန့်ထုတ်ပါသည်။ ဒေသကောင်စီများနှင့် ကျောင်းအုပ်ချုပ်သူများက ၎င်းတို့နှင့်သက်ဆိုင်သည့် ကျောင်း၏ ဖွင့်ရက်၊ ပိတ်ရက်တို့အား ၎င်းတို့ကိုယ်တိုင် သတ်မှတ်ခွင့်ရှိသော်လည်း ဗြိတိန်ပညာရေး အက်ဥပဒေအရ စာသင်နှစ်တစ်နှစ်လျှင် မည်သည့်အကြောင်းပြချက်နှင့်မှ စာသင်ရက် ၁၉၀ ရက်ထက် လျှော့၍ သင်ကြားခွင့် မရှိပါ။ စာသင်နှစ်တစ်ခုအား စက်တင်ဘာလတွင်စ၍ ဇူလိုင်လ၌ ပြီးဆုံးပြီး စာသင်ကာလအား အပိုင်းခြောက်ပိုင်း ခွဲခြားထားပါသည်။ သင်တန်းကာလ တစ်ခုပြီးတိုင်း ရက်သတ္တတစ်ပတ် ကျောင်းပိတ်၍ အီစတာပွဲတော်နှင့် ခရစ္စမတ်ပွဲတော်များ၌ ကျောင်းပိတ်ရက်များမှာ ရက်သတ္တနှစ်ပတ်ရှိပြီး နွေရာသီကျောင်းပိတ်ရက်မှာ ရက်သတ္တ ခြောက်ပတ်ရှိပါသည်။

**အမြင့်ဆုံးသို့ ရောက်ရှိအောင် ပံ့ပိုးပေး**

ဆရာက သင်ခန်းစာများ သင်ကြားပို့ချရာတွင် ပညာရေးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်အညီ ကျောင်းသားများ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ၎င်းတို့၏ အနာဂတ်ဘဝ အခွင့်အလမ်းများ ရရှိရေး၊ တာဝန်ယူမှု၊ တာဝန်ခံတတ်မှုများ ရှိလာစေရေးနှင့် လုပ်ငန်းခွင် အတွေ့အကြုံ ရရှိစေရေးတို့အတွက် အထောက်အကူပြုနိုင်သည့် သင်ရိုးညွှန်းတမ်းများရေးဆွဲ၍ ကျောင်းသင်ရိုး၌ ဖော်ပြထားသည့် သင်ခန်းစာအတိုင်း သင်ကြားပါသည်။ သို့သော် လေ့ကျင့်ခန်းများပေးရာ၌ တန်းခွဲစုအလိုက် ကျောင်းသားများ၏ အရည်အချင်းပေါ်မူတည်၍ ၎င်းတို့နှင့်သင့်လျော်မည့် လေ့ကျင့်ခန်းများသာ ပေးလေ့ရှိသကဲ့သို့ ကျောင်းသားတစ်ဦးချင်းစီ၏ စာမေးပွဲရလဒ်အဆင့် သတ်မှတ်ချက်ကိုလည်း အရည်အချင်းပေါ်မူတည်ပြီး ရလဒ်အဆင့် သတ်မှတ်ပေးရပါသည်။ ထို့ကြောင့် ဘာသာရပ်တစ်ခုချင်းစီတွင် ကျွမ်းကျင်မှုပေါ်မူတည်၍ ကျောင်းသားတစ်ဦး၏ စာမေးပွဲရလဒ်အဆင့် သတ်မှတ်ချက်မှာ ဘာသာစုံတွင် တူညီမှုရှိနိုင်သကဲ့သို့ ကွဲပြားမှုလည်း ရှိနိုင်ပါသည်။ စာမေးပွဲမှတ်တမ်းတွင် ကျောင်းသား၏ရလဒ်အဆင့်အား ဖော်ပြထားခြင်းမရှိဘဲ ၎င်းအတွက် သတ်မှတ်ထားသည့် ရလဒ်အပေါ်အခြေခံ၍ စာမေးပွဲ၌ တစ်ဘာသာချင်းစီ၏ရလဒ်သည် သတ်မှတ်ချက်ထက် နိမ့်သည်၊ မြင့်သည်နှင့် သတ်မှတ်ရလဒ် ရရှိသည် စသည်ဖြင့် မှတ်ချက်ပေးသည့် စနစ်ကိုသာ အသုံးပြုသည့်အတွက် ကျောင်းသားများ၌ အတ္တကြီးမှုနှင့် ဝန်တိုမှုများဖြစ်ပေါ်ခြင်းမှ ကင်းဝေးစေသကဲ့သို့ တစ်ဦးချင်းစီအတွက် ၎င်းရရှိနိုင်သည့် ရလဒ်အဆင့်များကို သတ်မှတ်ပေးထားပြီးဖြစ်သဖြင့် မိမိကိုယ်မိမိသာ ယှဉ်ပြိုင်၍ ကြိုးစားလိုစိတ် ပိုမိုဖြစ်ပေါ်စေပြီး ကျောင်းသားတစ်ဦးချင်းစီ၏ စွမ်းဆောင်နိုင်မှုကို ရောက်ရှိနိုင်သမျှ အမြင့်ဆုံးသို့ ရောက်ရှိအောင် ပံ့ပိုးပေးပါသည်။

**သုံးနှစ်လျှင်တစ်ကြိမ် ဝင်ရောက်စစ်ဆေး**

ပညာသင်နှစ်အလိုက် ဘာသာစုံ၏ သင်ရိုးညွှန်းတမ်းများအား ကျောင်း၏ ဝက်ဘ်ဆိုက်၌ တင်ရပြီး အထူးပညာရပ်သင်ကျောင်းများမှာ ကျောင်းအလိုက် ကြိုက်နှစ်သက်ရာ အကြောင်းအရာ သို့မဟုတ် ဘာသာရပ်အား အစီအစဉ်များ ရေးဆွဲ၍ သင်ကြားခွင့်ရှိပါသည်။ အစိုးရ၏ အထောက်အပံ့ ရယူထားသည့်ကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများအားလုံး သင်ရိုးညွှန်းတမ်း အတိုင်း သင်ကြားခြင်း ရှိ / မရှိနှင့် ကျောင်းသားများနှင့် ဆရာများ အရည်အသွေး ပြည့်ဝမှု ရှိ / မရှိ ကို Office for Standards in Education (Ofsted) မှ သုံးနှစ်လျှင်တစ်ကြိမ် ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်ပါသည်။ ကျောင်းများမှ ၎င်းတို့ကျောင်းအလိုက် အရည်အသွေးတိုးတက်မှုမှတ်တမ်း Self Evaluation Form (SEF) အား ဖြည့်စွက်ရပြီး Ofsted မှ ကျောင်းများ၏ စွမ်းဆောင်နိုင်မှု၊ အကဲဖြတ်ဆုံးဖြတ်ချက် အစီရင်ခံစာများနှင့် ယခင်နှစ်များ၌ စစ်ဆေးစဉ်၌ တွေ့ရှိရသည့် အစီရင်ခံစာများနှင့်အတူ SEF မှတ်တမ်းအား စစ်ဆေးပါသည်။

အငယ်တန်းအဆင့်တွင် ဘာသာရပ် ၁၀ ခုမှ ၁၅ ခု အထိရှိပြီး အဓိကဘာသာရပ်များဖြစ်သည့် အင်္ဂလိပ်စာ၊ သိပ္ပံနှင့် သင်္ချာဘာသာရပ်များမှာ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ် သုံးခုတို့နှင့် ပတ်သက်သည့် အခြေခံအကြောင်းအရာများ သင်ကြားပြီး Year 9 မှ စတင်၍ သီးခြားဘာသာရပ်များအနေဖြင့် သင်ကြားပို့ချပါသည်။ GCSE / Year 11 ၌ ကျောင်းသား၏ အရည်အချင်းပေါ်မူတည်၍ Single Science၊ Double Science နှင့် Triple Science စသည့် အတွဲ သုံးတွဲမှ ၎င်းနှင့်သင့်လျော်မည့် အတွဲအားယူရန် ကျောင်းမှ စီမံခန့်ခွဲပေးပါသည်။ Single Science အတွဲ၌ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ် သုံးခုပေါင်းအား ဘာသာရပ်တစ်ခုအနေဖြင့် သင်ယူရပြီး ယင်းဘာသာရပ်အား သိပ္ပံဘာသာရပ်တွင် အားနည်းသည့် ကျောင်းသားများ သင်ယူကြရပါသည်။ Double Science အတွဲ၌ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်သုံးခုမှ မိမိထူးချွန်သည့် ဘာသာရပ်တစ်ခုအား သီးသန့်ဘာသာရပ်အဖြစ် သင်ယူရပြီး ကျန်ဘာသာရပ် နှစ်ခုအား ပေါင်းစပ်ဘာသာအဖြစ် သင်ယူရပါသည်။ Triple Science အတွဲအား သိပ္ပံပညာရပ်၌ အထူးချွန်ဆုံး ကျောင်းသားများသာ သင်ယူရပြီး ကျောင်းတစ်ကျောင်းစီလျှင် ယင်းအတွဲအား သင်ယူခွင့်ရရှိသည့် ကျောင်းသားများမှာ ၁၅ ဦးမှ ၂၀ အထိသာ ရှိပါသည်။ အဆိုပါ ကျောင်းသားများအနေဖြင့် တက္ကသိုလ်တက်ရောက်ပါက ဆေးပညာဘာသာရပ်အပါအဝင် အခြားသိပ္ပံဘာသာရပ်များအား အထူးပြုဘာသာရပ်အဖြစ် သင်ယူခွင့်ရှိပြီး အခြားကျောင်းသားများနှင့် ယှဉ်ပြိုင်လျှောက်ထားပါက ၎င်းတို့အား ဦးစားပေး၍ စဉ်းစားခြင်းများ ရှိပါသည်။

**Cue Card / Flash Card စနစ်ကို အသုံးပြု**

ဝိဇ္ဇာဘာသာရပ်များ သင်ကြားရာတွင် ဘာသာရပ်နှင့်ပတ်သက်သည့် အကြောင်းအရာများအား မှတ်တမ်းရုပ်ရှင်များ ပြသခြင်း၊ ယင်းဘာသာရပ်နှင့် စပ်လျဉ်းသည့်နေရာများသို့ သွားရောက်လေ့လာခြင်းများ ပြုလုပ်ပါသည်။ ထို့အပြင် သင်ခန်းစာများအား ကျောင်းသားများ မှတ်မိစေရန် Cue Card / Flash Card စနစ်ကို အသုံးပြု၍ လေ့လာစေပါသည်။ နိုင်ငံသားနှင့် လူ့ဘောင်အဖွဲ့အစည်းပညာရပ်အား ပို့ချရာတွင် ဗြိတိန်နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်၊ နိုင်ငံရေးစနစ်နှင့် ပြည်သူများက ၎င်းတို့အစိုးရ၏ အုပ်ချုပ်မှုစနစ်၌ တက်ကြွစွာ ပါဝင်နေမှုများ၊ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှု၊ လူမှုပတ်ဝန်းကျင် သာယာဝပြောရေးအပေါ် စိတ်ဝင်စားမှုနှင့် ယင်းကိစ္စရပ်များတွင် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်လိုမှုများ ရှိလာစေရန်တို့နှင့်ပတ်သက်၍ သင်ကြားပို့ချခြင်းများ ရှိပါသည်။

**စာမေးပွဲမှတ်တမ်းတွင် ကျောင်းသား၏ရလဒ်အဆင့်အား ဖော်ပြထားခြင်းမရှိဘဲ ၎င်းအတွက် သတ်မှတ်ထားသည့် ရလဒ်အပေါ်အခြေခံ၍ စာမေးပွဲ၌ တစ်ဘာသာချင်းစီ၏ရလဒ်သည် သတ်မှတ်ချက်ထက် နိမ့်သည်၊ မြင့်သည်နှင့် သတ်မှတ်ရလဒ်ရရှိသည် စသည်ဖြင့် မှတ်ချက်ပေးသည့်စနစ်ကိုသာ အသုံးပြုသည့်အတွက် ကျောင်းသားများ၌ အတ္တကြီးမှုနှင့် ဝန်တိုမှုများဖြစ်ပေါ်ခြင်းမှ ကင်းဝေးစေသကဲ့သို့ တစ်ဦးချင်းစီအတွက် ၎င်းရရှိနိုင်သည့် ရလဒ်အဆင့်များကို သတ်မှတ်ပေးထားပြီးဖြစ်သဖြင့် မိမိကိုယ်မိမိသာ ယှဉ်ပြိုင်၍ ကြိုးစားလိုစိတ် ပိုမိုဖြစ်ပေါ်စေပြီး ကျောင်းသားတစ်ဦးချင်းစီ၏ စွမ်းဆောင်နိုင်မှုကို ရောက်ရှိနိုင်သမျှ အမြင့်ဆုံးသို့ ရောက်ရှိအောင် ပံ့ပိုးပေး။**

Year 7 မှ Year 8 အထိ မသင်မနေရ ဘာသာရပ်များဖြစ်၍ အခြေခံဘာသာရပ်များမှာ စာသင်နှစ်ဝက်အလိုက် ခွဲခြားသင်ယူရပါသည်။ Year 9၊ Year 10၊ Year 11 တို့၌ အဓိကဘာသာရပ်၊ အခြေခံဘာသာရပ်နှင့် ရွေးချယ်သင်ယူရသည့် ဘာသာရပ်ဟူ၍ သုံးမျိုး ခွဲခြားသင်ယူရပါသည်။ အခြေခံဘာသာရပ်တွင် ဘာသာရပ် သုံးခုမှ နှစ်ခုနှင့် ရွေးချယ်သင်ယူရသည့် ဘာသာရပ်များမှ တစ်ခု သို့မဟုတ် နှစ်ခုတို့အား ကျောင်းသားများ၏ ဝါသနာပေါ်မူတည်၍ နှစ်သက်ရာ ရွေးချယ်သင်ယူခွင့်ရှိပါသည်။

ဗြိတိန်အလယ်တန်းကျောင်းများ၌ ပို့ချသည့် သင်္ချာဘာသာရပ်၌ Mathematics (Calculator) နှင့် Mathematics (Non–Calculator) ဟူ၍ နှစ်မျိုးရှိပြီး ကျောင်းသားများ စာမေးပွဲဖြေဆိုရာတွင်လည်း မေးခွန်းလွှာ နှစ်ခုဖြင့် သီးခြားစီ ဖြေဆိုရပါသည်။ ထပ်မံ၍ ယင်းဘာသာရပ်များတွင် အခြေခံနှင့် အဆင့်မြင့်ဟူ၍ နှစ်မျိုး ခွဲခြားထားပြီး ကျောင်းသားအားလုံးအတွက် အခြေခံဘာသာရပ်မှာ မသင်မနေရ ဘာသာရပ်ဖြစ်ပါသည်။ ဘာသာရပ်အပေါ် ကျောင်းသား၏ နားလည်ကျွမ်းကျင်မှု၊ ထူးချွန်ထက်မြက်မှုနှင့်အတူ ခက်ခဲနက်နဲသည့် သင်္ချာဘာသာရပ်အား သင်ယူနိုင်စွမ်းရှိသည်ဟု ဆရာက သတ်မှတ်ခြင်းခံရသော ကျောင်းသားများမှာ အဆင့်မြင့်ဘာသာရပ်အား ပြောင်းရွှေ့သင်ယူခွင့်ရှိပါသည်။ Year 7 မှ Year 8 အထိ ကျောင်းသားများကို ဓာတုဗေဒ၊

တီထွင်ဖန်တီးမှုဘာသာရပ်များသည် လက်တွေ့အသုံးချနိုင်သည့် ပညာရပ်များ ဖြစ်သည့်အလျောက် ဗြိတိန်ကျောင်းများ၌ ယင်းဘာသာရပ်တို့အား အလေးထားသင်ကြားပေးပြီး ပို့ချသည့်ဘာသာရပ်များမှာ ဒီဇိုင်းနှင့်အနုပညာဘာသာရပ်၊ ကွန်ပျူတာဘာသာရပ်၊ အစားအသောက်နှင့် အာဟာရဘာသာရပ်၊ တေးဂီတပညာ၊ အကပညာ၊ ပြဇာတ်ပညာနှင့် ရုပ်ရှင်ပညာတို့ ဖြစ်ပါသည်။ သင်ကြားပို့ချရာတွင် သင်ထောက်ကူပစ္စည်းများ သုံးစွဲမှုမှအစ အထူးပံ့ပိုးမှု လိုအပ်သည့်ကျောင်းသားများ အသုံးပြုနိုင်မည့် ပစ္စည်းများထားရှိပါသည်။ နွေရာသီကျောင်းပိတ်ရက်များ၌ Year 9 နှင့် Year 10 ကျောင်းသားများအား အလုပ်သင်များအဖြစ် ဝင်ရောက်လုပ်ကိုင်စေခြင်းဖြင့် လုပ်ငန်းခွင် အတွေ့အကြုံရရှိစေရန် ပံ့ပိုးမှုများ ပြုလုပ်ပါသည်။ ထို့အပြင် အတန်းများသင်ယူပြီးမြောက်၍ အဆင့်မြင့်ပညာ ဆက်လက်မသင်ယူနိုင်ဘဲ အလုပ်ခွင်သို့ ဝင်ရောက်လိုသူ လူငယ်များ အလုပ်အကိုင်အလွယ်တကူရရှိရန် လူတွေ့ဖြေဆိုပုံနှင့် လုပ်ငန်းခွင်၌ လိုက်နာရမည့် အခြေခံစည်းမျဉ်းများအား သင်ကြားပေးသည့်အတွက် အလုပ်အကိုင်ရရှိရေးကို အထောက်အကူဖြစ်စေသဖြင့် ကျောင်းသားများ၏ အနာဂတ်ဘဝအတွက် အာမခံချက်ပေးရာ ရောက်ပါသည်။

စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

### စာမေးပွဲ ငါးကြိမ်မှ ၁၀ ကြိမ်အထိ ဖြေဆိုရ

သားသမီးများ ပညာသင်ကြားရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ မိဘ/အုပ်ထိန်းသူများက မိမိသားသမီးပါဝင်သည့် ကျောင်းသားအုပ်စုအဖွဲ့ကို ကြီးကြပ်သည့် ဆရာ/ဆရာမနှင့်လည်းကောင်း၊ ကျောင်းအုပ်ချုပ်သူနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးနိုင်ပါသည်။ ကျောင်းများမှလည်း မိဘ၊ ဆရာတွေ့ဆုံဆွေးနွေးပွဲကို နှစ်စဉ် သုံးလ တစ်ကြိမ်အနည်းဆုံးပြုလုပ်၍ ကျောင်းသားများ၏ စာမေးပွဲရလဒ်များနှင့်အတူ ၎င်းတို့၏ပညာရေးအခြေအနေကို မိဘများသိရှိရန် ဘာသာရပ်အလိုက် သင်ကြားသည့် ဆရာများနှင့်သာမက အုပ်ချုပ်သူ ဆရာ/ ဆရာမနှင့် တွေ့ဆုံဆွေးနွေး၍ GCSEအတန်း၌ စာမေးပွဲ ကောင်းမွန်စွာအောင်မြင်နိုင်ရေး ဦးတည်ချက်ထားပြီး ဆွေးနွေးရပါသည်။ GCSE စာမေးပွဲအား နှစ်စဉ် မေလမှ ဇွန်လအထိကျင်းပပြီး ကျောင်းသားများက ၎င်းတို့နှင့်သက်ဆိုင်သည့် ဘာသာရပ်များ ဖြေဆိုရမည့်နေ့များ၌ ဝင်ရောက်ဖြေဆိုရပါသည်။ ယင်းစာမေးပွဲကြီး ဖြေဆိုနိုင်ရန်အတွက် ကျောင်းသားများက သင်တန်းကာလအပိုင်း ခြောက်ပိုင်းတွင် စာမေးပွဲ ငါးကြိမ်မှ ၁၀ ကြိမ်အထိ ဖြေဆိုရပါသည်။ ဖြေဆိုရသည့် ဘာသာရပ်အများစုမှာ ရေးဖြေရလဒ်အပေါ်တွင်သာ အခြေခံပြီး ဒီဇိုင်းနှင့် အနုပညာဘာသာရပ်များတွင်မူ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်ချက်များအပေါ် အခြေခံ၍ စာမေးပွဲ အနည်းငယ်သာရှိပါသည်။ စာမေးပွဲရလဒ်များအား ဖော်ပြရာ၌ ၂၀၁၆ ခုနှစ်မှစတင်၍ ကိန်းဂဏန်းများ (အမြင့်ဆုံးရလဒ် 9 မှ အနိမ့်ဆုံးရလဒ် 1) ဖြင့် ဖော်ပြပါသည်။

GCSEအတန်း/ Year 11 ပြီးမြောက်သည့် ကျောင်းသားအချို့ အထူးပြုသင်ယူသည့် ဘာသာရပ်များမှာ အငယ်တန်းအဆင့် တက်ရောက်ခဲ့သည့် ကျောင်း၌ပင်ရှိသောကြောင့် အကြီးတန်းအဆင့်ပညာရေး/ A–Level အား ယင်းကျောင်း၌ ဆက်လက်သင်ကြားနိုင်သော်လည်း အချို့ကျောင်းများ၌ သင်ကြားခြင်းမရှိသည့်အတွက် ကျောင်းသားအချို့မှာ ကောလိပ် သို့မဟုတ် ယင်းဘာသာရပ်များ သင်ကြားရာကျောင်းသို့ ပြောင်းရွှေ့သင်ယူရပါသည်။ A–Level အတန်းများတွင် ဘာသာရပ်ပေါင်း ၈၀ ရှိသည့်အနက် ကျောင်းသားက မိမိကြိုက်နှစ်သက်ရာ ဘာသာရပ်များအား ရွေးချယ်သင်ယူနိုင်ပါသည်။ ဗြိတိန်နိုင်ငံ၏ အကျော်အမော်တက္ကသိုလ် ၂၄ ခုအား ကိုယ်စားပြုသည့် Russell Group မှ ၎င်းတို့ကျောင်းများတွင် ဘွဲ့ရယူသင်ကြားနိုင်သည့် ဘာသာရပ်များအတွက် လိုအပ်သည့် အထောက်အကူပြုဘာသာရပ်များအား ထုတ်ပြန်ထားပြီး အဆိုပါကျောင်းများတွင် တက်ရောက်ပညာသင်ကြားခွင့်ရရှိရန်အတွက် A–Level အဆင့်စာမေးပွဲ၌ အင်္ဂလိပ်စာ၊ သမိုင်း၊ ခေတ်သစ်ဘာသာစကား၊ ခေတ်ဟောင်းဘာသာစကား၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ပထဝီဝင်ဘာသာရပ်တို့မှ အနည်းဆုံး နှစ်ဘာသာ၊ အများဆုံး သုံးဘာသာအား အထူးပြုဘာသာအဖြစ် သင်ယူရပါသည်။ A–level စာမေးပွဲအား နှစ်စဉ်မေလမှ ဇွန်လအထိ ကျင်းပ၍ GCSE စာမေးပွဲကဲ့သို့ပင် ရေးဖြေစာမေးပွဲရလဒ်အပေါ်၌သာ အခြေခံပြီး အောင်စာရင်းများအား ဩဂုတ်လ၌ ထုတ်ပြန်ကြေညာလေ့ရှိပါသည်။

### လှုပ်ရှားမှုအချို့အား စီးပွားရေးလုပ်ငန်းရှင်များက ထောက်ပံ့

ကျောင်းများ၏ သင်ကြားပို့ချမှု အောင်မြင်ခြင်းနှင့် ကျောင်းသားများ စာမေးပွဲ၌ ရလဒ်ကောင်းများ ရရှိခြင်းသည် သင်ရိုးပြင်ပလှုပ်ရှားမှုတို့နှင့် များစွာပတ်သက်ဆက်နွှယ်မှုရှိသည့်အလျောက် ဗြိတိန်အလယ်တန်းကျောင်းများ၌ သင်ရိုးပြင်ပလှုပ်ရှားမှုများကို အားလပ်ချိန်နှင့် ကျောင်းဆင်းချိန်များ၌ ပြုလုပ်ကြပြီး ကျောင်းပိတ်ရက်များနှင့် ကျောင်းအားလပ်ရက်များတွင် ပြုလုပ်သည့် လှုပ်ရှားမှုအချို့အား စီးပွားရေးလုပ်ငန်းရှင်များက ထောက်ပံ့မှုများ ပြုလုပ်ပါသည်။ ယင်းကဏ္ဍ၌ အများဆုံးလှုပ်ရှားမှုမှာ အားကစားနှင့် ကိုယ်ကာယလှုပ်ရှားမှုဖြစ်ပြီး အနုပညာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းနှင့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့သည် ဒုတိယ၊ တတိယနှင့် စတုတ္ထအများဆုံး လှုပ်ရှားမှုတို့ဖြစ်ပါသည်။ အဆိုပါ လှုပ်ရှားမှုများ၏ ၁၉ ရာခိုင်နှုန်းမှာ အခမဲ့ဖြစ်၍ ၄၇ ရာခိုင်နှုန်းမှာ မိဘ/အုပ်ထိန်းသူများက ကျခံရသကဲ့သို့ ၃၄ ရာခိုင်နှုန်းမှာ ကျောင်း သို့မဟုတ် ဒေသဆိုင်ရာကောင်စီများမှ ကျခံရပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကျောင်းသားများ အန္တရာယ်ကင်းဝေးရန်နှင့် ၂၀၁၆ ခုနှစ်နောက်ပိုင်း ဗြိတိန်နိုင်ငံအပါအဝင် အနောက်နိုင်ငံများသို့ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာသောကြောင့် မိမိကိုယ်မိမိ ကာကွယ်နိုင်ရန်အတွက် ဗြိတိန်အစိုးရက အကြမ်းဖက်တိုက်ခိုက်မှု ကြိုတင်ကာကွယ်ရေး လက်တွေ့လေ့ကျင့်မှုများ ပြုလုပ်ရန် ညွှန်ကြားချက်များ ချမှတ်ထားပြီး စာသင်နှစ်တစ်နှစ်အတွင်း အနည်းဆုံးနှစ်ကြိမ်ပြုလုပ်ရပါသည်။ ထို့အပြင် လူမှုကွန်ရက်များမှ ကျောင်းသားများအပေါ် ကျရောက်လာနိုင်သည့် cyber crime များနှင့်ပတ်သက်၍ ဗဟုသုတရှိစေရန်၊ သတင်းအမှားနှင့်အမှန် ခွဲခြားနိုင်ရန်နှင့် ကျိုးကြောင်းဆင်ခြင်ဝေဖန်သုံးသပ်မှုစွမ်းရည် မြင့်မားလာစေရန် ကျောင်းများမှ သင်ကြားပို့ချကြပါသည်။

စည်းကမ်းထိန်းသိမ်းရေးပိုင်း၌ ဗြိတိန်ပညာရေးဥပဒေ ၂၀၀၂ ၏ အခန်း (၁၇၅)နှင့် နောက်ဆက်တွဲ (၁) ၏ အပိုဒ်အမှတ် (၇) တို့အရ အစိုးရ၏ အထောက်အပံ့နှင့် ရပ်တည်နေသည့် ကျောင်းများ၏ အုပ်ချုပ်သူများသည် ကျောင်းသားများ၏ အပြုအမူ၊ အကျင့်စရိုက်၊ စည်းကမ်းလိုက်နာတတ်မှု မြင့်မားလာရေး၊ ကျောင်းသားအချင်းချင်း အနိုင်ကျင့်ဗိုလ်ကျမှုများ ကာကွယ်ဟန့်တားရေးနှင့် ကျောင်းသားတို့အား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ ပြီးစီးအောင်ဆောင်ရွက်ရေးတို့အတွက် ကြပ်မတ်ပေးရပါသည်။ ကျောင်းသားများ ကျောင်းစည်းကမ်းလိုက်နာမှုနှင့် ကြိုးစားအားထုတ်မှု ကောင်းမွန်လာစေရန် ကျောင်းစည်းကမ်းလိုက်နာခြင်း၊ ကြိုးစားအားထုတ်ခြင်းရှိသည့် ကျောင်းသားများအား Positive အမှတ်ပေးပြီး လေ့လာရေးခရီးစဉ်များ၌ ပါဝင်စေခြင်း၊ အခမ်းအနားများသို့ တက်ရောက်စေခြင်း၊ နာမည်ကြီးတက္ကသိုလ်များ၌ ဘာသာရပ်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲများ တက်ရောက်စေခြင်း၊ ယင်းတက္ကသိုလ်များရှိ သိပ္ပံခန်းများ၌ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်စေခြင်း၊ ထိုသို့ဆောင်ရွက်ရမှုများနှင့်ပတ်သက်၍ ကျောင်း၌ ပြန်လည်ဆွေးနွေးစေခြင်းနှင့် ကျောင်းသို့ ဧည့်သည်တော်များ လာရောက်သည့်အခါ တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်စေပါသည်။

### ၁၅ ရက်အတွင်း သက်သေအထောက်အထားဖြင့် တင်ပြရ

လုံလောက်သည့် အကြောင်းပြချက်မပေးနိုင်ဘဲ ကျောင်းတက်ရောက်ရန် ပျက်ကွက်နေသည့် ကျောင်းသားနှင့်ပတ်သက်၍ ဒေသဆိုင်ရာကောင်စီနှင့် ကျောင်းများ၏လုပ်ပိုင်ခွင့်အရ မိဘ/အုပ်ထိန်းသူအား ဆင့်ခေါ်စာပို့ခြင်း၊ ပညာရေးအတွက် ကြီးကြပ်ရေးအမိန့် ထုတ်ပြန်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။ ဆင့်ခေါ်စာပို့ခြင်းခံရသည့် မိဘ/ အုပ်ထိန်းသူအနေဖြင့် ကျောင်း၌ပြုလုပ်သည့် မိဘ/အုပ်ထိန်းသူများနှင့် တွေ့ဆုံဆွေးနွေးပွဲ၌ ၎င်း၏သား၊ သမီး ကျောင်းတက်ရောက်မှုအခြေအနေ ကောင်းမွန်လာရေးအတွက် ဆောင်ရွက်ရန် တွန်းအားပေးခြင်း ခံရပါသည်။ ယင်းအဆင့်၌ ပူးပေါင်းခြင်း မရှိပါက ဒေသဆိုင်ရာကောင်စီထံသို့ လွှဲပြောင်းပေးအပ်မှုများ ပြုလုပ်ပြီး ဒေသဆိုင်ရာကောင်စီမှ Police and Criminal Evidence Act 1984 (PACE) နှင့်အညီ PACE ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဆင့်ခေါ်စာပို့၍ ပူးပေါင်းဆောင်ရွက်ခြင်း မရှိသည့် မိဘ/ အုပ်ထိန်းသူအား ကောင်စီမှ ကျောင်းသား၏ပညာရေး တိုးတက်မြင့်မားရန် စောင့်ရှောက်ပေးနိုင်သူတစ်ဦး ခန့်အပ်ခွင့်ကို တရားရုံးသို့တင်သွင်းပါသည်။ ဤအဆင့်တွင် မိဘ/ အုပ်ထိန်းသူအနေဖြင့် မိမိ၏သားသမီးအား သက်ဆိုင်ရာကျောင်းအသီးသီး၌ တက်ရောက်ရန် လျှောက်ထားခြင်း သို့မဟုတ် မိမိအိမ်၌သင်ကြားရန် ဆောင်ရွက်ထားခြင်းအား ၁၅ ရက်အတွင်း သက်သေအထောက်အထားဖြင့် တင်ပြရပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းမရှိပါက ဒေသဆိုင်ရာကောင်စီမှ မိဘ/ အုပ်ထိန်းသူအား တရားစွဲဆိုခြင်း သို့မဟုတ် စတာလင်ပေါင် ၆၀ ဒဏ်ချပါသည်။ ထိုဒဏ်ငွေအား ၂၁ ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက စတာလင်ပေါင် ၁၂၀ သို့ တိုးမြှင့်ပေးဆောင်ရပါသည်။ ထပ်မံ၍ပေးဆောင်ရန် ၂၈ ရက် ကျော်လွန်ပါက မိမိ၏အုပ်ထိန်းခြင်းခံရသည့် ကလေးအား ကျောင်းတက်ရောက်ရေးဆောင်ရွက်ပေးရန် ပျက်ကွက်သည့်အမှုဖြင့် တရားစွဲဆိုခြင်းခံရမည်ဖြစ်ပြီး ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိပါက အဆိုပါမိဘ/ အုပ်ထိန်းသူအား ဒဏ်ငွေ စတာလင်ပေါင် ၂၅၀၀ ချမှတ်နိုင်သကဲ့သို့ ထောင်ဒဏ်သုံးလ ချမှတ်နိုင်ပါသည်။

ဗြိတိန်အလယ်တန်းကျောင်းများသည် စည်းကမ်းများနှင့် ပတ်သက်၍ ကျောင်းသားများအပေါ် ဆုပေး၊ ဒဏ်ပေးသည့်စနစ်အား တစ်သမတ်တည်း ကျင့်သုံးသည့်အတွက် ကျောင်းသားများ၏ အပြုအမူ၊ အကျင့်စရိုက်များ ကောင်းမွန်လာစေရန် များစွာအထောက်အကူပြုစေပါသည်။ အထူးသဖြင့် အထူးထောက်ပံ့မှုလိုအပ်သည့် ကျောင်းသားများအပေါ် မည်သို့ပြုမူဆက်ဆံရမည်ကို ကျောင်းသားများအားလုံး သိရှိနားလည်ရန် သင်ကြားပြောဆိုခြင်း၊ ကောင်းမွန်သည့် လုပ်ဆောင်ချက်များအတွက် ဆရာ၏ ချီးမွမ်းပြောဆိုမှုနှင့် ဆုလာဘ်များရရှိသကဲ့သို့ စည်းကမ်းချိုးဖောက်ပါက ဆရာမှပေးသည့် အပြစ်ဒဏ်အား ခံရမည်ဟူသည့်အသိစိတ် ကျောင်းသားများ၌ ခိုင်မြဲစွာရှိစေရန် နေ့စဉ် အပြုအမူများမှစ၍ ကြပ်မတ်ဆောင်ရွက်ခြင်း၊ ညံ့ဖျင်းသည့်အပြုအမူ၊ အကျင့်စရိုက်တို့အား အလွန်အကျွံတုံ့ပြန်မှု ပြုလုပ်ခြင်းထက် ကျောင်းမှချမှတ်ထားသည့် အပြုအမူနှင့် အကျင့်စရိုက် ပြုပြင်ရေးမူဝါဒအတိုင်း တစ်ဆင့်ချင်းစီ ဂရုပြုဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများ ၎င်းတို့ကျောင်း၌ ပညာသင်ကြားရသည်ကို လုံခြုံမှုရှိသည်ဟု ခံစားရပြီး ကျောင်း၌ပျော်ရွှင်စေရန် ဆောင်ရွက်ပါသည်။

### လုံခြုံမှုရရှိစေရန် အထောက်အကူ ဖြစ်စေ

နေ့စဉ် နံနက် ကျောင်းအဝင်၌ ကျောင်းသားများ၏ ဝတ်စားဆင်ယင်မှုကို ကြီးကြပ်စစ်ဆေးခြင်းဖြင့် ကျောင်းသားများ ငယ်စဉ်အရွယ်မှစ၍ ဝတ်စားဆင်ယင်မှုတွင် သပ်ရပ်ကောင်းမွန်စွာ ဝတ်ဆင်တတ်သည့် အကျင့်ကောင်းများ ရရှိစေရန်၊ ကျောင်းသို့အချိန်မှန် ရောက်စေခြင်းဖြင့် အချိန်နာရီကို လေးစားတတ်စေရန်နှင့် စည်းစနစ်ကျသူများ ဖြစ်ပေါ်လာစေရန် လေ့ကျင့်ပေးပါသည်။ ယေဘုယျအားဖြင့် ကျောင်းအဝင်၌ ဆရာများက စောင့်ကြည့်စစ်ဆေးမှု ပြုလုပ်ခြင်းသည် ရိုးရှင်းသည့် ဆောင်ရွက်ချက်ဟု ထင်မြင်နိုင်သော်လည်း ကျောင်းသားများ၏ ကျန်းမာရေးနှင့် စိတ်ခံစားချက်တို့အား အခြေခံအားဖြင့် လေ့လာနိုင်သည့်အတွက် မိမိကျောင်းသားများ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း ခံရပါကလည်း အလွယ်တကူ သိရှိနိုင်ပြီး ထိုအခြေအနေကို အချိန်မီ ကာကွယ်တားဆီးနိုင်မည်သာမက ကျောင်း၌၎င်းတို့၏ဘဝ လုံခြုံမှုရရှိစေရန် အထောက်အကူ ဖြစ်စေပါသည်။

ကျောင်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များမှ အောင်မြင်မှုရရှိနေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အခြားကျောင်းများနှင့် အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်ခြင်းကြောင့် မိမိကျောင်း၏ လိုအပ်ချက်အား အခြားကျောင်းများမှ အကြံပေးနိုင်သကဲ့သို့ ပံ့ပိုးခြင်းများ ပြုလုပ်နိုင်ပါသည်။ အထူးသဖြင့် လန်ဒန်မြို့အတွင်းရှိ ကျောင်းများ၌ ထူးချွန်ထက်မြက်သည့် ကျောင်းအုပ်ချုပ်သူများနှင့် ဆရာများ ရှိသကဲ့သို့ မိဘ/ အုပ်ထိန်းသူများကလည်း ၎င်းတို့သားသမီးများ၏ ပညာရေး တိုးတက်လာစေရန် အားပေးခြင်း၊ မိဘ၊ ဆရာတွေ့ဆုံပွဲများသို့ ပုံမှန်တက်ရောက်၍ သားသမီးများ၏ ပညာရေးအခြေအနေကို ဆရာများနှင့် ဆွေးနွေးညှိနှိုင်းမှုများ အစဉ်ပြုလုပ်ကြသဖြင့် အဆိုပါကျောင်းများ၏ GCSE စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းမှာ အခြားဒေသများရှိ ကျောင်းများထက် မြင့်မားလျက်ရှိပါသည်။ ။



## လူငယ့်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းလီမိတက်က လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဖြူး မေ ၂၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ လူငယ့်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းလီမိတက်သည် အသင်းသားတောင်သူများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန် အသင်းပိုင်ထွန်စက် (HL)၊ 90 H.P (၁)စီး၊ 75 H.P (၁)စီး၊ ၂၆ လက်မ (၇)ထယ်သွား၊ ၂၄ လက်မ လင်ဗန်း(၈)ချပ် မြေညှိစက် များဖြင့် မြေယာပြုပြင်ခြင်း၊ တမန်းနှီးခြင်း၊ ကုန်ထုတ် လမ်းများဖောက်ခြင်း၊ ရေသွင်းရေထုတ်မြောင်းများ တူးဖော်ခြင်း၊ တမံကတုတ်ဆည်ဖို့ခြင်းများကို အသင်းပိုင် လယ်ဧက ၄၅၀ တွင် ဆောင်ရွက်လျက်ရှိပြီး ထယ်ထိုးခြင်း လုပ်ငန်းအတွက် တစ်ဧကလျှင် ငွေကျပ် ၁၄၀၀၀ နှုန်း၊ ထွန်ယက်ခြင်းလုပ်ငန်းအတွက် တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ၎င်းပြင် နွေစပါးဧက ၁၀၀ ကို တစ်ဧကလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ရိတ်သိမ်းခြွေလှေ့ဆောင်ရွက်ပြီးဖြစ်သည်။

ထို့ပြင် အသင်းအနေဖြင့် လယ်ဧက ၈၀ မှ ဆင်းသုခ မျိုးစပါးထုတ်လုပ်ရာ မျိုးစပါးတင်း ၄၈၀၀ ထွက်ရှိပြီး အသင်းသားတောင်သူများနှင့် ပြင်ပတောင်သူများထံသို့ မျိုးကောင်းမျိုးသန့်စပါးများအား တစ်တင်းခွဲတစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀ နှုန်းဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၃၀ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် မိမိ၏ ပင်ကိုစွမ်းရည်ကို အသုံးချကာ သူတစ်ပါးအား အကူအညီပေးနိုင်ခဲ့သော ပိုးနံကောင်အကြောင်းကို တင်ဆက်ထားသည့် "သူရဲကောင်း" မျက်နှာဖုံးကာတွန်း၊ အကြောင်းအရာတစ်ခုကို သေသေချာချာမသိဘဲ အမုန်းစကားများမပြောမိစေရန် သတိပြုဆင်ခြင်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "အမုန်းစကားမပြောနဲ့" တစ်မျက်နှာကာတွန်း၊ ပုပုတို့ သူငယ်ချင်းတစ်စု၏ တစ်နေ့တာအတွင်း ကုသိုလ်အမှုတို့ကို ဆောင်ရွက်ကာ အားငယ်သူအား အကူအညီပေးနိုင်ခဲ့ပုံအကြောင်း တင်ဆက်ထားသည့် "ကုသိုလ်




လည်းရ ဝမ်းလည်းဝ" နှစ်မျက်နှာကာတွန်း၊ အသိုက်ဆောက်နေသော စာကလေးငှက်များအပေါ် ကရုဏာသက်ကာ ကူညီပေးခဲ့ပုံအကြောင်း ရေးသားထားသည့် ဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရှိရသည်။

**ကြေးမုံ**

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# တက္ကသိုလ် မြကျွန်းသာမှာ ပညာရည်နို့ သောက်စို့ခဲ့ပါသည် (အပိုင်း-၂)

စန်းနီလာဝင်း

**အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထက် ရန်ကုန်တက္ကသိုလ် ကျောင်းသားအချို့၏ ဘဝပုံရိပ်လွှာများ**

လွန်ခဲ့သည့် ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားကြီးကို ဦးဆောင်ကျင်းပသောအခါ အမိရန်ကုန်တက္ကသိုလ်ကြီး၏ ငွေရတုကာလနှင့် ရွှေရတုခေတ်ဦးကာလတို့၌ ပညာသင်ယူခဲ့ကြသည့် အကြီးအကဲပုဂ္ဂိုလ်အချို့နှင့် တွေ့ဆုံခဲ့ရာ ထိုပုဂ္ဂိုလ်တို့၏ ဘဝပုံရိပ်လွှာများနှင့် အမှတ်တရစကားများကို စာရေးသူပြန်လည်အမှတ်ရနေမိပါသည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ကိုလိုနီပညာရေးစနစ်ဆိုးကို ရိုက်ချိုးနိုင်ခဲ့သော ၁၉၂၀ ပြည့်နှစ် ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်ကြီးနှင့်စပ်လျဉ်း၍ ပင်လုံဦးဖေခင် (ရန်ကုန်တက္ကသိုလ်၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းနေဖက်ဖြစ်ခဲ့သူ သံအမတ်ကြီး-ငြိမ်း) က "ကုန်းဘောင်ခေတ်ရဲ့နောက်ဆုံးဘုရင် သီပေါမင်းလက်ထက်မှာ လွတ်လပ်ရေးဆုံးရှုံးပြီး ကျွန်ဘဝရောက်ခဲ့ရပါတယ်။ ကိုလိုနီကျွန်ဘဝမှာ သူ့ကျွန်မခံလိုကြောင်း ကြိုးကြားကြိုးကြား တွန်းလှန်တိုက်ခိုက်ခဲ့ပေမယ့် တစ်နိုင်ငံလုံးကို စည်းရုံးနိုင်တဲ့ အခြေအနေမရှိသဖြင့် ဘိုးဘွားအမွေအနှစ်ကို ကျွန်တော်တို့ ပြန်လည်ရယူနိုင်စွမ်းမရှိခဲ့ပါဘူး။

၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ်ကျောင်းသားမျိုးချစ်ခေါင်းဆောင်များဟာ အမျိုးသားရေးစိတ်ဓာတ်ဖြင့် တစ်မျိုးသားလုံးအကျိုးအတွက် ကျွန်ပညာရေးစနစ်ကို တွန်းလှန်ခဲ့ကြပါတယ်။ အဲဒီအချိန်က ပညာရေးစနစ်ဟာ ကိုလိုနီအုပ်ချုပ်ရေး ယန္တရားအတွက် မရှိမဖြစ် လိုအပ်တဲ့ အလိုတော်ရိဝန်ထမ်းများ မွေးထုတ်ပေးဖို့အတွက်သာ တက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ သာမန်လူတန်းစား သားသမီးများအနေဖြင့် အနားသို့ မကပ်နိုင်ကြဘူး။

၁၉၂၀ ပြည့်နှစ် တက္ကသိုလ်သပိတ်ကြောင့် မြန်မာတစ်မျိုးသားလုံးနိုးကြားလာကြတယ်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ဓာတိသွေး၊ ဓာတိမာန်၊ မျိုးချစ်စိတ်၊ ပြည်ချစ်စိတ်တို့ ပြန်လည်ရှင်သန် ထက်မြက်တက်ကြွလာခဲ့တယ်။ ကိုလိုနီပညာရေးစနစ်ကို သပိတ်မှောက်ရာမှ အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာခဲ့တယ်။

ကျွန်ဘဝသို့ရောက်ရှိပြီး တစ်လျှောက်လုံးလိုလိုပင် ကျောင်းသားလှုပ်ရှားမှုမရှိခဲ့ဘဲ ငြိမ်သက်ခဲ့ရာမှ ၁၉၂၀ ပြည့်နှစ် သပိတ်ကြီးပေါ်ပေါက်လာပြီး ပြောင်ပြောင်တင်းတင်း ဆန့်ကျင်လိုက်ခြင်းဟာ ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံရဲ့ အမျိုးသားနိုင်ငံရေးကို လျစ်လျူရှုမထားဘူး၊ လက်ပိုက်ကြည့်မနေဘူး တိုက်ပွဲဝင်သွားတော့မယ်လို့ နယ်ချဲ့ကို သတိပေးလိုက်ခြင်းပဲဖြစ်တယ်။ တစ်ချိန်တည်းမှာလည်း ရန်ကုန်တက္ကသိုလ်သပိတ်ကြီးဟာ အမျိုးသားတစ်ရပ်လုံး နိုးထလာအောင် တပ်လှန့်နှိုးဆော်ခြင်းလည်း ဖြစ်တာကြောင့် အဲဒီအချိန်ကစပြီး မြန်မာနိုင်ငံရဲ့ လွတ်မြောက်ရေး ကြိုးပမ်းမှုတစ်စခန်းက အစပြုခဲ့တယ်လို့ ဆိုနိုင်ပါတယ်" ဟု ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ်၏ သမိုင်းဝင် အမျိုးသားရေးလှုပ်ရှားမှု ပုံရိပ်ကိုထင်ဟပ်အောင် အမှတ်တရ ပြောပြခဲ့ပါသည်။

ထိုစဉ်က နိုင်ငံတော်ရှေ့နေချုပ် ဦးသာထွန်းကလည်း သူ၏ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝနှင့်စပ်လျဉ်း၍ "ကျွန်တော်ရန်ကုန်တက္ကသိုလ်ကို ၁၉၄၀-၄၁ ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင် ရောက်ပါတယ်။ ဂျပန်ဝင်လာပြီးနောက် ၁၉၄၃ ခုနှစ်မှာ ဂျပန်ခေတ် ရန်ကုန်တက္ကသိုလ် ပြန်ဖွင့်တယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှေ့က ကျောင်းမှာ တက္ကသိုလ်တက်ရတယ်။ ဂျပန်ခေတ်မှာ ဗုံးကြဲနေတုန်း စာသင်ရတာဖြစ်တဲ့အတွက် ကျီးလန့်စာစား ဖြစ်ခဲ့ရတယ်။ ဗုံးကျင်းထဲဝင်ပြေးလိုက်ရ ပြန်တက်လိုက်ရနဲ့ စာသင်ခဲ့ရတယ်။

တက္ကသိုလ်ကျောင်းသားလို့ ဆိုသာဆိုရတယ်၊ ခန်းဆီးဟောင်း၊ အိပ်ရာခင်းဟောင်းနဲ့ ဖျင်ကြမ်းကြီးတွေကို ရှပ်အင်္ကျီချုပ်ဝတ်နေရတဲ့ဘဝကို ရောက်ခဲ့ရတယ်။ လုံချည်တွေဟာ ဘယ်လောက်ထူသလဲဆိုရင် ရေဝတ်ချိုးလိုက်တဲ့အခါမှာ လုံချည်ကရေစုပ်သွားလို့ တော်ရုံတန်ရုံလူဟာ ဖင်ထိုင်ကျသွားတော့တာပဲ။

သည်တုန်းက တက္ကသိုလ်မှာ အေးအေးချမ်းချမ်း သာသာယာယာ ပညာသင်ကြားခဲ့ရတဲ့အချိန်က နည်းပါးခဲ့ပါတယ်။ စစ်ဘေးစစ်ဒဏ်ကြား၊ အသက်အန္တရာယ်ကြားထဲမှာ ခက်ခက်ခဲခဲ ပညာသင်ကြားခဲ့ရပါတယ်။ ဂျပန်ခေတ်မှာ ဂျပန်တပ်နဲ့ အင်္ဂလိပ်တပ်တွေ တိုက်ပွဲဖြစ်ခဲ့ရာမှာ အမိရန်ကုန်တက္ကသိုလ်ထဲက အဆောက်အအုံအချို့ဟာ ဗုံးဒဏ်ခံခဲ့ရတယ်"ဟု ဂျပန်ခေတ်က ရန်ကုန်တက္ကသိုလ်၏ စစ်ဘေးဒဏ်ခံခဲ့ရသည့် အနိဋ္ဌာရုံဘဝကို မှတ်မှတ်ရရ ပြန်လည်ပြောပြခဲ့ပါသည်။



ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ။

အလားတူ ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ် ကျောင်းသားတစ်ဦးလည်းဖြစ် ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူ ပဲခူးဆောင်၌ တစ်ဆောင်တည်းနေ ကျောင်းနေဖက်ဖြစ်ခဲ့သည့် ဦးစန်းမောင် (ချွေတာစုဆောင်းရေးနှင့် အာမခံစာချုပ်များမင်းကြီး-အငြိမ်းစား) ကလည်း "ကျွန်တော်ရန်ကုန်တက္ကသိုလ်က ၁၉၃၂-၃၃ ခုနှစ်မှာ ဘွဲ့ရခဲ့ပါတယ်။ ကျွန်တော်တို့တုန်းက ဒီဂျေစလော့စ် (DJ.Sloss) ဟာ ကျောင်းအုပ်ကြီး ဖြစ်ပါတယ်။ ဝိဇ္ဇာဘာသာတွဲမှာ အင်္ဂလိပ်စာပေနှင့် Double History လို့ခေါ်တဲ့ ခေတ်သစ်သမိုင်းနှင့် အိန္ဒိယသမိုင်းဘာသာရပ်ဆိုတာ ရှိတယ်။ အဲဒီဘာသာတွဲကို ကျွန်တော်ယူပြီးမှ နောက်ပိုင်းမှာ ဖြုတ်ပစ်လိုက်တယ်။ ဘာပြုလို့လဲဆိုတော့ အိန္ဒိယသမိုင်းမှာပါတဲ့ အမည်တွေက မှတ်ရသိပ်ခက်လို့ပဲ။

ကျွန်တော်တို့ခေတ်မှာ အရှေ့ဖျားရာဇဝင် (For Eastern History) ဆိုတဲ့ ဘာသာရပ်အသစ် စတင်သင်ကြားပို့ချတယ်။ ဆရာကြီး မစ္စတာ ဂျီအိပ်ချ်လုစ် (Mr. GH Luce) ပါ။ သူက ကျောက်စာဝန်ဖြစ်တယ်။ ကျွန်တော်တို့ကို ကျောက်စာလည်း သင်ပေးတယ်။ ဆရာကြီး လုစ် ဟာ တရုတ်သမိုင်းကို အသေအချာ နှံ့နှံ့စပ်စပ် လေ့လာသူဖြစ်တယ်။ တရုတ်ပါမောက္ခကြီး တစ်ယောက်က ဆရာကြီး လုစ် ကို ကိုယ်တိုင်ကိုယ်ကျ သင်ပေးတာတွေ့ရတယ်။ ဆရာကြီး လုစ် ဟာ တရုတ်စကားကောင်းကောင်း ပြောဆိုတတ်တယ်။

စာမျက်နှာ ၉ သို့ ❖




"ပညာနှင့်တူသည့် မိတ်ဆွေဟူ၍ မရှိနိုင်" ဟူသော အမိရန်ကုန်တက္ကသိုလ်ကြီး၏ ဆောင်ပုဒ်နှင့် အမှတ်တံဆိပ်။



ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝက ကျောင်းသားသမဂ္ဂ၌ ရိုက်ကူးထားသော မှတ်တမ်းတင်ဓာတ်ပုံအား တွေ့ရစဉ်။

**ကျွန်ဘဝသို့ရောက်ရှိပြီး တစ်လျှောက်လုံးလိုလိုပင် ကျောင်းသားလှုပ်ရှားမှု မရှိခဲ့ဘဲ ငြိမ်သက်ခဲ့ရာမှ ၁၉၂၀ ပြည့်နှစ် သပိတ်ကြီးပေါ်ပေါက်လာပြီး ပြောင်ပြောင်တင်းတင်း ဆန့်ကျင်လိုက်ခြင်းဟာ ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံရဲ့ အမျိုးသားနိုင်ငံရေးကို လျစ်လျူရှုမထားဘူး၊ လက်ပိုက်ကြည့်မနေဘူး တိုက်ပွဲဝင်သွားတော့မယ်လို့ နယ်ချဲ့ကို သတိပေးလိုက်ခြင်းပဲဖြစ်တယ်။ တစ်ချိန်တည်းမှာလည်း ရန်ကုန်တက္ကသိုလ်သပိတ်ကြီးဟာ အမျိုးသားတစ်ရပ်လုံး နိုးထလာအောင် တပ်လှန့်နှိုးဆော်ခြင်းလည်းဖြစ်တာကြောင့် အဲဒီအချိန်ကစပြီး မြန်မာနိုင်ငံရဲ့ လွတ်မြောက်ရေး ကြိုးပမ်းမှုတစ်စခန်းက အစပြုခဲ့တယ်လို့ ဆိုနိုင်ပါတယ်**



ရန်ကုန်တက္ကသိုလ်အဝင် အဓိပတိလမ်းနှင့် ဘွဲ့နှင်းသဘင်ခန်းမ။

❖ စာမျက်နှာ ၈ မှ

၁၉၄၂ ခုနှစ်မှာ ဂျပန်ဖက်ဆစ်ဝင်လာတော့ အင်္ဂလိပ်က စစ်ပြေးဘဝနဲ့ မြန်မာနိုင်ငံကအထွက်မှာ မုံရွာတစ်မြို့လုံးကို မီးရှို့သွားတယ်။ ပြီးတော့ ကျွန်တော့် မိဘများနဲ့အတူ ယင်းမာပင်နယ်ဘက်မှာ သွားခိုအောင်းနေခဲ့ရတယ်။ အဲဒီအချိန်မှာ ယင်းမာပင်နယ်ဘက်ကို ဘီအိုင်အေ (BIA) တပ်ရောက်လာတယ်။ အဲဒီတပ်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗိုလ်နေဝင်းပါလာလို့ ကျွန်တော် သွားတွေ့တယ်။ သူတို့နဲ့ ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်မှာ နေစဉ်က သူခိုးလိုက်ခဲ့ရတဲ့အဖြစ်ကို ပြန်ပြောခဲ့ကြတယ်။ အဲဒီညက အဆောင်မှာ လူရိပ်ကို မြင်လိုက်လို့ သူခိုးထင်ပြီး အော်လိုက်တော့ တစ်ဆောင်လုံးနိုးသွားပါလေရော။ အဲဒီညမှာ ကိုအောင်ဆန်းဟာ စာမကျက်နိုင်ခဲ့တာကြောင့် အမှတ်တရ ပြန်ပြောမိခဲ့ကြတာပါ။

ပြီးတော့ ဆိုရန်တိုဗီလာ စီမံကိန်းရေးဆွဲတဲ့အခါမှာ စီမံကိန်းရဲ့ အခန်း(၁၀)မှာ "ပြည်တွင်းဘဏ္ဍာရှာဖွေရေး" ဆိုတာ ပါတယ်။ ပြည်တွင်းဘဏ္ဍာရှာဖွေရေး(Internal Financing) နဲ့ပတ်သက်လို့ အမေရိကန်ပြည်ထောင်စုမှာ သုံးလသွားလေ့လာဖို့ ကျွန်တော်နဲ့ ဦးသိမ်းမောင်ကို ၁၉၄၇ ခုနှစ် နိုဝင်ဘာလမှာ လွှတ်တယ်။ "မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့ကလည်း သေချာနေပြီ။ အင်္ဂလိပ်အုပ်စိုးမှုအောက်မှာ နေခဲ့ရတော့ လွတ်လပ်ရေးရတာကို သိပ်မြင်ချင်တာပဲ။ အဲဒါနဲ့ ကျွန်တော်တို့က လွတ်လပ်ရေးရတာကို မြင်သွားချင်ပါတယ်လို့ လူကြီးတွေကို ပြောတယ်။ ဒါနဲ့ ကျွန်တော်တို့ရဲ့ဆန္ဒအတိုင်း ကျွန်တော်တို့ကို လွတ်လပ်ရေးရပြီးမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အတွင်း အမေရိကန်ပြည်ထောင်စုကို လွှတ်ပါတယ်"ဟု အမှတ်တရ ပြန်လည်ပြောပြခဲ့ပါသည်။

ရွေးချယ်ခံရပြီဆိုမှ အိမ်က အမေကိုအသိပေးတယ်။ အမေက ငိုယိုပြီး စစ်ထဲမလိုက်ဖို့ တားတယ်။ ကျွန်တော်က အမေရယ် စစ်ထဲဝင်တိုင်းမသေပါဘူး၊ သေရမယ့်လက္ခဏာပါရင် နေရာမရွေးသေရတာပါ"လို့ တရားဟောရတယ်။

သွားရတဲ့ သူတွေရှိသလို လမ်းမှန်လျှောက်လှမ်းခဲ့ကြသလို တိုးတက်ထွန်းကားသွားတဲ့ သူတွေလည်း တစ်ပုံကြီး ရှိပါတယ်။

ကျွန်တော့်အနေနဲ့ မျိုးဆက်သစ်ကျောင်းသား



သိပ္ပံခန်းမဆောင်။

အဲဒီလိုနဲ့ ကျွန်တော်တပ်မတော်ထဲကို ရောက်သွားတယ်။

ကျွန်တော်တို့ခေတ်တုန်းက ပညာကိုပဲ အဓိကအားပြုကြတယ်။ အပြင်နိုင်ငံရေးလောကနဲ့ အဆက်အသွယ်ရှိတဲ့ ကျောင်းသားနိုင်ငံရေးသမားတွေရှိတယ်။ သူတို့က ကျွန်တော်တို့ကို လာစည်းရုံးတာပေါ့။ သူတို့ထဲမှာ သူငယ်ချင်းတွေပါတယ်။ ကျွန်တော်တို့က စာရိုးရိုးလာသင်ပေးတာ။ ဘယ်အဖွဲ့ကိုမှမပါချင်ဘူးလို့ ပြောလိုက်ပါတယ်။

တွေကို "ပညာဟူသည် မြတ်ရွှေအိုး၊ ဥစ္စာဟူသည် မျက်လှည့်မျိုး"ဆိုတဲ့အတိုင်း ပညာကိုသာ အာရုံပြုသင်ကြားကြပါလို့ အလေးအနက်မှာကြားချင်ပါတယ်။ မိဘတွေက သားသမီးတွေဘွဲ့ရအောင် ရုန်းကန်ရှာဖွေပေးပြီး တက္ကသိုလ်ကို ပို့ပေးကြတာ ဖြစ်ပါတယ်။ ယခုခေတ် ပညာသင်စရိတ်ဟာ ကျွန်တော်တို့ခေတ် ပညာသင်စရိတ်ထက် ပိုမိုကြီးမားပါတယ်။

ဒါကြောင့် မျိုးဆက်သစ်ကျောင်းသားတွေအနေနဲ့



တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်။

ထိုစဉ်က ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်ကလည်း လွတ်လပ်ရေးရပြီးခေတ် ပြည်တွင်းရောင်စုံသောင်းကျန်းသူများ ထကြွသည့်ကာလတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝအတွေ့အကြုံများနှင့်စပ်လျဉ်း၍ "၁၉၅၀ ပြည့်နှစ်မှာ ကျွန်တော် ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝ စတင်ခဲ့ပါတယ်။ အဲဒီကာလဟာ ပြည်တွင်းမှာ လက်နက်ကိုင်ဆူပူမှုတွေဖြစ်ပေါ်နေတဲ့ကာလ ဖြစ်တယ်။ ၁၉၅၂ ခုနှစ်မှာ ပဲခူးဆောင်လိပ်စာနဲ့ ဗိုလ်သင်တန်းကို လျှောက်တယ်။

အဲဒီလိုပဲ အမျိုးသမီးဆောင်တွေကို သွားကြတာ ရှိပေမယ့် ရိုးရိုးတန်းတန်းခင်မင်မှုနဲ့ သွားကြတာများပါတယ်။ မရိုးမသားနဲ့ သွားလာသူတွေလည်း ရှိကြတာပေါ့ဗျာ၊ ရယ်စရာတစ်ခုပြောရဦးမယ်။ သီချင်းလည်း မဆိုတတ်၊ အင်းလျားဆောင်သူကိုလည်း ပိုးချင်တော့ "ဓာတ်စက်" ကြီး ယူသွားတယ်။ အဲဒီ "ဓာတ်စက်" ကြီးကို ခေါင်းပေါ် ရွက်ပြီး ဓာတ်ပြားဖွင့်ပြတယ်ဆိုတာ ရှိခဲ့ဖူးတယ်။

ကျွန်တော်တို့ရဲ့ သူငယ်ချင်းတွေထဲမှာ လမ်းမှား လိုက်မိလို့ ဥစ္စာပစ္စည်း ဂုဏ်သရေမှစ အသက်ပင်ဆုံးရှုံး

"ငါတို့ဟာ ခေတ်တစ်ခေတ်ရဲ့ ခေါင်းဆောင်တွေဖြစ်အောင် ကြိုးစားကြမယ်ဆိုတဲ့ မွန်မြတ်တဲ့ ရည်မှန်းချက်ကို မြဲမြဲမြံမြံ ထားရှိပြီး ကိုယ့်ရဲ့ညီငယ်ညီမငယ်တွေအပါအဝင် သားစဉ်မြေးဆက်မှာ သမိုင်းကြောင်း ကောင်းရအောင် ပြောဆိုဆုံးမကြမယ်။ မိမိကိုယ်တိုင်လည်း မှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာ ရပ်တည်မယ်ဆိုတဲ့ သဘောထားမွေးမြူကြပါလို့ တိုက်တွန်းပါတယ်" ဟု ဩဝါဒစကား ပြောကြားခဲ့သည်ကိုလည်း ပြန်လည်အမှတ်ရနေမိပါသည်။ ။

## တစ်ခါတုန်းက တက္ကသိုလ်

သီရိဂျပ်ဆင်၊ သစ်ပုပ်ပင်နှင့်
ရေပြင်အင်းလျား၊ မမေ့အားတည့်
အဓိပတိလမ်း၊ ဘွဲ့နှင်းခန်းမ
ဦးချစ်မှသည်၊ တစ်ရံဆီသို့
မျှော်ရည်လွမ်းရ ယနေ့တိုင်။
သံပြိုင်ဟစ်ကြွေး၊ လရေးရေးဝယ်
ချိုတေးသံစဉ်၊ ဒေါင်ဒင်တီးခတ်
လှပ်လှပ်ရင်ခုန်၊ မာလာငုံဖူး
ဆောင်တော်ကူးရင်း၊ သီကျူးသူ့တွက်
တေးဆက်ညစဉ်၊ သံယောဇဉ်တို့
ခုပင်မေ့ဖို့ ခက်သည်မို့။
မိုးဖွဲဖျန်းပက်၊ ထီးတစ်လက်နှင့်
တွဲလက်ခိုခို၊ ယုယပိုလျက်
နှစ်ကိုယ်ချစ်တမ်း၊ ကံ့ကော်လမ်းလည်း
တို့လွမ်းသလို၊ သူစောင့်ကြိုလိမ့်
တိမ်ညိုရစ်သိုင်း၊ အံ့ကာမှိုင်းတော့
ဖြေတိုင်းမပြေ၊ လွမ်းမိုးစွေသည်
အိပ်မက်လေလား ဝိုးတဝါး။
ပန်းဖျားပွင့်ခူး၊ ပျော်ခဲ့ဖူးသည်
ညဥ့်ဦးလမင်း၊ တို့ချစ်ခြင်းတို့
ရှောင်ကွင်းရှက်ဟန်၊ တိမ်ညွန့်ယံကြား
ပြေးသွားရှောင်ပုန်း၊ သူသိဆုံးမို့
မုန်းမေ့မရ၊ ထိုတစ်ညကို
ဖိုးလမင်းကြီး သက်သေတည်။
ခုများဘယ်ဆီ၊ တက္ကသီလာ
သည်းညှာချစ်ပန်း၊ ကံ့ကော်လမ်းတို့
တစ်ခန်းရပ်ပင်၊ လွမ်းဇာတ်ရင်နာ
ကြာပင်ကြာလည်း၊ သစ္စာမြဲလျက်
မျှော်ဆဲမျှော်လျှင်၊ ကျွမ်းဘဝင်နှင့်
လွမ်းလက်ာနှု၊ သီကုံးပြုလို့
သူ့ကိုမမေ့၊ တမ်းတနေ့စဉ်
တွေ့မြင်လိမ့်နိုး၊ အတိတ်မိုးနှင့်
တစ်ထောင့်ကိုးရာ ရှစ်ဆယ့်သုံး
တစ်ခါတုန်းကတက္ကသိုလ်။ ။

**အောင်မြင့်စိုး(ရေစကြို)**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဧပြီလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၇၈၉ သန်း၊ ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆၂၄ ဒသမ ၅၀၈ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဧပြီလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မတ်လ | | ဧပြီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | - | ၁ | ၁၀၉.၀၅၄ |
| (ခ) | စက်မှုကဏ္ဍ | ၁၁ | ၄၂.၅၈၅* | ၈ | ၆၉.၅၆၀* |
| (ဂ) | အိမ်ရာအဆောက်အဦကဏ္ဍ | - | - | ၁ | ၂၉၃.၈၆၄* |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁ | ၄.၆၀၀ | - | - |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၆.၈၃၄ | - | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၄၀.၇၇၀ | ၄ | ၁၃၉.၄၃၀ |
| (ဆ) | လယ်ယာကဏ္ဍ | - | - | ၁ | ၁၂.၆၀၀ |
| | စုစုပေါင်း | ၁၅ | ၉၄.၇၈၉ | ၁၅ | ၆၂၄.၅၀၈ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၄။ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ကျပ် ၁၉၅၄၇၇ ဒသမ ၉၁၅ သန်းနှင့် ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၂၀၀၅၆၀ ဒသမ ၀၉၈ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၂၀ ပြည့်နှစ် မတ်လနှင့်ဧပြီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မတ်လ | | ဧပြီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | အိမ်ရာအဆောက်အဦကဏ္ဍ | - | - | ၃ | ၃၁၁၀၈.၉၅၀ |
| (ခ) | စက်မှုကဏ္ဍ | ၄ | ၂၆၁၄၁.၀၉၂ | ၃ | ၁၂၉၀၂၃.၈၆၀ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၃ | ၅၄၄၂၁.၈၂၃ * | - | - |
| (ဃ) | ဆောက်လုပ်ရေးကဏ္ဍ | - | - | - | ၁၂၅၃၉.၁၅၄* |
| (င) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃ | ၁၁၄၉၁၅.၀၀၀ * | ၁ | ၂၃၂၄၈.၀၀၀* |
| (စ) | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ | - | - | ၁ | ၄၆၄၀.၁၃၄ |
| | စုစုပေါင်း | ၁၀ | ၁၉၅၄၇၇.၉၁၅ | ၈ | ၂၀၀၅၆၀.၀၉၈ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၆။ ၂၀၂၀ ပြည့်နှစ် မတ်လနှင့်ဧပြီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မတ်လ | ဧပြီလ |
| (က) | လယ်ယာကဏ္ဍ | - | ၃၀၁ |
| (ခ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၆၅ | - |
| (ဂ) | စက်မှုကဏ္ဍ | ၁၄၈၂၅ * | ၅၂၄၂ * |
| (ဃ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၆၉ |
| (င) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၆၁ | - |
| (စ) | အိမ်ရာအဆောက်အဦကဏ္ဍ | - | ၅၁ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၀ | ၇၃၉ |
| | စုစုပေါင်း | ၁၄၉၉၁ | ၆၄၀၂ |

*လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။

၇။ ၂၀၂၀ ပြည့်နှစ် မတ်လနှင့်ဧပြီလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်း များ၏ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မတ်လ | ဧပြီလ |
| (က) | စက်မှုကဏ္ဍ | ၂၃၄၁ | ၅၂၇ |
| (ခ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၉၄ | - |
| (ဂ) | အိမ်ရာအဆောက်အဦကဏ္ဍ | - | ၃၂၁ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၉၆ | ၄၅ |
| (င) | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | - | ၄၃ |
| | စုစုပေါင်း | ၂၅၃၁ | ၉၃၆ |

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်၏ကုန်ထုတ်စွမ်းအား တိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၂၀၇၁ ဦး၊ မ ၃၇၉၇ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၅၈၆၈ ဦးချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း လက်ခံရရှိမှု ၁၂၂ မှုတွင် အခြားဌာနသို့ လွှဲပြောင်းမှုနှစ်မှု၊ ကျေအေးမှု ရှစ်မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၂၆ မှု၊ ပိတ်သိမ်းမှု ၂၃ မှု၊ ငွေကြေးအကျိုးခံစားခွင့် ၃၄ မှု နှင့် လက်ကျန်အမှု ၂၉ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၂၂၆ ဦးအား ငွေ ၈၈၅၇၈၂၀၇၁ ကျပ်ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေး ရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၂၁၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၁၆ မှုနှင့် ခုံသမာဓိကောင်စီတွင် လေးမှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၈၈၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၄၉၀ အတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၂၂၀၀ ကျော် ပြန်လည် ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ပြည့်နှစ် ဧပြီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်း များနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး ၃ ရုံ (ပြင်ပလူနာ ၃၁၁၀ ဦး၊ အတွင်းလူနာ ၁၈၂ ဦး) | ၃၂၉၂ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း၊ ဌာနကြီးဆေးခန်း ၆၀ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း ၁၂ ခန်းနှင့် PPSစနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း ၇ ခန်းတို့မှ ဆေးကုသပေးမှု | ၅၂၁၆၁ ဦး |
| ဂ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၂၈ ကြိမ် | ၁၉၆ ဦး |

# အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များသိရှိစေရန် ကြေညာခြင်း

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသည့် ကမ်းဝေး ငါးဖမ်း/ငါးသယ်ရေယာဉ်အားလုံးတွင် E-MTU/Transponder(VMS ကိရိယာ)များကို ၃၁-၁-၂၀၂၀ ရက်နေ့တွင် တပ်ဆင်ခဲ့ပြီးဖြစ်၍ ငါးလုပ်ငန်း ဦးစီးဌာန၏ VMS Control Center များမှ စောင့်ကြည့်ထိန်းချုပ်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ၁-၂-၂၀၂၀ ရက်နေ့မှ ၃၁-၅-၂၀၂၀ ရက်နေ့ထိ ကမ်းနီးငါးလုပ်ငန်းရေပြင်၊ Marine Protected Area အဖြစ် သတ်မှတ်ထားသော လန်ပိကျွန်းဧရိယာနှင့် တားမြစ်ထားသည့် ငါးဖမ်းကွက် ( F13, F14, F20, F21)များအတွင်းသို့ ဝင်ရောက်ငါးဖမ်းဆီးသော စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များ၏ ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ တရားဝင်ရေယာဉ်ကိုယ်စားလှယ်များအား ဖုန်းဖြင့်သတိပေးခြင်း၊ စာဖြင့် သတိပေးခြင်း၊ အလားတူစည်းကမ်းဖောက်ဖျက်မှုမျိုး ထပ်မံပြုလုပ်ခြင်းမရှိ စေရန် ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာ ခြင်း၊ MRTV ရုပ်သံတို့မှ အသိပေးကြေညာခြင်းနှင့် စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်စာရင်းအား ငါးလုပ်ငန်းဦးစီးဌာန၏ Website တွင်(၅)ကြိမ်တိုင်တိုင် အသိပေးကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

တည်နေရာသတင်းအချက်အလက် ပေးပို့မှုမရှိသည့် ရေယာဉ်များ(Silent Vessels)၏ ပိုင်ရှင်များ၊ တရားဝင်ကိုယ်စားလှယ်များအား ရေယာဉ်၏ တည်နေရာ သတင်းအချက်အလက် ပေးပို့မှုပြတ်တောက်စေမည့် စက်ဖြုတ်ခြင်း၊ စက်ပိတ်ခြင်းတို့ကို လုံးဝမပြုလုပ်စေရန်၊ ရေယာဉ်၏ တည်နေရာပြန်လည် ပေးပို့စေရန်နှင့် အလားတူကိစ္စရပ်မျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန်အတွက် ဖုန်းဖြင့်သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ ခံဝန်ကတိလက်မှတ်ရေးထိုး စေခြင်းအပြင် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကိုလည်း အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါစည်းကမ်းဖောက်ဖျက် သည့် ကမ်းဝေးငါးဖမ်း/ငါးသယ်ရေယာဉ်များအား ၁-၆-၂၀၂၀ ရက်နေ့မှ စတင်၍ ငါးလုပ်ငန်းဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ်(၅/၂၀၁၈)နှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပါလီမန်အမတ်များကို အီရန်သမ္မတ ရိုဟာနီ တိုက်တွန်း

**တီဟီရန် မေ ၂၇**

ကွန်ဆာဗေးတစ်ပါတီဝင်များက အနိုင်ရရှိခဲ့သည့် ဖေဖော်ဝါရီလရွေးကောက်ပွဲများ ပြီးဆုံးပြီးနောက် ယနေ့ စတင်သည့် ပါလီမန်အစည်းအဝေးတွင် သမ္မတရိုဟာနီက ၎င်း၏အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြရန် အီရန်ပါလီမန်အမတ်များအားလုံးကို တိုက်တွန်းပြောကြားခဲ့သည်။

အစိုးရအတွက် ကျန်ရှိသည့်နှစ်များအတွင်း မိမိတို့သည် ပူးပေါင်းဆောင်ရွက်၍ အတူတကွအလုပ်လုပ်နိုင်မည်ဟု မျှော်လင့်ကြောင်း အသစ်ဖွဲ့စည်းလိုက်သည့် ပါလီမန်၏ ရှေ့မှောက်၌ သမ္မတရိုဟာနီက ထည့်သွင်းပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် ၂၀၂၁ ခုနှစ် နွေဦးတွင် သမ္မတ ရွေးကောက်ပွဲများကျင်းပရန် စီစဉ်ထားသည်။

ဒုတိယကြိမ် သမ္မတသက်တမ်း၏ နောက်ဆုံးနှစ်တွင် ရှိနေသည့် ရိုဟာနီက ပါတီအကျိုးစီးပွားများ သို့မဟုတ် မဲဆန္ဒနယ်၏အကျိုးစီးပွားနှင့် အထူးအကျိုးစီးပွားများထက် အမျိုးသားအကျိုးစီးပွားကို ဦးစားပေးကြရန် ပါလီမန်အမတ်များကို မေတ္တာရပ်ခံခဲ့သည်။

ဖေဖော်ဝါရီလကကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် မဲမပေးဘဲနေသူ စံချိန်တင်များပြားခဲ့ခြင်းသည် အစိုးရ၏ ကတိကျိုးပျက်မှုများအပေါ် ပြည်သူများ၏ မနှစ်သက်မှုကို ထင်ဟပ်ဖော်ပြနေသည်ဟု လေ့လာသူအများအပြားက ပြောသည်။ တရားဝင်စာရင်းများအရ မဲဆန္ဒရှင်များ၏ ၄၃ ရာခိုင်နှုန်းအောက်သာ ယင်းရွေးကောက်ပွဲတွင် မဲပေးခဲ့ကြသည်။

၎င်း၏မိန့်ခွန်းတွင် သမ္မတ ရိုဟာနီက အမေရိကန်နိုင်ငံက အီရန်နိုင်ငံအပေါ် ဆင်နွှဲနေသည်ဟု ၎င်းကဆိုသည့် စိတ်ဓာတ်ရေးရာစစ်ပွဲနှင့် စီးပွားရေးနှင့် ဆေးပညာဆိုင်ရာ အကြမ်းဖက်မှုကို ရှုတ်ချပြောဆိုခဲ့သည်။ အီရန်နိုင်ငံသည် ရန်သူကို မားမားမတ်မတ် ရင်ဆိုင်ရပ်တည်နိုင်ခဲ့ကြောင်းနှင့် ၎င်း၏ခုခံမှုသည် အနိုင်ရရှိခဲ့ကြောင်း ရိုဟာနီက ပြောကြားခဲ့သည်။

သမ္မတ ရိုဟာနီက ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို ရင်ဆိုင်ဖြေရှင်းခဲ့သည့် ၎င်းအစိုးရ၏ ဆောင်ရွက်မှုကို အလွန်ဂုဏ်ယူစရာအဖြစ် ချီးမွမ်းပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ပြဿနာကို အောင်မြင်စွာဖြေရှင်းနိုင်သည့် နိုင်ငံများထဲတွင် အီရန်နိုင်ငံလည်း ပါဝင်ကြောင်း ရိုဟာနီကပြောကြားခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – အောင်ဇော်လင်း**



အီရန်သမ္မတ ရိုဟာနီ



## အာဂျင်တီးနားတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် စီးပွားရေးထိခိုက်

**ဗျူနိုအေးရိစ် မေ ၂၇**

အာဂျင်တီးနားနိုင်ငံမြို့တော် ဗျူနိုအေးရိစ် အနီးတစ်ဝိုက်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသော ရာခိုင်နှုန်းမှာ ၈၀ ခန့်ရှိပြီး နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်သူ ၁၂၆၂၈ ဦးရှိ သည်။ မြို့တော် ဗျူနိုအေးရိစ်အနီးတွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များကို ထုတ်ပြန်ထားသော်လည်း အခြားဒေသများတွင် ကန့်သတ်ချက်များကို ဖြေလျှော့ပေးလျက်ရှိသည်။

တာဝန်ရှိသူများက ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ရောဂါစစ်ဆေးသော အစီအစဉ်တစ်ခုကို ချမှတ်ထားပြီး ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးကို ဆောင်ရွက်နေသည်။ နိုင်ငံ အတွင်း စီးပွားရေးကျဆင်းမှုများရှိခဲ့သောကြောင့် အစိုးရက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ဝင်ငွေနည်းသော အိမ်ထောင်စုများအတွက် အကူအညီပေးရန် စီစဉ်ခဲ့သည်။

အလုပ်သမားများနှင့် ပုံမှန်ဝင်ငွေမရှိသောသူများအတွက် တစ်ဦးလျှင် ပီဆိုငွေ ၁၀၀၀၀ ထောက်ပံ့ပေးသည့် အစီအစဉ်ကို တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

## ငါးရက်ဆက်တိုက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမရှိဟု နယူးဇီလန် ထုတ်ပြန်ကြေညာ

**ဝယ်လင်တန် မေ ၂၇**

ငါးရက်ဆက်တိုက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအသစ်မရှိဟု နယူးဇီလန်နိုင်ငံက ကြေညာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အကြောင်းကြားခဲ့သည့် စုစုပေါင်း အတည်ပြုကူးစက်သူ အရေအတွက်မှာ ၁၁၅၄ ဦး ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်ကဆိုသည်။ ကိုရိုနာ ဗိုင်းရပ်စ် ရောဂါကင်းစင်သူ အရေအတွက်မှာ ၁၄၆၂ ဦးအထိ ရှိလာခဲ့ပြီး ရောဂါပိုးရှိသူ ၂၁ ဦးရှိကြောင်း၊ မေ ၆ ရက်နောက်ပိုင်း နယူးဇီလန်နိုင်ငံတွင် သေဆုံးသူ ၂၁ဦး ရှိကြောင်း ဝန်ကြီးဌာနက ပြောသည်။

လက်ရှိတွင် နယူးဇီလန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ အတွက် ဆေးရုံအဆင့် ကုသမှုခံယူသူမရှိတော့ဟု ဝန်ကြီး ဌာနက ဆိုသည်။ NZ COVID Tracer အပလီကေးရှင်းကို မှတ်ပုံတင်သူ ၄၂၂၀၀၀ အထိရှိလာခဲ့ပြီး ယမန်နေ့ကထက် မှတ်ပုံတင်သူ ၁၇၀၀၀ တိုးလာခဲ့သည်။ “ကိုဗစ်–၁၉ ရောဂါ ဖော်ထုတ်တာ၊ ခြေရာခံတာ၊ စမ်းသပ်တာနဲ့ သီးသန့်ခွဲ နေတာမှာ အထောက်အပံ့ဖြစ်လို့ ဒီအပလီကေးရှင်းကို ပြည်သူတွေက ဒေါင်းလုပ်ရယူဖို့ အားပေးပါတယ်” ဟု ထုတ်ပြန်ချက်က ဆိုသည်။

ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် မိုဘိုင်းအပလီကေးရှင်းတစ်ခုဖြစ်သည့် whina က ကျန်းမာရေး လုပ်သားများ ကိုဗစ်–၁၉ ဆိုင်ရာ သတင်းအချက်အလက်များ ရရှိစေရန် အထောက်အကူပြုသည်။

**ကိုးကား––ဆင်ဟွာ**
**ဘာသာပြန်–ကျော်ထိုက်စိုး**




## ဘင်္ဂလားဒေ့ရှ်နိုင်ငံ ယမုံနာမြစ်အတွင်း ကူးတို့လှေတိမ်းမှောက်မှုကြောင့် လေးဦးသေ၊ ၁၅ ဦး ပျောက်ဆုံး



**ဒါကာ မေ ၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆီရတ်ဂျ်ဂန်ခရိုင်ရှိ ယမုံနာမြစ်အတွင်း ယမန်နေ့က လှေတစ်စင်း တိမ်းမှောက်ခဲ့ရာ အလုပ်သမား လေးဦး သေဆုံးပြီး ၁၅ ဦး ပျောက်ဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့မှ အကြီးတန်း တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

အလုပ်သမားအများစုပါဝင်သည့် လူ ၇၀ ခန့် တင်ဆောင်လာသော အဆိုပါလှေမှာ ဆိုးရွားသော ရာသီဥတုကြောင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲခန့်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့ အကြီးအကဲ ဟာစီဘူလ်အလမ်က ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့်ပြောကြားသည်။ သေဆုံးသူ အလုပ်သမားများ၏ အလောင်းများကို ပြန်လည်ရရှိခဲ့သည်ဟု ခရိုင်ရဲစခန်းမှ အရာရှိတစ်ဦးဖြစ်သူ မာစွပ် ပါဗက်က ပြောသည်။ မီးသတ်နှင့်ပြည်သူ့ကာကွယ်ရေးဌာနမှ ရေငုပ်သမားများ၊ ဒေသခံပြည်သူများက ယနေ့ နံနက်ပိုင်းမှစ၍ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့ကြောင်း ၎င်းက ဆိုသည်။

“လူ ၁၅ ဦးထက်မနည်း ပျောက်ဆုံးနေဆဲဖြစ်ပါတယ်” ဟု ၎င်းက ဆိုသည်။ ရေစီးသန်၍ လှိုင်းအနည်းငယ်ထန်သော ယမုံနာမြစ်အတွင်း ကူးတို့လှေတိမ်းမှောက်စဉ် လူ ၅၀ ခန့်မှာ ကမ်းဘက်သို့ ရေကူးလာခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကမြစ်သုံးစင်းအနက် တစ်စင်းဖြစ်သည့် ယမုံနာမြစ် ရေစီးသန်ခြင်းကြောင့် ကယ်ဆယ်ရေးသမားများအနေဖြင့် ခက်ခက်ခဲခဲ ရှာဖွေမှု ဆောင်ရွက်နေရကြောင်း ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းအတွက် ယူရို ရှစ်ဘီလီယံ ပံ့ပိုးမည်ဟု ပြင်သစ်သမ္မတ ကတိပြု



**ပါရီ မေ ၂၇**

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ရောင်းအားကျဆင်းမှု သိသိသာသာကြုံတွေ့ခဲ့ရသည့် မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းတွင် ပြင်သစ်နိုင်ငံက ယူရို ရှစ်ဘီလီယံ ပံ့ပိုးကူညီမည်ဖြစ်သည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် ယမန်နေ့က ပြင်သစ်နိုင်ငံမြောက်ပိုင်းရှိ မော်တော်ယာဉ်အပိုပစ္စည်းထုတ်လုပ်ရေးစက်ရုံတစ်ခုသို့ သွားရောက်သည့် ခရီးစဉ်တစ်ခုအတွင်း ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ တန်ကြေးရှိ ကူညီရေးအစီအစဉ်ကို ကြေညာခဲ့သည်။ ကူညီရေးအစီအစဉ်တွင် လျှပ်စစ်ကားများဝယ်ယူရန် လွန်ခဲ့သော ၁၅ နှစ် ကျော်က ထုတ်လုပ်ခဲ့သည့် ဓာတ်ဆီသုံး မော်တော်ကားများ ရောင်းချခဲ့သူများသို့ ထောက်ပံ့ငွေ ဒေါ်လာ ၁၃၀၀၀ ခန့်နှင့်ညီမျှသည့် ယူရို ၁၂၀၀၀ ပံ့ပိုးမှု ပါဝင်သည်။

ယခုအစီအစဉ်ကို ဇွန် ၁ ရက်တွင် စတင်မည်ဖြစ်သည်။ ပြင်သစ်မော်တော်ကားကုမ္ပဏီများက အဆိုပါနယ်ပယ်တွင် ယှဉ်ပြိုင်မှုပိုရှိလာစေရန် လျှပ်စစ်ကားနှင့် လောင်စာဆဲလ်ကားများ ထုတ်လုပ်မှုကိုပံ့ပိုးရန် ပြင်သစ်အစိုးရက ကတိပြုသည်။ ပြင်သစ်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းက ပတ်ဝန်းကျင်နှင့် သဟဇာတရှိသောနည်းပညာများတွင် ဦးဆောင်သည့်နိုင်ငံတစ်ခု ဖြစ်လာမည်ဟု မျှော်လင့်ကြောင်း မက်ခရွန်က ပြောသည်။

ပြင်သစ်နိုင်ငံကို ငါးနှစ်အတွင်း နှစ်စဉ်လျှပ်စစ်ကား တစ်သန်းကျော်ထုတ်လုပ်သည့် ဥရောပတိုက်၏ ပထမဆုံးသော နိုင်ငံဖြစ်စေလိုကြောင်း ၎င်းက ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ လူနှစ်သိန်းခန့် ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရ

**နယူးဒေလီ မေ ၂၇**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်တွင် လူဦးရေနှစ်သိန်းခန့် ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

အဆိုပါရေကြီးရေလျှံမှုကြောင့် အာသံပြည်နယ်အတွင်းရှိ ခရိုင်ခုနစ်ခုတွင် ကောက်ပဲသီးနှံများနှင့် လမ်းများပျက်စီးခဲ့ရသည်။ လူဦးရေအများအပြားသည်လည်း ဂိုလ်ပါရာခရိုင်နှင့် တင်ဆူကီယာခရိုင်တို့မှ ကယ်ဆယ်ရေးစခန်းများရှိ ဘေးဒဏ်ခံအဆောက်အအုံများသို့ သွားရောက်ခိုလှုံခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အာသံပြည်နယ်၏ ခရိုင်ခုနစ်ခုဖြစ်သည့် ဒီမာဂျီ၊ လာခီပူရ်၊ ဒါရန်၊ နယ်ဘာရီ၊ ဂိုလ်ပါရာ၊ ဒီဘရူဂါနှင့် တင်ဆူကီယာခရိုင်တို့ရှိ လူဦးရေနှစ်သိန်းခန့်မှာ ရေကြီးရေလျှံမှု၏ ပထမလှိုင်းဒဏ်ခံခဲ့ရကြောင်း အာသံပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့အဖွဲ့အစည်းဟာ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ လိုအပ်တဲ့ကယ်ဆယ်ရေးပစ္စည်းတွေနဲ့အတူ နေရာပေါင်း ၄၀ မှာ တာဝန်ယူဆောင်ရွက်နေပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောကြားခဲ့သည်။ ကယ်ဆယ်ရေးစခန်းနှင့် ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့ရေးစင်တာ စုစုပေါင်း ၃၅ ခုကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်ကြောင်းလည်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ရေကြီးရေလျှံမှုများသည် အာသံပြည်နယ်၌ မုတ်သုံရာသီကာလအတွင်း ပုံမှန်ဖြစ်ပွားနေကြလည်းဖြစ်သည်။ အိန္ဒိယမိုးလေဝသဌာနအနေဖြင့် အရှေ့မြောက်ပိုင်းပြည်နယ်နှစ်ခုဖြစ်သည့် အာသံပြည်နယ်နှင့် မီဂါလာယာပြည်နယ်တို့တွင် မိုးကြီးမည်ဟု ခန့်မှန်းလျက် အနီရောင်အဆင့်ရှိ မိုးလေဝသသတိပေးချက် ထုတ်ပြန်ထားပြီဖြစ်ကြောင်းလည်း သိရသည်။

ပြီးခဲ့သည့်တစ်ပတ်က စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်ဖြစ်ပွားပြီးနောက် မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါမိုးသက်မုန်တိုင်းကြောင့် လွန်ခဲ့သည့်တစ်ရက်အတွင်းက ခရိုင်အများအပြားတွင် လျှပ်စစ်ကေဘယ်ကြိုးများ ပြတ်တောက်ခြင်း၊ သစ်ပင်များ အမြစ်မှပြုတ်ထွက်ခြင်း၊ စိုက်ခင်းများပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၅၀၀ တွေ့ရှိ

**နယူးဒေလီ မေ ၂၇**

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၅၀၀ ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၅၃၈၀ ရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၄၆ ဦး ထပ်မံ သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၁၆၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံပြောကြားသည်။

သို့သော် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၆၀၄၉၀ ခန့်သည် ရောဂါ လုံးဝကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းသွားပြီးဖြစ်ရာ လက်ရှိအချိန်တွင် အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၀၇၂၂ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း သေဆုံးသူ ၁၄၆ ဦးရှိသည့်အနက် သေဆုံးသူ ၆၀ သည် မဟာရာ့ရှ်ထရာပြည်နယ်တွင် သေဆုံးခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံရှိ ပြည်နယ်နှင့် ဒေသများအနက် တစ်ရက်အတွင်း သေဆုံးမှုအများဆုံးဖြစ်လာခဲ့သည်။ ထို့အတူ အိန္ဒိယနိုင်ငံတစ်ဝန်းလုံးရှိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၁၆၇ ဦး ရှိသည့်အနက် ၁၆၉၅ ဦးသည် မဟာရာ့ရှ်ထရာပြည်နယ်တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဂူဂျရတ်ပြည်နယ်တွင် ၈၈၈ ဦး၊ မာဒီဟီယာပရာဒေ့ရှ်ပြည်နယ်တွင် ၃၀၀ နှင့် အနောက်ဘင်္ဂလားပြည်နယ်တွင် ၂၇၈ ဦး စသည်ဖြင့် အသီးသီးသေဆုံးခဲ့ကြသည်။

ထို့အပြင် မဟာရာ့ရှ်ထရာပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည်ဟု အတည်ပြုသူ ၅၂၆၆၇ ဦးရှိပြီး အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံး ပြည်နယ်ဖြစ်လာခဲ့သည်။ ထို့အတူ တမီးလ်နဒူပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၀၈၂ ဦး၊ ဂူဂျရတ်ပြည်နယ်တွင် ၁၄၄၆၀၊ ဒေလီဒေသတွင် ၁၄၀၅၃ ဦး၊ ရာဂျာ့စ်သန်တွင် ၇၃၀၀၊ မာဒီဟီယာပရာဒေ့ရှ်ပြည်နယ်တွင် ၆၈၅၉ ဦးနှင့် အူတာပရာဒေ့ရှ်တွင် ၆၅၃၂ ဦးစသည်ဖြင့် အသီးသီးရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

**ကိုးကား - ပီတီအိုင်၊ ဘာသာပြန် - ဂျေတီ**



# ဒုံးကျည်ဖြင့် ပစ်မှတ်ထားတိုက်ခိုက်မှုမှ ယီမင်ကာကွယ်ရေးဝန်ကြီး အသက်ရှင်လွတ်မြောက်



**ဆာနား မေ ၂၇**

ယမန်နေ့ နေ့လည်ပိုင်းက ယီမင်နိုင်ငံအလယ်ပိုင်း မာရစ်ဘ်ပြည်နယ် မာရစ်ဘ်မြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန၏ ရုံးချုပ်ကို ဒုံးကျည်ဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ ယီမင်ကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးအရာရှိချုပ်(ကြည်း)တို့သည် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ဒုံးကျည်ဒဏ်မှ လွတ်မြောက်သွားကြောင်း ဒေသဆိုင်ရာ လုံခြုံရေးအရာရှိများက ယနေ့ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုသည် မာရစ်ဘ်ပြည်နယ် ဆန့်အယ်လ်ဂျင်စခန်းရှိ ကာကွယ်ရေးဝန်ကြီးဌာနရုံးချုပ်တွင် ပြုလုပ်လျက်ရှိသော အစည်းအဝေးတစ်ရပ်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးကို ယီမင်ကာကွယ်ရေးဝန်ကြီး မိုဟာမက်အယ်လ်မက်ဒါရီနှင့် ယီမင်စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဆဂေယာဘင်အာဇစ်ဇ်တို့အပါအဝင် အခြားတပ်မှူးတို့ တက်ရောက်ခဲ့ကြပြီး ဝန်ကြီးနှင့် စစ်ဦးစီးအရာရှိချုပ်တို့သည် ယင်းတိုက်ခိုက်မှုမှ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အသက်ရှင်လွတ်မြောက်သွားကြောင်း သိရသည်။

သို့သော် အဆိုပါတိုက်ခိုက်မှုတွင် လူခုနစ်ဦး ထက်မနည်းသေဆုံးပြီး ကျန် ၁၀ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မာရစ်ဘ်မြို့အခြေစိုက် လုံခြုံရေးအရာရှိများက အတိုက်အခံ ဟူသီစစ်သွေးကြွအုပ်စုကို ပြစ်တင်စွပ်စွဲခဲ့ကြသည်။ သို့သော် ဟူသီစစ်သွေးကြွဘက်မှ ယခုထက်ထိ ထင်မြင်ချက်တစ်စုံတစ်ခုမျှ မပေးနိုင်သေးကြောင်း သိရသည်။

အီရန်အား ကျောထောက်နောက်ခံပြုသော ဟူသီအုပ်စုက ယီမင်နိုင်ငံ၏ မြောက်ဘက်ဒေသ အတော်များများကို သိမ်းပိုက်ထိန်းချုပ်ပြီး နိုင်ငံတကာက အသိအမှတ်ပြုသော ယီမင်သမ္မတ မန်ဆိုဟာဒီအား မြို့တော်ဆာနားမှ မောင်းထုတ်ခဲ့ချိန် ၂၀၁၄ ခုနှစ်ကတည်းက ယီမင်နိုင်ငံသည် ပြည်တွင်းစစ်နွံထဲ နစ်မြုပ်သွားသည်။

ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့က ဟူသီအုပ်စုကို ၎င်းတို့ ထိန်းချုပ်ထားသည့် ဒေသများမှ တွန်းလှန်တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၅ ခုနှစ်မှစ၍ လေကြောင်းဖြင့် အကြီးအကျယ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် နိုင်ငံအတွင်းပြဿနာ အရှိန်မြင့်မားလာခဲ့သည်။

ငါးနှစ်တာကာလဖြစ်ပွားခဲ့သည့် ယီမင်ပြည်တွင်းစစ်ကြောင့် ပြည်သူသောင်းနှင့်ချီ အသက်ဆုံးရှုံးခဲ့သလို နိုင်ငံအတွင်း ငတ်မွတ်ခေါင်းပါးမှု ကပ်ဘေးကိုလည်း ဖြစ်ပွားစေခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အီဂျစ်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**ကိုင်ရို မေ ၂၇**

အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာအယ်လ်စီစီနှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့သည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ယမန်နေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးစဉ် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံအတွင်း သတ်မှတ်ထားသော အစီအမံများ၊ အတွေ့အကြုံများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း အီဂျစ်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဘာဆမ်ရာဒီက ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဆွေးနွေးစဉ် အိန္ဒိယဝန်ကြီးချုပ်မိုဒီက ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာအဆင့်တွင် မျှတသောနည်းတစ်ခုဖြင့် ပါဝင်ကစားခဲ့သည့် အီဂျစ်နိုင်ငံ၏ ထင်ရှားသော နိုင်ငံရေးအခန်းကဏ္ဍအပေါ် အသိအမှတ်ပြုလိုက်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ အီဂျစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၈၇၅၆ ဦးရှိပြီး ၎င်းတို့အနက် ၇၉၇ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့သည်။ သို့သော် အီဂျစ်နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၂၇ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ထို့အတူ အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၅၈၃၀ ရှိလာပြီး ၎င်းတို့အနက် ၄၁၆၇ ဦး သေဆုံးခဲ့သည်။ သို့သော် ရောဂါကူးစက်ခံရသူ ၆၀၄၉၁ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်လည်ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ



အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာအယ်လ်စီစီ




## သီရိလင်္ကာ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၃၀၀ကျော်ရှိ

**ကိုလံဘို မေ ၂၇**

သီရိလင်္ကာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်စောင့်ကြည့်ရေးစင်တာများ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၀ခန့်ထပ်မံတွေ့ရှိသဖြင့် ရောဂါကူးစက်ခံရသူပေါင်း ၁၃၀၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ယနေ့စာရင်းများတွင် တွေ့ရှိရသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ပြောကြားချက်အရ ကူဝိတ်နိုင်ငံမှပြန်လာသော သီရိလင်္ကာနိုင်ငံသားများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသဖြင့် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခဲ့ကြောင်းသိရသည်။ ကိုရိုနာဗိုင်းရပ်စ်စောင့်ကြည့်ရေးစင်တာများရှိလူများအား စစ်ဆေးထားသော ရလဒ်များအရ လူနာအရေအတွက် ထပ်မံတိုးတက်လာနိုင်ကြောင်း ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် အနီဂျေစင်ဟီက ပြောကြားသည်။ ယနေ့မွန်းလွဲပိုင်းအထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်သူပေါင်း ၁၃၁၉ ဦးရှိကာ ရောဂါကင်းစင်ပြီး ဆေးရုံမှ ပြန်ဆင်းသူပေါင်း ၇၃၂ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများမြင့်တက်ခဲ့သဖြင့် သီရိလင်္ကာတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ သီရိလင်္ကာနိုင်ငံသားများအား ပြန်လည်စေလွှတ်သည့် အစီအစဉ်ကို ရပ်နားထားခဲ့ပြီး အခြားနိုင်ငံများတွင် သောင်တင်နေသော မိမိနိုင်ငံသားများအား ပြန်လည်ခေါ်ယူရန် အစီအစဉ်ရေးဆွဲနေကြောင်း ပြောကြားသည်။ ကိုလံဘိုနှင့် ကန်ဘာလာဆင်ခြေဖုံးဒေသတွင် ညမထွက်ရအမိန့်ကို ရုပ်သိမ်းခဲ့သည်။ ဧပြီ ၃၀ ရက်မှစတင်ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများကို ထပ်မံမတွေ့ရှိရသော်လည်း ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများအား ကျန်းမာရေးလမ်းညွှန်ချက်များကို လိုက်နာရန် တိုက်တွန်းထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## လက်ဘနွန်ရှိ ဆီးရီးယားဒုက္ခသည် ၁၅ ဦးထက်မနည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဘေရွတ် မေ ၂၇**

အရှေ့လက်ဘနွန်ရှိ အဆောက်အအုံတစ်လုံးတွင် နေထိုင်ကြသော ဆီးရီးယားဒုက္ခသည် ၁၅ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း ကုလသမဂ္ဂက ယနေ့ပြောကြားသည်။

လက်ဘနွန်နိုင်ငံ ဘီကာချိုင့်ဝှမ်းရှိ မာ့ဂျ်ဒါလ်အန်ဂျာမြို့တွင် နေထိုင်သော ဆီးရီးယားဒုက္ခသည် ၁၅ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ပြောရေးဆိုခွင့်ရှိသူ လီဆာအလူခါလစ်က ပြောကြားသည်။

လက်ရှိအချိန်၌ လက်ဘနွန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဟု အတည်ပြုလူနာ ၁၁၄၀ မှတ်ပုံတင်ထားပြီး ၎င်းတို့အနက် ၂၆ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ထပ်မံပြောကြား**

မာ့ဂျ်ဒါလ်အန်ဂျာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမတိုင်မီက လက်ဘနွန်နိုင်ငံတွင် ဆီးရီးယားဒုက္ခသည် တစ်ဦးသာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လက်ဘနွန်နိုင်ငံ မာ့ဂျ်ဒါလ်အန်ဂျာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅ ဦးကို လောလောဆယ် သီးခြားခွဲ၍ထားပြီး ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အစားအစာများနှင့် ရောဂါကာကွယ်ရေး ကိရိယာများကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

လက်ဘနွန်အစိုးရသည် လာမည့် သီတင်းပတ်မှစ၍ ဒုက္ခသည်များ စုစည်းသည့် ဒေသများတွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမည်ဖြစ်ရာ ဒုက္ခသည်စခန်းများရှိ ထောင်နှင့်ချီသောဒုက္ခသည်များသည် အဆိုပါ စမ်းသပ်စစ်ဆေးမှုများတွင် ပါဝင်လိမ့်မည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အဆိုပါ ဒုက္ခသည်များအား စမ်းသပ်စစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ဆေးရုံတင်ခြင်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လူဦးရေ ၄ ဒသမ ၅ သန်းခန့်သာရှိသည့် လက်ဘနွန်နိုင်ငံတွင် ကုလသမဂ္ဂ၌ မှတ်ပုံတင်ထားသည့် ဒုက္ခသည် တစ်သန်းနီးပါး အပါအဝင် ဆီးရီးယားဒုက္ခသည် ၁ ဒသမ ၅ သန်းခန့်ရှိကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



## ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ၂၀ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်း

**ပါရီ မေ ၂၇**

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း ၂၀ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံအထိ ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း ပါရီမြို့အခြေစိုက် နိုင်ငံတကာစွမ်းအင်အေဂျင်စီ(အိုင်အီးအေ)က ယနေ့တွင် ပြောကြားခဲ့သည်။

ယခုနှစ်အစပိုင်းကမူ စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်ရာခိုင်နှုန်း တိုးတက်မှုရှိမည့် လမ်းကြောင်းပေါ်တွင်ရှိနေခဲ့ကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီက မှတ်ချက်ပြုပြောကြားခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ရင်းနှီးမြှုပ်နှံမှုတွင် သမိုင်းဝင်သည့် ကျဆင်းမှုမှာ ကြီးမားသည့်ပြဿနာတစ်ရပ်ဖြစ်ကြောင်းလည်း နိုင်ငံတကာစွမ်းအင်အေဂျင်စီမှ အမှုဆောင်ဒါရိုက်တာ ဖာတစ်ဘီရိုလ်က ကြေညာချက်တစ်စောင်တွင် ပြောကြားခဲ့သည်။

ယင်းသို့ဖြစ်ရခြင်းမှာ ယနေ့ကာလတွင် စွမ်းအင်အထောက်အပံ့ဆုံးရှုံးမှုအပါအဝင် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းဆုံးရှုံးမှုကို ဖြစ်ပေါ်စေကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီမှ အမှုဆောင်ဒါရိုက်တာ ဖာတစ်ဘီရိုလ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ |
| --- |
| ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ |
| ၅၇၁၉၃၂၀ ဦး |
| သေဆုံးသူ |
| ၃၅၃၀၇၁ ဦး |
| ပြန်လည်ကျန်းမာလာသူ |
| ၂၄၅၆၄၄၇ ဦး |

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသိန်းဆွေမြင့် (ယခုယာယီရဲမှူး၊ ဟိုပန်မြို့နယ် ရဲတပ်ဖွဲ့မှူး)အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တရားရုံး ရာဇဝတ်ကြီးမှု အမှတ် ၁၀၅၁/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၉၅-က ဖြင့် တရားစွဲဆိုခံရသည့်အမှုနှင့်ပတ်သက်၍ အာမခံ ရရှိရန်အတွက် မြို့နယ်တွဲဖက်တရားသူကြီးနှင့် လှိုင်မြို့မ ရဲစခန်းမှူးတို့ကို ငွေကျပ် ၁၀ သိန်း ပေးခဲ့ရခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆွေမြင့် (ယခုယာယီရဲမှူး၊ ဟိုပန်မြို့နယ် ရဲတပ်ဖွဲ့မှူး)သည် ၂၀၁၈ ခုနှစ် မတ် ၅ ရက်က ရာဇဝတ်ကြီးမှုအမှတ် ၁၀၅၁/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၉၅-က အမှုမှ တရားခံ၏သမီးဖြစ်သူထံမှ ငွေကျပ် ၁၀ သိန်းကို တရားသူကြီးအား ပေးရန်ဟုဆိုကာ လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇ အရ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့မရဲစခန်းတွင် မေ ၂၅ ရက်က ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။ **သတင်းစဉ်**



စိုင်းရဲကျော်သူ(ခ)စိုင်းတူး၊ မသီတာခင်၊ ကျော်ကိုလတ်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# တနိုင်း၊ မြိုင်နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေပိုင်းက တနိုင်းမြို့ ကင်ဆားရပ်ကွက် တပင်ရွှေထီးလမ်း မနောကွင်း ရှေ့တွင် ကိုထွေး၊ စိုင်းမင်းထွန်းနှင့် မိုးဝင်းတို့အား ဆိုင်ကယ် တစ်စီးနှင့်အတူ တွေ့ရှိသဖြင့် ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ သုည ဒသမ ၅၅ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၂၄ ရက် ညနေပိုင်းက မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိုင်မြို့နယ် မြိုင်-ပခုက္ကူသွားကားလမ်း မိုင်တိုင်အမှတ် (၂၅/၇) အနီးတွင် မျိုးဆွေ မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၈၇၇ ပြား၊ ငွေကျပ် ၂၀၀၀၀၀၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ မြိုင်မြို့နယ် ကြက်မောက်ကျေးရွာအုပ်စု သန်းဥတောကျေးရွာနေ မျိုးဆွေ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၇၀၁၉ ပြားကိုလည်းကောင်း။

ထို့အတူ မေ ၂၅ ရက် ညနေပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် လွန်းကျော်ကျေးရွာ အနီး မူဆယ်-မန္တလေးကားလမ်းတွင် ကျော်ကိုလတ် မောင်းနှင်ပြီး စိုင်းရဲကျော်သူ(ခ)စိုင်းတူးနှင့် မသီတာခင်တို့ လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၄၄ ကီလို၊ ငွေကျပ် ၅၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# မိုးမိတ်-တွင်းငယ် ကားလမ်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား သုံးဦး သေ၊ ရှစ်ဦး ဒဏ်ရာရ

**သပိတ်ကျင်း မေ ၂၇**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မိုးမိတ်-တွင်းငယ်ကားလမ်းတွင် ထင်းများတင်ဆောင်လာသည့်ယာဉ် တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ သုံးဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့က မိုးမိတ်-တွင်းငယ်ကားလမ်း မိုင်တိုင်အမှတ်(၀/၁)နှင့်(၀/၂)ကြား မိုးမိတ်မှတွင်းငယ်သို့ စံလင်းထွန်း(တွင်းငယ်)မောင်းနှင်လာသော ထင်းများတင်ဆောင်လာပြီး လူ ၁၁ ဦး ပါလာသည့်ယာဉ်သည် လမ်းကွေ့ အရောက်တွင် တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါလာသူများအနက် မောင်စံလင်းထွန်း၊ မောင်အောင်ကိုလင်း၊ ကိုငွေခဲစိန်တို့ သုံးဦးမှာ နေရာတွင်သေဆုံးခဲ့ပြီး ကိုသန်းထူး၊ ကိုမိုးခိုင်၊ ကိုတင်စိုးခိုင်၊ ကိုသန်းထိုက်အောင်တို့ လေးဦးမှာ (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကာ မန္တလေးပြည်သူ့ဆေးရုံသို့ လွှဲပြောင်း ပို့ခဲ့ပြီး ကျန်လေးဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ရာ တွင်းငယ်တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

သို့ပါ၍ ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းစံလင်းထွန်း(တွင်းငယ်)အား သပိတ်ကျင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ အမျိုးသမီးတစ်ဦးအား ဝက်အူလှည့်ဖြင့် ထိုးသတ်ခဲ့သူအား ဖမ်းမိ

**ရန်ကုန် မေ ၂၇**

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရှေ့ ရပ်ကွက်၌ အမျိုးသမီးတစ်ဦးကို ဝက်အူလှည့်ဖြင့် အချက်ပေါင်းများစွာ ထိုးသတ်ခဲ့သူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရှေ့ ရပ်ကွက် ၉၄ လမ်း၌ အမျိုးသမီး တစ်ဦး ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးမှုဖြစ်ပွားကြောင်း သတင်းအရ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးအောင်ခိုင်၊ မင်္ဂလာတောင်ညွန့် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အောင်ကျော် ထူးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ ရဲအုပ်အောင်ကိုသန့်နှင့်ပူးပေါင်းအဖွဲ့ သည် CCTV မှတ်တမ်းများ၏ တိုက်ဆိုင် စစ်ဆေးပြီး သေဆုံးသူ မရီရီနွယ် (ခ) မချမ်းမြေ့ဦး၏ ချစ်သူဖြစ်သူ အောင်အောင်အား ပူးပေါင်းအဖွဲ့က



သွားရောက်ဖမ်းဆီးရာ ယမန်နေ့ည ၈ နာရီ မိနစ် ၄၀ တွင် မင်္ဂလာတောင် ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ဗညားဒလလမ်းနှင့် ၁၂၆ လမ်းထိပ်၌ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူ နိုင်ရဲကျော် (ခ) အောင်အောင်အား စစ်မေးရာ ၎င်းတို့နှစ်ဦး အပြန်အလှန် စကားများ ကြစဉ် နိုင်ရဲကျော် (ခ) အောင်အောင်က အသင့်ယူဆောင်လာသော ဝက်အူလှည့် ဖြင့် မရီရီနွယ် (ခ) ချမ်းမြေ့ဦး၏ လည်ပင်း၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ ဝဲလက် မောင်းတို့အားထိုး၍ လက်ကိုင်ဖုန်း အား ယူဆောင်သွားခဲ့ကြောင်း၊ ဝက်အူလှည့်အား အခင်းဖြစ်တိုက် ငါးလွှာ၊ လှေကားခွင်ချောင်ထဲတွင် ဝှက်၍ သိမ်းထားခဲ့ကြောင်း စစ်ဆေး သိရှိရသည်။

ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် ကော်ရိုးတပ်အရှည် ကိုးလက်မခန့်ရှိ ထိပ်ဦးချွန် ဝက်အူလှည့်တစ်ချောင်းနှင့် အခြား သက်သေခံပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြီး အမှုအား အမြန်ဆုံး တရားစွဲတင်ပို့နိုင်ရေး စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# မရမ်းကုန်းမြို့နယ်၌ အွန်လိုင်းဖြင့် လောင်းကစားပြုလုပ်နေသူများအား ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် အွန်လိုင်းဖြင့် လောင်းကစား ပြုလုပ်နေသူများအား ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇော်ဇော်ဦး၏နေအိမ်အား လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ယမန်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ဇော်ဇော်ဦးအား လောင်းကစား ပြုလုပ်နေသူတစ်ရပ်ကွက်တည်းနေ ဖြိုးမြင့်သူပါ ရှစ်ဦးတို့နှင့်အတူတွေ့ရှိပြီး နေအိမ်ဧည့်ခန်းအတွင်း၌ အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ သုံးလုံး၊ ဖုန်း ၁၅ လုံး၊ ဘဏ်စာအုပ် ခြောက်အုပ်နှင့် ဘဏ်ကတ်မျိုးစုံ၊ နိုင်ငံကူးလက်မှတ်စာအုပ် သုံးအုပ်၊ ငွေလွှဲလက်ခံပြေစာဖြတ်ပိုင်း ၂၀ ရွက်၊ ငွေစက္ကူရောရော ကျပ် ၃၃၀၀၀၀၀၊ Wi-Fi လွှင့်စက် တစ်လုံး၊ Wave Money လုပ်ကိုင်သည့် ဆင်းကတ်တစ်ခုတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ဇော်ဇော်ဦးပါ ကိုးဦးတို့အား ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**




# ရွှေပြည်သာမြို့နယ်ရှိ အရက်ချက်စက်ရုံ၌ မီးလောင်မှုဖြစ်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အရက်ချက်စက်ရုံ၌ ယနေ့ နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၁)ရှိ စက်မှု(၁)လမ်းနှင့် အင်ကြင်းမြိုင်လမ်းထောင့် Peace Myanmar Group အရက်ချက်စက်ရုံဝင်းအတွင်းရှိ စက္ကူကတ်ထူဂိုဒေါင်အတွင်း ခြင်ဆေးခွေ မီးထွန်းထားရာမှတစ်ဆင့် အနီးရှိ စက္ကူကတ်ထူဖာများအား မီးကူးစက် လောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် စက္ကူကတ်ထူဖာ ဒါဇင် ၁၀၀၀၊ အရက်ပုလင်းဖာ ၁၀၀၊ အဆောက်အအုံ၊ နှစ်ဆန်း ဒီဇယ် ခြောက်ဘီးယာဉ်၏ ဦးခေါင်းခန်းတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်းတို့၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် ရွှေပြည်သာမြို့နယ် မီးသတ် စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ မြို့နယ်အသီးသီးရှိ မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် ၄၂ စီး၊ ရေသယ်ယာဉ် ၁၈ စီး၊ အထောက်အကူပြုယာဉ် ၁၁ စီး၊ ကွပ်ကဲမှုယာဉ် ခုနစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၅၀၂ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၈၇ ဦးတို့က မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် စက်ရုံတာဝန်ခံ ဦးတင်နိုင်ဦးအား ရွှေပြည်သာမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက် ထားကြောင်း သိရသည်။

**ပွင့်သစ္စာ**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၇-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၃၇၅)ခု၊ ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၅၁)ခုနှင့် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၃) ခု၊ စုစုပေါင်း (၆၁၉)ခုတွင် -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၂၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၆) ဦးရှိပါသည်။

၃။ (၂၇-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၂) ဦး (Case-68, 83) ရှိခဲ့သဖြင့် စုစုပေါင်း (၁၂၆) ဦးရှိပြီး ၎င်းတို့အနက် (၁၁၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၆-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၇-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၅၈) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၇-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၅) ခု |
| (၂၇-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၁) ခု |
| (၂၇-၅-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁,၀၀၀) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၀၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၁၂၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၇-၅-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၆-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၄၆၇) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ ဒုတိယအသုတ် စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၁၄) ခုနှင့် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ (၁၆၁) ခုတို့တွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၆-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁၀၂၆) ခု၊ ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၂၅) ခု၊ ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၆၁) ခု၊ စုစုပေါင်း (၁၃၁၂) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦးတွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိကြောင်းကို (၂၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။)

၃။ (၂၇-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၆)ဦးရှိပါသည်။

**COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၇-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | |
|---|---|
| (၂၆-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁,၀၂၆) ခု |
| (၂၆-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂၅) ခု |
| (၂၆-၅-၂၀၂၀) ရက်နေ့အတွက် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၆၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၃) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ IDP စခန်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် မေ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ ဆိုင်းဂျာ၊ ကတ်သလစ်၊ နှစ်ခြင်း၊ လီဆူ၊ ထန်းညနှင့် ညောင်နှစ်ပင်စု စုပေါင်း IDP စခန်း ခြောက်ခုတွင် လက်သန့်ဆေးရည် ၈၆၄ ဘူး၊ ထုံးအိတ် ၆၀ ၊ ဆပ်ပြာ ၂၃၇၃ ခဲ၊ လက်ဆေးစင် ၁၁ ခု၊ Surgical Mask ၈၆၄ ခု၊ အဝတ် နှာခေါင်းစည်း ၆၇၁၂ ခု၊ အပူချိန်တိုင်းကိရိယာ ၁၂ ခု၊ လက်ကိုင်စပီကာ ခြောက်ခု၊ ဗီနိုင်းခြောက်ချပ်နှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick ခြောက်ခုတို့အား သွားရောက် ထောက်ပံ့ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သဲချောင်း၊ ဒါးပိုင်၊ ခေါင်းဒုက္ကာ၊ ဘောဒူဖ(၁)၊ ဘောဒူဖ(၂)၊ သက္ကေပြင်၊ မော်သီညာ၊ အုန်းတောချေ၊ အုန်းတောကြီး(တောင်)၊ အုန်းတောကြီး(မြောက်)၊ ဆေးသမားကြီးနှင့် ဘာဆာရာ စုစုပေါင်း IDP စခန်း ၁၂ ခုတွင် လက်သန့်ဆေးရည် ၁၆၇၂၇ ဘူး၊ အပူချိန်တိုင်းကိရိယာ ခြောက်ခုတို့အား သွားရောက် ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ
မေ ၂၈၊ ၂၀၂၀



# မှော်ဘီမြို့သို့ ရောက်ရှိနေသော ချင်းပြည်နယ် ပလက်ဝမြို့မှ တိုက်ပွဲရှောင်များအတွက် ရောဝတီဖောင်ဒေးရှင်းက ထောက်ပံ့ကူညီ

ရန်ကုန် မေ ၂၇
ရောဝတီဖောင်ဒေးရှင်းသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်သို့ ရောက်ရှိနေသော ချင်းပြည်နယ် ပလက်ဝမြို့မှ တိုက်ပွဲရှောင်မိသားစုများကို ထောက်ပံ့ငွေနှင့် စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းခဲ့သည်။

**ပေးအပ်လှူဒါန်း**

ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် တိုင်းဒေသကြီး အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့်အတူ မှော်ဘီမြို့နယ် စာဖြူစုရပ်ကွက်သို့ သွားရောက်ပြီး တိုက်ပွဲရှောင်မိသားစုများကို တွေ့ဆုံအားပေးကာ အိမ်ထောင်စုတစ်ခုလျှင် ကျပ်တစ်သိန်းစီ၊ ဆန်၊ ဆီအပါအဝင် အစားအသောက်များအား အဆိုပါ တိုက်ပွဲရှောင်များ၏ နေထိုင်စားသောက်ရေး အခက်အခဲများ အဆင်ပြေစေရန် ထောက်ပံ့ကူညီခဲ့ခြင်း ဖြစ်သည်။ ရောဝတီဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ စတင်တွေ့ရှိချိန်မှစ၍ လိုအပ်သည့်နေရာများသို့ လှူဒါန်းလျက်ရှိသလို ယခုအခါ တိုက်ပွဲရှောင်မိသားစုများအား ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**ပါဝင်လှူဒါန်း**

ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ ပါဝင်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်း-ရဲရင့်ရှိုင်း
ဓာတ်ပုံ-ကိုမိုး

# တည်းခိုခန်းများအား သတ်မှတ်စည်းကမ်းများနှင့်အညီ ဖွင့်လှစ်နိုင်ရေး ပူးပေါင်းအဖွဲ့ဖြင့် လိုက်လံစစ်ဆေး

ကျောင်းကုန်း မေ ၂၇
ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားမှု မရှိစေရေးအတွက် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ရှိ တည်းခိုခန်းများအား ယနေ့နံနက် ၉ နာရီက ပူးပေါင်းအဖွဲ့ဖြင့် လိုက်လံစစ်ဆေးခဲ့ကြသည်။

တည်းခိုခန်းများအား မေ ၁၅ ရက်အထိ ယာယီပိတ်ထားခဲ့ပြီး ယခုအခါ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်ရေးအတွက် တည်းခိုခန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီဖွင့်လှစ်နိုင်ရေး လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ကျောင်းကုန်းမြို့တွင် ငွေစင်ကြယ်၊ မြနန်းတော်၊ လဝန်းသစ်နှင့် သုခကြွယ်တည်းခိုခန်း လေးခုအား မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ မြို့နယ်ထွေ/အုပ် ဒုတိယဦးစီးမှူး ဦးမင်းမင်းဗိုလ်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်း၊ မြို့နယ်ကျန်းမာရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် လဝကနှင့် စည်ပင်သာယာရေး ဝန်ထမ်းများ လိုက်ပါစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# နှာခေါင်းစည်းများဝတ်ဆင်ရေး တတိယအကြိမ် Campaign ပြုလုပ် နှာခေါင်းစည်း ၁၂၀၀၀ ကို အင်းစိန်တစ်မြို့နယ်လုံး အခမဲ့ ဖြန့်ဝေပေး

ရန်ကုန် မေ ၂၇
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ရပ်ကွက် ၂၁ ရပ်ကွက်နှင့် လူစည်ကားသည့် ဈေးကြီးများ၊ ကားဂိတ်များနှင့် လမ်းပေါ်ထွက် အလုပ်လုပ်နေကြသူများအား ယမန်နေ့ညနေပိုင်းမှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ တာဝန်ရှိသူများဖြစ်ကြသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ ဦးဝေဖြိုးဟန်နှင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့ ကြီးကြပ်ပြီး အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် မြို့နယ်စည်ပင် ဥက္ကဋ္ဌ ဦးသိန်းသန်းတို့က We Love Insein နှင့် စေတနာ့ဝန်ထမ်းများက အဖွဲ့ ၁၅ ဖွဲ့ခွဲကာ ခရီးသည်တင်ယာဉ်များပေါ်ရှိ ခရီးသွားပြည်သူများ၊ လူစည်ကားရာလမ်းမများပေါ်ရှိ ပြည်သူများ၊ ဈေးကြီးများအတွင်းရှိ ဈေးရောင်း ဈေးဝယ် ပြည်သူများအား နှာခေါင်းစည်းများ ဝတ်ဆင်ရေး တတိယအကြိမ် Campaign ပြုလုပ်၍ နှာခေါင်းစည်း ၁၂၀၀၀ ကို ခရီးသွားပြည်သူများ၊ ဈေးရောင်းဈေးဝယ်ပြည်သူများကို အခမဲ့ဖြန့်ဝေ ဝေငှတပ်ဆင်ပေးခဲ့ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

# ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ရန်ကုန်မြို့မှ အငှားယာဉ် ၁၀၀၀ ကို ပိုးသတ်သန့်စင်မည်

ရန်ကုန် မေ ၂၇
ကိုဗစ်-၁၉ ရောဂါကာလအတွင်း ရန်ကုန်မြို့တွင်းမှ အငှားယာဉ်မောင်းများနှင့် ခရီးသည်များကိုကာကွယ်ရန်အတွက် AYA SOMPO, AYA ဘဏ်နှင့် AIA Myanmar တို့မှ Grab Myanmar နှင့်ပူးပေါင်း၍ အငှားယာဉ်အစီးရေ ၁၀၀၀ အား ပိုးသတ်သန့်စင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်သူအများစိုးရိမ်သောကကင်းရှင်းပြီး ဘေးကင်းလုံခြုံစွာခရီးသွားလာနိုင်စေရန် ရည်ရွယ်၍ မေ ၂၄ ရက်မှ စတင်ပြီး တစ်လတာကာလအတွင်း တာမွေ၊ ရန်ကင်း၊ လှိုင်နှင့် တောင်ဥက္ကလာပမြို့နယ်များရှိ ICAR Auto Service Center ခြောက်ခုတွင် အထူးသန့်စင်ပစ္စည်းများ၊ ကိရိယာများ၊ ကောင်းမွန်စွာလေ့ကျင့်ပေးထားသော ကျွမ်းကျင်သူများနှင့်အတူ Grab အငှားယာဉ်များကို ပိုးသတ်သန့်စင်သွားမည် ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှု၏ ကနဦးခြေလှမ်းအဖြစ် ရန်ကုန်မြို့တွင် AIA Myanmar မှ အငှားယာဉ် ၅၀၀ အား ပိုးသတ်သန့်စင်ပေးသွားမည်ဖြစ်ကာ AYA SOMPO နှင့် AYA ဘဏ်တို့မှ အငှားယာဉ် ၅၀၀ အား ပိုးသတ်သန့်စင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Grab Myanmar ၏ Country Head ဖြစ်သူ Ms. Cindy Toh က “AIA Myanmar, AYA ဘဏ်နဲ့ AYA SOMPO တို့ ပူးပေါင်းပြီး Grab App နဲ့လက်တွဲနေတဲ့ယာဉ်မောင်းတွေ၊ နေ့စဉ်ခရီးသည်တွေနဲ့ မြို့တော်ရဲ့လူထုတွေကို ကာကွယ်ပေးဖို့ Grab တက္ကစီ ၁၀၀၀ ကို ပိုးသတ်သန့်စင်ပေးမယ့် လှုပ်ရှားမှုတစ်ခုဖော်ဆောင်လိုက်တာ အများကြီးကျေးဇူးတင်ရပါတယ်။ မြို့တော်ကို ဝန်ဆောင်မှုပေးနေတဲ့ ဒီယာဉ်မောင်းတွေကို ကူညီထောက်ပံ့ပေးနိုင်ဖို့ဆိုတာ ကျွန်မတို့အတွက်လည်းအရေးကြီးသလို ဒီလှုပ်ရှားမှုက တစ်ဆင့် ပြည်သူလူထုအနေနဲ့ Grab တက္ကစီတွေကို နေ့စဉ်စီးနင်းရာမှာ ယုံကြည်စိတ်ချမှုပိုရှိလာစေဖို့လည်း မျှော်လင့်ပါတယ်” ဟု ပြောသည်။

ပိုးသတ်သန့်စင်ခြင်းအတွက် အားထုတ်ဆောင်ရွက်မှုသည် မဖြစ်မနေသွားလာနေကြရသော ပြည်သူများ၊ ဝန်ထမ်းများနှင့် ယာဉ်မောင်းသူများကြား ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့ခြင်းကို ကာကွယ်ပေးရန် အထောက်အပံ့တစ်ခုဖြစ်လာနိုင်မည်ဖြစ်သလို ယာဉ်အတွင်းသန့်ရှင်းမှုအဆင့်ကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုထက်



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၁၅၉၃ | ၂၀၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၂၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၇၈၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၁၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထား၍)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၆ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၆ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | နေပြည်တော် | ၃ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| | စုစုပေါင်း | ၂၀၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၇-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၇၃၀၀၉၆ | ၄၈၀၃၂၀ | ၁၀၀၇၆၅ |
| ဘရာဇီး | ၃၉၄၅၀၇ | ၁၅၈၅၉၃ | ၂၄၅၉၃ |
| ရုရှား | ၃၇၀၆၈၀ | ၁၄၂၂၀၈ | ၃၉၆၈ |
| စပိန် | ၂၈၃၃၃၉ | ၁၉၆၉၅၈ | ၂၇၁၁၇ |
| ဗြိတိန် | ၂၆၅၂၂၇ | စိစစ်ဆဲ | ၃၇၀၄၈ |
| အီတလီ | ၂၃၀၅၅၅ | ၁၄၄၆၅၈ | ၃၂၉၅၅ |
| ပြင်သစ် | ၁၈၂၇၂၂ | ၆၅၈၇၉ | ၂၈၅၃၀ |
| ဂျာမနီ | ၁၈၁၅၃၀ | ၁၆၂၈၀၀ | ၈၄၉၈ |
| တူရကီ | ၁၅၈၇၆၂ | ၁၂၁၅၀၇ | ၄၃၉၇ |
| အိန္ဒိယ | ၁၅၄၁၈၁ | ၆၅၃၉၄ | ၄၃၇၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၂၈၇၆ | ၁၆၄၄၄ | ၂၃ |
| အင်ဒိုနီးရှား | ၂၃၈၅၁ | ၆၀၅၇ | ၁၄၇၃ |
| ဖိလစ်ပိုင် | ၁၅၀၄၉ | ၃၅၀၆ | ၉၀၄ |
| မလေးရှား | ၇၆၁၉ | ၆၀၈၃ | ၁၁၅ |
| ထိုင်း | ၃၀၅၄ | ၂၉၃၁ | ၅၇ |
| ဗီယက်နမ် | ၃၂၇ | ၂၇၈ | ၀ |
| မြန်မာ | ၂၀၆ | ၁၂၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၇ | ၂ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၆ | ၀ |

# ညောင်တုန်းမြို့နယ်၌ နှာခေါင်းစည်းမဝတ်ဘဲ သွားလာသူများအား စစ်ဆေးဆောင်ရွက်

ညောင်တုန်း မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စုအတွင်း နေအိမ်ပြင်ပသွားလာသူများနှင့် ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမပေါ်ရှိ အဆိုပါအုပ်စုအပိုင် လမ်းပိုင်းအတွင်း နှာခေါင်းစည်းမဝတ်ဘဲ သွားလာနေသူများအား မေ ၂၃ ရက်မှ ယနေ့အထိ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ကိုယ့်ကျေးရွာအုပ်စုအတွင်းရော၊ အဝေးပြေးလမ်းပေါ်က ကျွန်တော်တို့အုပ်စုအပိုင် လမ်းပိုင်းပေါ်မှာရော နှာခေါင်းစည်းမဝတ်ဘဲ သွားလာနေတဲ့သူတွေကို ရပ်တန့်စစ်ဆေးမှုတွေ ပြုလုပ်ပါတယ်။ နှာခေါင်းစည်းမပါတဲ့သူ ပါပေမယ့် ဝတ်ဆင်မထားတဲ့သူတွေကို ကျွန်တော်တို့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ငွေကျပ် ၃၀၀၀ နဲ့ နှာခေါင်းစည်း သုံးခုကို ခုဝယ်၊ ခုဝတ်စနစ်နဲ့ ဝယ်ယူခိုင်းပြီး ဝတ်ဆင်အသုံးပြုစေပါတယ်။ သတ်မှတ်ကာလအထိ သတ်မှတ်နေရာအလိုက် နေ့စဉ်စစ်ဆေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာကတော့ ကျွန်တော်တို့အုပ်စုထဲက ဂေါ်ဒူရွာထိပ်လမ်းစုံ ဖြစ်ပါတယ်" ဟု ထိပ်ဝကြီးကျေးရွာအုပ်စု ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ(စည်းကမ်းထိန်းသိမ်းရေးအဖွဲ့)မှ ဦးသန်းထွန်းဦးက ပြောပြသည်။



ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စုအတွင်း နှာခေါင်းစည်းမတပ်ဘဲ နေအိမ်ပြင်ပသွားလာနေသူများနှင့် ခရီးသွားပြည်သူများအား စစ်ဆေးအရေးယူမှု ပြုလုပ်ဆောင်ရွက်နေသည့် အဆိုပါစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်၊ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးဌေးဝင်း၊ ရပ်မိရပ်ဖ ဦးသန်းထွန်းဦး၊ ချောင်းကြီးနယ်မြေရဲစခန်း၊ တာကွေ့ရဲကင်းမှ အပိုင်နယ်ထိန်း မြင့်ကျော်၊ ဘက်စုံသားဖွားဆရာမ ဒေါ်သန်းသန်းထွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာခွဲတာဝန်ခံများနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သပြေထွန်း

**✻ အိန္ဒိယနိုင်ငံမှ**

လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ မြန်မာသံရုံး၊ နယူးဒေလီမြို့နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် အိန္ဒိယနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်လျက်ရှိရာ ပထမအသုတ်အဖြစ် နယူးဒေလီမြို့နှင့် အနီးဝန်းကျင်ဒေသများမှ မြန်မာနိုင်ငံသား ၉၅ ဦးအား မေ ၁၉ ရက်တွင်လည်းကောင်း၊ ဒုတိယအသုတ်အဖြစ် ချန်နိုင်းမြို့နှင့် အနီးဝန်းကျင်ဒေသများမှ မြန်မာနိုင်ငံသား ၁၂၃ ဦးအား မေ ၂၄ ရက်တွင်လည်းကောင်း အသီးသီးပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်သည့်အတွက် ယနေ့တတိယအသုတ်အပါအဝင် အိန္ဒိယနိုင်ငံမှ စုစုပေါင်း ၂၉၈ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေးပညာပေးညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၇**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၂၂ ရက်တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၄ မြို့နယ်ရှိ နေရာ ၉၄ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၇၉ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၉ ကီလိုဂရမ်၊ ရေ ဂါလန် ၆၄၈၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မြေပြင်အတတ်သင် လေတပ်စခန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ စီးပွားရေးတက္ကသိုလ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် မောင်တောမြို့ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ နေထိုင်သည့် အိုးအိမ်ဦးစီးဌာနပိုင် အဆောက်အအုံများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



## ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ချောင်းဖြတ်တာတည်ဆောက်ပြီးစီးမှုနှင့် စပါးစိုက်ပျိုးနိုင်ရေးဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**ဓနုဖြူ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက မအူပင်ခရိုင် ဓနုဖြူမြို့နယ်ရှိ ကျုံပျော်-သောင်ကြီး-ဓနုဖြူ-မရမ်းချောင်းဖြတ်တာ(တာမိုင်၆၁-၆၂)တည်ဆောက် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မိုးရာသီမတိုင်မီ လုပ်ငန်းများပြီးပြတ်အောင် အမြန်ဆုံး ဆောင်ရွက်ရေးနှင့် အရည်အသွေး စံချိန်စံညွှန်းမီ ဖြစ်စေရေး အလေးထား ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓနုဖြူမြို့နယ်ရှိ တမြာမြစ်ရေတင်စီမံကိန်းဖြင့် နွေစပါး၊ မိုးစပါးဧက ၁၀၀၀ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်၍ တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး အလေးပေးဆောင်ရွက်သွားရန်၊ စီမံကိန်းရေရှည်အသက်ဝင်ရန်နှင့် အမှန်တကယ်အကျိုးရှိပြီး ထိရောက်သောစီမံကိန်းဖြစ်စေရေး အလေးထားဆောင်ရွက်သွားရန်မှာကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ပဲခူး မေ ၂၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ ဧည့်ခန်းမသို့ ယမန်နေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းသည်။

PANKO Myanmar Co., Ltd. နှင့် လောကနတ်ကုမ္ပဏီတို့မှ ဦးကျော်စွာစိုးနှင့် ဦးကျော်စိုးမိုးတို့က လှူဒါန်းရခြင်းအကြောင်းပြောကြားခဲ့ပြီး ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ကျန်းမာရေးအထောက်အကူပြုပစ္စည်း ဝယ်ယူအသုံးပြုရန် သိန်း၅၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၀၀၀၀၊ မျက်နှာအကာအကွယ်အခု ၁၀၀၀၀ တို့ကို လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**






## ချယ်လ်ဆီးကစားသမား ဝီလီယံကို ခေါ်ယူရန် အာဆင်နယ်နဲ့ စပါး အပြိုင်ကြိုးပမ်းနေ

အာဆင်နယ်အသင်းနဲ့ စပါးအသင်းတို့ဟာ ပရီမီယာလိဂ်ပြိုင်ဘက် ချယ်လ်ဆီးအသင်းရဲ့ ကွင်းလယ်ကစားသမား ဝီလီယံကို ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

ဘရာဇီးကွင်းလယ်ကစားသမား ဝီလီယံဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ချယ်လ်ဆီးအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်တဲ့အတွက် အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရရှိနိုင်မယ်လို့လည်း အာဆင်နယ်အသင်းနဲ့ စပါးအသင်းက ယုံကြည်ထားတာဖြစ်ပါတယ်။

ပရီမီယာလိဂ်ကလပ်အသင်းတွေဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဘဏ္ဍာရေးအကျပ်အတည်းတွေဖြစ်ပေါ်နေပြီး မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့က ကစားသမားသစ်ခေါ်ယူဖို့အတွက် ငွေကြေးသုံးစွဲဖို့ရှိနေချိန်မှာ မန်စီးတီးအသင်းကတော့ နောက်တန်းကစားသမားတစ်ဦးနဲ့ တိုက်စစ်ကစားသမားတစ်ဦးတို့ကို ခေါ်ယူဖို့အတွက် ဂျွန်စတုန်းနဲ့ လီရွိုင်းဆာနေးတို့ကို ရောင်းချဖို့ စီစဉ်နေတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ စပါးအသင်းတို့ကတော့ နွေရာသီဈေးကွက်အတွင်းမှာ ကစားသမားသစ်ခေါ်ယူဖို့ ဆန္ဒရှိနေပေမယ့် အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရရှိမယ့်ကစားသမားနဲ့ အငှားစာချုပ်နဲ့ ရရှိမယ့်ကစားသမားတွေကို ရှာဖွေနေတယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား ဝီလီယံဟာ အသင်းနဲ့ စာချုပ်သက်တမ်းတိုးဖို့ ဆန္ဒရှိနေပေမယ့် သဘောတူညီချက်မရရှိခဲ့တာကြောင့် အသင်းကနေ ထွက်ခွာဖို့ရှိနေတာဖြစ်တာမို့ အာဆင်နယ်အသင်းနဲ့ စပါးအသင်းတို့က ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

## ဘာစီလိုနာအသင်းက နွေရာသီဈေးကွက်အတွင်း ကစားသမားခြောက်ဦးအထိ ရောင်းချမည်

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ နွေရာသီဈေးကွက်အတွင်းမှာ ခေါ်ယူမယ့်ကစားသမားတွေအတွက် ရန်ပုံငွေတိုးမြှင့်ရရှိရေး ကြိုးပမ်းမှုတစ်ရပ်အနေနဲ့ ကစားသမားခြောက်ဦးအထိ ရောင်းချဖို့ ရှိနေတယ်လို့ သိရပါတယ်။

လက်ရှိမှာ ဘာစီလိုနာအသင်းဟာ အင်တာမီလန်အသင်းတိုက်စစ်မှူး မာတီနက်ဇ်နဲ့ ဂျူဗင်တပ်အသင်းကွင်းလယ်ကစားသမား ပီဂျာနစ်တို့ကို နွေရာသီဈေးကွက်အတွင်းမှာ ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတာလည်းဖြစ်ပါတယ်။

ကစားသမားသစ်ခေါ်ယူခြင်းမရှိသေးပေမယ့် ဘာစီလိုနာအသင်းဟာ ဘဏ္ဍာရေးအခက်အခဲနဲ့ ရင်ဆိုင်နေရတာဖြစ်ပြီး ကစားသမားသစ်ခေါ်ယူမယ်ဆိုရင် ရန်ပုံငွေပိုမိုလိုအပ်လာမှာလည်းဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ လက်ရှိမှာ ဗီဒယ်၊ ဆီမီဒို၊ တိုဒီဘို၊ ရာဖင်ဟာ၊ ဂျူနီယာဖာပို၊ မောက်ဆာဝါဂူး စတဲ့ကစားသမားတွေကို ရောင်းချဖို့ရှိနေပြီး ဘာစီလိုနာကွင်းလယ်ကစားသမား ဗီဒယ်ဟာ စပိန်ကလပ် ဘာစီလိုနာအသင်းကနေ ထွက်ခွာပြီး နည်းပြကွန်တီရဲ့ အင်တာမီလန်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ရှိနေတာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဗီဒယ်ကို ၂၀၁၈ ခုနှစ်အတွင်းက ဘိုင်ယန်မြူးနစ်အသင်းဆီကနေ ပြောင်းရွှေ့ကြေးပေါင် ၁၃ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး နောက်တန်းကစားသမား ဆီမီဒိုဟာလည်း ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ရှိနေတာဖြစ်ပါတယ်။

အသက် ၂၀ အရွယ်ရှိ တိုဒီဘိုဟာ လက်ရှိမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းမှာ အငှားစာချုပ်နဲ့ ကစားလျက်ရှိပြီး ဘာစီလိုနာအသင်းက တိုဒီဘိုကို ရောင်းချဖို့အတွက် ပြောင်းရွှေ့ကြေးပေါင် ၂၂ ဒသမ ၂ သန်း သတ်မှတ်ထားတာဖြစ်ပေမယ့် ရှော်လ်ကေးအသင်းကတော့ ဘာစီလိုနာက တောင်းဆိုထားတဲ့ဈေးနှုန်းကို ပေးဖို့မရှိဘူးလို့ သိရပါတယ်။

ဘာစီလိုနာအသင်းကနေ ရောင်းချမယ့်ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ ရာဖင်ဟာကလည်း ဘာစီလိုနာအသင်းကနေ ထွက်ခွာဖို့ရှိနေပြီး ဘရာဇီးကြယ်ပွင့် ရာဖင်ဟာဟာ လက်ရှိမှာ လာလီဂါကလပ် ဆယ်တာဗီဂိုအသင်းမှာ အငှားနဲ့ကစားနေတာဖြစ်ကာ ပြောင်းရွှေ့ကြေးပေါင် ၁၄ သန်းနဲ့ အမြဲတမ်းစာချုပ်ချုပ်ပြီး ဆယ်တာဗီဂိုအသင်းဆီ ပြောင်းရွှေ့ဖို့ရှိနေတာဖြစ်ပါတယ်။

ဂျူနီယာဖာပိုဟာ အခုနှစ်ဘောလုံးရာသီမှာ ဘာစီလိုနာအသင်းအတွက် ၁၆ ပွဲပါဝင်ကစားပေးထားပြီး ဘာစီလိုနာအသင်းအနေနဲ့ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းရရှိမယ်ဆိုရင် အဆိုပါကစားသမားကို ရောင်းချဖို့ရှိနေတာဖြစ်ပါတယ်။ ဆီနီဂေါနောက်တန်းကစားသမား မောက်ဆာဝါဂူးဟာ လက်ရှိမှာ ပြင်သစ်ကလပ်နိုက်စ်အသင်းမှာ အငှားစာချုပ်နဲ့ ကစားနေတာဖြစ်ပြီး ဘာစီလိုနာအသင်းက အသက် ၂၁ နှစ်အရွယ် မောက်ဆာဝါဂူးကို ပြောင်းရွှေ့ကြေး ပေါင် ၁၃ သန်းနဲ့ ရောင်းချဖို့ရှိနေတာဖြစ်ပါတယ်။

### အနုပညာ



## ဗီဒီယိုသစ်မှာ ချစ်သူကို ထည့်သွင်းရိုက်ကူးခဲ့တဲ့ အရီရန်နာဂရန်းဒ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ မကြာသေးမီက ထုတ်လွှင့်ပေးခဲ့တဲ့ သူနဲ့ လေဒီဂါဂါတို့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်း Rain On Me အတွက် ပရိုမိုးရှင်းဗီဒီယိုတစ်ခုကို ရိုက်ကူးခဲ့ကာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါ ဗီဒီယိုမှာ အရီရန်နာဂရန်းဒ်က သူ့ရဲ့ချစ်သူ ဒယ်လ်တန်ဂိုးမက်ဇ်ကို ထည့်သွင်းရိုက်ကူးဖော်ပြခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အရီရန်နာဂရန်းဒ်နဲ့ လေဒီဂါဂါတို့နှစ်ဦးဟာ အဆိုပါ ဗီဒီယိုမှာ မိုးလေဝသသတင်းကြေညာသူတွေအဖြစ် ရိုက်ကူးထားပါတယ်။ မိုးရွာနေတဲ့ပုံ ရိုက်ကူးဖို့အတွက် အရီရန်နာဂရန်းဒ် ဆောင်းထားတဲ့ ထီးပေါ်ကို ရေပိုက်နဲ့ ရေဖျန်းပေးရာမှာ ပေ့ါပ်ကြယ်ပွင့်ရဲ့ ချစ်သူ ဒယ်လ်တန်ဂိုးမက်ဇ်က ပါဝင်လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။

အရီရန်နာဂရန်းဒ်ဟာ သူနဲ့ ဂျက်စတင်ဘီဘာတို့ စုံတွဲသီဆိုထားတဲ့ Stuck With You တေးသီချင်းမှာလည်း ချစ်သူကို ထည့်သွင်းရိုက်ကူးခဲ့တာ တွေ့ရပါတယ်။ ဒယ်လ်တန်ဂိုးမက်ဇ်ဟာ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်ပါဘူး။ သူဟာ စီးပွားရေးသမားတစ်ဦးဖြစ်ပြီး လော့စ်အန်ဂျလိစ်တန်ဖိုးမြင့်အိမ်ခြံမြေကိုယ်စားလှယ်တစ်ဦးအဖြစ် လုပ်ကိုင်နေသူဖြစ်ကြောင်း သိရပါတယ်။

## တေးသီချင်းသစ် သီဆိုနေကြောင်း T.O.P ဖော်ပြ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BIG BANG ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ T.O.P ဟာ စတူဒီယိုအတွင်း တေးသီချင်းသီဆိုနေတဲ့ သူ့ရဲ့ဗီဒီယိုကို လတ်တလောမှာ သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

T.O.P က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ စတူဒီယိုအတွင်း ရက်ပ်တေးသီချင်းတစ်ပုဒ်ကို သီဆိုနေတဲ့ သူ့ရဲ့ ဗီဒီယိုကို ဖော်ပြခဲ့ပါတယ်။ ဒါဟာ T.O.P အနေနဲ့ စစ်မှုထမ်းဆောင်ပြီးနောက် တေးဂီတလှုပ်ရှားမှုနဲ့ပတ်သက်ပြီး ပထမဆုံးအကြိမ်ဖော်ပြခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ရုပ်ရှင်၊ ဂီတ၊ သဘင် သက်ကြီးအနုပညာရှင်များအား အလှူငွေပေးအပ်



**ရန်ကုန် မေ ၂၇**

ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာအဖွဲ့တို့တွင်ရှိသော သက်ကြီးအနုပညာရှင်များ၊ ကျန်းမာရေးမကောင်းသည့်အနုပညာရှင်များအတွက် အာယုသုခမအဖွဲ့၏ ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (MMPO Cinema)ရုပ်ရှင်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်ဌွေးက အာယုသုခမအဖွဲ့၏ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဒါန်းငွေများပေးအပ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ဦးနန်းဝင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ဦးညွှန့်လှိုင်တို့က လက်ခံရယူခဲ့ကြသည်။

ယနေ့အာယုသုခမအဖွဲ့၏ ပထမအကြိမ်ငွေလှူဒါန်းမှုတွင် ရုပ်ရှင်အစည်းအရုံးအတွက် အလှူငွေကျပ် ၆၅ သိန်း၊ သဘင်အစည်းအရုံးအတွက် ငွေကျပ်၇၅သိန်း၊ ဂီတအစည်းအရုံးအတွက်ငွေကျပ်၂၅ သိန်း လှူဒါန်းမှုစုစုပေါင်းငွေကျပ် ၁၆၅ သိန်းဖြစ်ကြောင်း သိရသည်။ **မြင့်မောင်**



## ပိန်းဇလုပ်၌ ကူးစက်ရောဂါများအကြောင်း ဟောပြော

**ပိန်းဇလုပ် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ပိန်းဇလုပ်မြို့နယ်မြေခံတပ်ရှိ တပ်မတော်သားများအပြင် မိသားစုများအား ကိုဗစ်-၁၉နှင့် DHF စသည့် ကူးစက်ရောဂါများ အကြောင်း အသိပညာပေးဟောပြောပွဲနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ငှက်ဖျားပိုးရှိ/မရှိ စစ်ဆေးခြင်းတို့ကို ပူးပေါင်းအဖွဲ့ဖြင့် ယမန်နေ့ နံနက်ပိုင်းက အဆိုပါ တပ်နယ်မြေ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာသဲဝတ်ရည်ထွန်းက ယင်းနယ်မြေခံတပ်မှတပ်မတော်သားများနှင့် မိသားစုများအား ကိုဗစ်-၁၉နှင့် DHF စသည့် ကူးစက်ရောဂါများအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး တပ်နယ်မြေဝင်းအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ တပ်မတော်သား၂၆၅ ဦးတို့အား ငှက်ဖျားပိုးရှိ/မရှိ သွေးဖောက်စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**ပိန်းဇလုပ်သိန်းညွှန့်**

# မရမ်းကုန်းမြို့နယ်၌ ဖျားနာကုအခမဲ့ဆေးခန်း ဇွန် ၂ ရက်တွင် ဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မပြန့်ပွားစေရေးနှင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဖျားနာပါက မည်သူမဆိုလာရောက်ပြသနိုင်သည့် ဖျားနာကုအခမဲ့ဆေးခန်းကို ဇွန် ၂ ရက်တွင် မရမ်းကုန်းမြို့နယ်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါဆေးခန်း တာဝန်ခံ ဒေါက်တာရဲလင်းစိုးက ပြောသည်။

ဖျားနာကုအခမဲ့ဆေးခန်းကို မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကျိုက်ဝိုင်းဘောလုံးကွင်း (မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးအနီး)၌ အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်ရာ အပတ်စဉ် စနေနေ့တိုင်း အင်းစိန်ဆေးရုံကြီးမှ ပါမောက္ခကြီး ဒေါက်တာဒေါ်မာမာကြည်က လူနာများအား လာရောက်ကြည့်ရှုစစ်ဆေးကုသပေးသွားမည်ဖြစ်သည်။

"အဓိကကတော့ နှာစေး၊ ချောင်းဆိုး၊ ဖျားနာလူနာတွေကို အဓိကထားကုသပေးမှာပါ၊ ကျွန်တော်တို့က ကိုဗစ်ရယ်လို့မဟုတ်ဘူး၊ ဖျားနာတဲ့သူအားလုံးကုသပေးမှာပါ၊ နောက်ဆိုရင် ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေးတွေလာမယ်၊ အဲဒီအခါကျတော့ ပြစရာဆေးခန်းမရှိတော့ အခက်အခဲရှိတာပေါ့၊ အဓိကက အဲဒီရည်ရွယ်ချက်ပါ၊ ဖျားနာလူနာအကုန်လုံးလာပြလို့ရတယ်၊ ကိုဗစ်အတွက် သီးသန့်ဖွင့်ထားတာမဟုတ်ဘူး၊ အားလုံးအခမဲ့လာပြလို့ရပါတယ်"ဟု ဒေါက်တာရဲလင်းစိုးက ရှင်းပြသည်။

ယင်းဆေးခန်းတွင် စေတနာ့ဝန်ထမ်းဆရာဝန်ငါးဦးအပါအဝင် ပရဟိတလုပ်အားပေး ၁၅ ဦးဖြင့် အလှည့်ကျ ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိ ဆေးခန်းပြင်ဆင်ပြီးစီးမှုရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း၊ ဆေးခန်းအတွက် လိုအပ်သည့် ဆေးဝါးနှင့်ပစ္စည်းများကို Community Fever Clinic Network အဖွဲ့က နှစ်ပတ်စာ ထောက်ပံ့ လှူဒါန်းပေးထားပြီး မြို့နယ်အတွင်းရှိ ပြည်သူများကလည်း လာရောက်လှူဒါန်းကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်သာယာ၊ အင်းစိန်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ သဃ်္ဃန်းကျွန်း၊ ဗိုလ်တထောင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ လှိုင်၊ ရန်ကင်း၊ သာကေတ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မှော်ဘီ၊ တောင်ဥက္ကလာပ၊ ကြည့်မြင်တိုင်၊ တောင်ဒဂုံ၊ မြောက်ဥက္ကလာပ၊ သန်လျင်၊ တွံတေးစသည့် မြို့နယ်များတွင် ဖျားနာကုအခမဲ့ဆေးခန်းများဖွင့်လှစ်ထားပြီး ကျန်မြို့နယ်များတွင်လည်း ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**အေးမင်းသူ**

# ပဲခူးတိုင်းဒေသကြီးအတွင်း ဂရန်အင်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်း ခွင့်ပြုချထားနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ပဲခူး မေ ၂၇**

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များမှ ဂရန်အင်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်း ခွင့်ပြုချထားနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက်က တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လေလံတင်ရောင်းချရေးကြီးကြပ်ရေးအဖွဲ့ တိုင်းဒေသကြီးကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ခေတ်ကာလနှင့်လျော်ညီသော ဂရန်အင်းမြေပုံများရေးဆွဲရေး ကိစ္စရပ်များ၊ ၂၀၂၀-၂၀၂၁ ခုနှစ် ငါးလုပ်ငန်းရာသီနှစ်အတွက် ဂရန်အင်းလေလံတင် ရောင်းချရေးကိစ္စရပ်များဆွေးနွေးကြပြီး ကော်မတီမှတင်ပြချက်များကို ဝန်ကြီးက ညှိနှိုင်းပေါင်းစပ်လမ်းညွှန်ပေးသည်။

အဆိုပါ ဂရန်အင်းလုပ်ကိုင်ခွင့်များကို ယခင်က ဧပြီလတွင်စတင်ဆောင်ရွက်ရာ ယခုနှစ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအခြေအနေများကြောင့် ဂရန်အင်းလုပ်ကိုင်ခွင့်လေလံများကို ဇွန် ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ပဲခူးနှင့် သာယာဝတီ၌ ပထမဦးဆုံး စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားမြို့နယ်များတွင်လည်း ဆက်တိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစုအဖွဲ့လေလံအနေဖြင့် ယခင်နှစ်တွင် လျှောက်ထားသူများပြားပြီး ယခုနှစ်တွင် အစုအဖွဲ့လေလံအနေဖြင့် ၄၈ ဖွဲ့ခန့်နှင့် အင်းပေါင်း ၃၈ အင်းခန့် လုပ်ကိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ဂရန်အင်းလေလံတင် ရောင်းချရေးကြီးကြပ်မှုအဖွဲ့ တိုင်းဒေသကြီးကော်မတီဝင်များ၊ ပဲခူးတိုင်းဒေသကြီး ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းစခန်းများမှတာဝန်ခံများ တက်ရောက်ကြကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**



## ရေနံချောင်း၌ ထိုင်ဝမ်ပြောင်းများ အောင်မြင်ဖြစ်ထွန်း အသစ်ပေါ်ချိန် ဈေးကောင်းရရန်မျှော်လင့်

**ရေနံချောင်း မေ ၂၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ထိုင်ဝမ်ပြောင်းဖူးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တောင်သူများထံမှသိရသည်။

"မြေအောက်ကနေ အစိုဓာတ်ရေနဲ့ စိုက်တဲ့ ထိုင်ဝမ်ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ မိုးအနည်းငယ်ရွာတဲ့အတွက် ရေသွင်းစရိတ်အကုန်အကျ နည်းတယ်။ တောင်သူတွေအတွက် အပိုဝင်ငွေရတဲ့ စိုက်ပျိုးရေးမို့ တောင်သူများက အဓိကစိုက်ကြပါတယ်"ဟု တောင်သူကိုလှဝင်းက ပြောသည်။

ဆောင်းရာသီနှင့် မိုးရာသီတို့တွင် အဓိကထားကာ ထိုင်ဝမ်ပြောင်းကိုစိုက်ကြပြီး ဖေဖော်ဝါရီလက ထိုင်ဝမ်ပြောင်းဖူး ၁၀၀လျှင် ကျပ် ၂၀၀၀၀ ဝန်းကျင်ရောင်းရ၍ တောင်သူများတွက်ချေကိုက်ကြောင်း သိရသည်။ ယခုထိုင်ဝမ်ပြောင်းများသည် ဇွန်လ လယ်တွင် ဖြိုင်ဖြိုင်ဝင်ရောက်မည်ဖြစ်ကာ ဈေးကောင်းရရန်မျှော်လင့်နေကြသည်။ **ဆန်းညွှန့်(ရေနံချောင်း)**

## မီးလောင်မှု၊ မီးလန့်မှုမဖြစ်စေရေးနှင့် ကိုဗစ်-၁၉ရောဂါကာကွယ်ရေး အသိပညာပေး

**မန္တလေး မေ ၂၇**

မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာဒေသန္တရအမိန့်၊ ညွှန်ကြားချက်များအား ချမ်းအေးသာစံမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက ရပ်ကွက်များသို့ ယမန်နေ့ ညနေပိုင်းက သတိပေးနှိုးဆော်မှုများ ပြုလုပ်ဆောင်ရွက်သည်။

ချမ်းအေးသာစံမြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး၊ ဒေသအရန်မီးသတ်တပ်ရင်းမှူးနှင့်သန္ဓေနှင့် ဒေသအရန် မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၂၆ ရက် နံနက်ပိုင်းကဟေမာဇလရပ်ကွက်၊သီရိဟေမာ အနောက်ရပ်ကွက်နှင့်မြို့တော်ဥယျာဉ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းပေးကြကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## ကလေးများအတွက် အသိပညာဗဟုသုတရစရာ ပုံပြင်များကို Online မှ တင်ဆက်ပေးမည်

**ချောက် မေ ၂၇**

ချောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ဌာန၏ ဆောင်ပုဒ်များနှင့်အညီ လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ ကျောင်းများတွင် ကလေးများအား ပုံပြောပြခြင်း၊ စာဖတ်ခြင်းများကို လိုက်လံဆောင်ရွက်ပေးခြင်း၊ကျောင်းပိတ်ရက်များတွင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီ အခြေခံပန်းချီရေးဆွဲခြင်း သင်တန်းနှင့်အတူ ပုံပြောခြင်း၊ စာဖတ်ခြင်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ရောဂါကာလအတွင်း ကလေးများအနေဖြင့် အိမ်တွင် နေထိုင်ရင်း အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ ယနေ့မှစ၍ အသိပညာဗဟုသုတရစရာ ပုံပြင်များကို အွန်လိုင်းမှ တင်ဆက်ပေးသွားမည်ဖြစ်ပြီး ပုံပြင်စာအုပ်များကို အသုံးပြုကာ ချောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှဖွင့်ထားသည့် ဖေ့စ်ဘွတ်ပေ့ချ်အကောင့်ဖြစ်သည့် ချောက်မြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ကလေးများအတွက် ပုံပြောခြင်းအစီအစဉ် တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစမ်းသပ်စက် တပ်ဆင်ပြီးစီးမှုနှင့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်း အသုံးပြုမှု၊ သင်တန်းပို့ချနေမှုများ တာဝန်ရှိသူများ သွားရောက်ကြည့်ရှု

**မန္တလေး မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ ဒေါက်တာရဲလွင်နှင့် ဦးဇာနည်အောင်တို့သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းက မန္တလေးမြို့ မဟာအောင်မြေ မြို့နယ် ၃၅ လမ်း၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြားရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစမ်းသပ်စက်တပ်ဆင်ပြီးစီးမှုနှင့် ရောဂါစမ်းသပ်ရှာဖွေရေးနှင့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ အသုံးပြုမှု သင်တန်းသို့ သွားရောက်ကြည့်ရှုခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးများနှင့်အဖွဲ့သည် အဆိုပါဌာနပရဝဏ်အတွင်း၌ မန္တလေးမြို့ ကိုဗစ်-၁၉ ရောဂါရန်ပုံငွေရှာဖွေရေးကော်မတီမှ ဆောက်လုပ်လှူဒါန်းမည့် အလျား ၆၉ ပေ၊ အနံ ၅၈ ပေ အကျယ်အဝန်းရှိ နိုင်ငံတကာအဆင့်မီ အထက်မြန်မာပြည် ပင်မဓာတ်ခွဲခန်းအဆောက်အအုံ ဆောက်လုပ်ရန် လျာထားသည့် မြေနေရာအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ယင်းအဆောက်အအုံအား တည်ဆောက်လှူဒါန်းမည့် မန္တလေးမြို့ ကိုဗစ်-၁၉ ရောဂါရန်ပုံငွေရှာဖွေရေးကော်မတီမှ ဦးကျော်ကျော်ဝင်းနှင့် အဆောက်အအုံဒီဇိုင်းတာဝန်ခံ ဦးဇင်မင်းဆွေတို့က အဆောက်အအုံဆောက်လုပ်မည့် အခြေအနေများကို ရှင်းလင်းပြသခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးများသည် ယူနန်ပြည်နယ်မှ ရောက်ရှိနေကြသည့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့် ကုသရေးအထူးအလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများနှင့်အတူတပ်ဆင်ပြီးစီးနေသည့် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲခန်းအတွင်း ဇီဝလုံခြုံမှုစနစ်ဖြင့် ရောဂါစမ်းသပ်စစ်ဆေးမှုလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ လက်တွေ့ပြသမှုများကို လိုက်လံကြည့်ရှုရာ ယူနန်ပြည်နယ် ဓာတ်ခွဲပညာရှင်များက ရှင်းလင်းပြသပြီး ယူနန်ပြည်နယ်မှလှူဒါန်းထားသည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကိုကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများသည် ယူနန်ပြည်နယ်ဓာတ်ခွဲပညာရှင်အဖွဲ့က ပို့ချပေးနေသည့် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်ရှာဖွေရေးနှင့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်း အသုံးပြုမှုသင်တန်းသို့ သွားရောက်၍ စာတွေ့ လက်တွေ့ သင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး သင်တန်းသို့ တက်ရောက်နေကြသည့် မန္တလေး၊ လားရှိုး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့တို့မှ သင်တန်းသား သင်တန်းသူ ၂၂ ဦးတို့အား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၄၃၄ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ မေ ၂၇**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၄၃၄ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ကချင်ပြည်နယ်မှ သုံးဦး၊ ကယားပြည်နယ်မှ ၂၆ ဦး၊ ကရင်ပြည်နယ်မှ ၁၉၅ ဦး၊ မွန်ပြည်နယ်မှ ၁၄၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၇၀၊ ပဲခူးတိုင်းဒေသကြီးမှ ၄၃၈ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၅၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၄၅ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၉၅ ဦး၊ နေပြည်တော်မှ ၅၈ ဦး၊ ရှမ်းပြည်နယ်မှ ၄၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၁၀၀ ဦး စုစုပေါင်း ၁၄၃၄ ဦးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သီပေါမြို့နယ်၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**သီပေါ မေ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်က ပြည်သူများ ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက်လှူဒါန်းသည့် နှာခေါင်းစည်း အခု ၁၀၀၀ ကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မေ ၂၆ ရက် နံနက်ပိုင်းက သီပေါမြို့စာတိုက်ထောင့်၌ နှာခေါင်းစည်းဖြန့်ဝေပေးခဲ့ကြသည်။

သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါပိုးတွေ့ရသူမရှိသော်လည်း ကြိုတင်ပညာပေးလုပ်ငန်းများနှင့် နှာခေါင်းစည်းအခမဲ့ဝေငှပေးမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပြီး ကျေးလက်ဒေသ၌လည်း အုပ်ချုပ်ရေး၊ ကျန်းမာရေးဌာနတို့က ကြပ်မတ်ပေးနေသည့်နည်းတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း ရောဂါကာကွယ်ရေးလုပ်ငန်းအတွက် တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**သီပေါကိုလတ်**

# မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ ကိုဗစ် - ၁၉ ရောဂါကင်းရှင်းကြောင်းဆေးလက်မှတ် ရယူနိုင်မည်

**ရန်ကုန် မေ ၂၇**

ပြည်ပနိုင်ငံများသို့ထွက်ခွာကြမည့် မြန်မာသင်္ဘောသားအလုပ်သမားများအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ကိုဗစ် - ၁၉ ရောဂါကင်းရှင်းကြောင်း ဆေးစစ်ခြင်းနှင့် ဆေးလက်မှတ်ထုတ်ပေးခြင်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်ထံမှ သိရသည် ။

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်သည် ကိုဗစ် - ၁၉ ရောဂါ ကင်းရှင်းကြောင်းဆေးလက်မှတ်ရရှိရေးအတွက် မေ ၁၅ ရက်က အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ထိုသဘောတူညီချက်အရ အွန်လိုင်းမှတစ်ဆင့်လျှောက်ထားသည့်သင်္ဘောသားများကို ဆေးစစ်ရန် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်က အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ မေ ၂၁ ရက်တွင် ပထမအသုတ် ခုနစ်ဦး၊ မေ ၂၆ ရက်တွင် ဒုတိယအသုတ် ခြောက်ဦးကို ပို့ဆောင်ပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးကင်းရှင်းကြောင်း ဆေးလက်မှတ်များ ထုတ်ပေးပြီးဖြစ်သည်။ သင်္ဘောသားအလုပ်သမားများမှာ ဆေးစစ်မှုပြုလုပ်ရန် လိုအပ်ပါက ဆေးစစ်ခံယူလိုသည့်ရက်ထက် လေးရက် ကြိုတင်ပြီး မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ် လူမှုကွန်ရက်စာမျက်နှာတွင် ဝင်ရောက်ပုံစံဖြည့်ပြီး လျှောက်ထားရမည်ဖြစ်သည်။ ဆေးစစ်ခြင်းနှင့် ဆေးလက်မှတ်ထုတ်ပေးခြင်းအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းခွဲကို KBZ ဘဏ်ငွေစာရင်းသို့ ပေးသွင်းရမည်ဖြစ်သည်။ ဆေးစစ်မှုခံယူမည့် သင်္ဘောသားအလုပ်သမားများသည် ပတ်စ်ပို့ CDC; SIRP မူရင်းနှင့် မိတ္တူ နှစ်စောင်ယူဆောင်ပြီး အဖွဲ့ချုပ်ရုံးသို့ နံနက် ၉ နာရီအရောက်လာရမည်ဖြစ်သည်။ ဆေးစစ်မှုကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနက စနေ၊ တနင်္ဂနွေနှင့် အများပြည်သူရုံး ပိတ်ရက်များတွင်ပါ ဆေးစစ်ပေးမည်ဖြစ်သည်။ ဆေးလက်မှတ်သက်တမ်းသည် လက်မှတ်ထုတ်ပေးသည့် ရက်၏ ည ၁၂ နာရီမှစ၍ ၇၂ နာရီသက်တမ်းရှိပြီး ၇၂ နာရီအတွင်း မိမိသွားလိုသည့်လေဆိပ်သို့ အရောက်သွားရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အဖွဲ့ချုပ် အမှုဆောင်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင် ဖုန်း-၀၉-၆၉၅၀၀၅၃၆၈ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အောင်သူရ**

# ထီဟန်ထွိုင်းကျေးရွာသို့ သောက်သုံးရေ ဂါလန် ၂၄၀၀ သွားရောက်လှူဒါန်း

**ဆီဆိုင် မေ ၂၇**

နှစ်စဉ်နှစ်တိုင်းနွေရာသီကာလတွင် သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ထီဟန်ထွိုင်းကျေးရွာရှိ မိဘပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် သောက်ရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ယမန်နေ့ မွန်းလွဲပိုင်းက သောက်သုံး ရေဂါလန် ၂၄၀၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

နောင်ကျောကျေးရွာအုပ်စု ထီဟန်ထွိုင်းကျေးရွာရှိ အိမ်ခြေ ၃၅ အိမ်၊ လူဦးရေ ၁၈၀ အတွက် သောက်သုံးရေ အဆင်ပြေစေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းနှင့် ကျေးလက်ဝန်ထမ်းများက ရေဂါလန် ၁၆၀၀ နှင့် အလှူရှင် ဦးရဲမြင့်က ရေဂါလန် ၈၀၀ စုစုပေါင်းရေဂါလန် ၂၄၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းအနောက်ပိုင်းရပ်ကွက် ပိတောက်လမ်းအား မေ ၂၆ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ဒေသခံပြည်သူများထည့်ဝင်ငွေဖြင့် အရှည်ပေ ၁၂၂၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မ ကွန်ကရစ်ခင်းလုပ်ငန်း ဆောင်ရွက်စဉ်။

အောင်ကျော်ဦး

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

( ဇ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်း၊

( ဈ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု တိုးတက်လာစေရေး လုပ်ငန်း စီမံကိန်းများကို သတ်မှတ်ကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိ-မရှိ စောင့်ကြည့်စစ်ဆေးခြင်းနှင့် လုပ်ငန်းစီမံကိန်းများအား ခေတ်ကာလနှင့် ကိုက်ညီစေရန် ပြင်ဆင်ဆောင်ရွက်ခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း စီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် နည်းပညာဆိုင်ရာအထောက်အပံ့များရရှိစေရေး ဆောင်ရွက်ခြင်း၊

( ဋ ) ဝန်ကြီးဌာနများက ဆောင်ရွက်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အစီအစဉ်များ၊ ဝန်ကြီးဌာနများနှင့် နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းကွပ်ကဲခြင်း၊

( ဌ ) မော်တော်ယာဉ်ကြောင့်ဖြစ်သော ပတ်ဝန်းကျင်ထိခိုက်မှုအား လျော့နည်းကျဆင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုလျော့ချရေး စီမံဆောင်ရွက်ခြင်း၊

( ဍ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် စပ်လျဉ်းသည့် စာတမ်းပြုစုခြင်း၊ ကွင်းဆင်းလေ့လာခြင်းနှင့် သုတေသနပြုခြင်းတို့အတွက် လိုအပ်သည့် မူဝါဒများ၊ အမိန့်၊ ညွှန်ကြားချက်များချမှတ်ဆောင်ရွက်ခြင်း၊

( ဎ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများ၏ ရန်ပုံငွေသုံးစွဲမှုအား ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ဏ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကို အန္တရာယ်ကင်းစွာ သယ်ယူပို့ဆောင်နိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(တ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်အစီရင်ခံတင်ပြခြင်း၊

၆။ အမျိုးသားကောင်စီသည်-

(က) လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်စေလျက် သင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ဒေသဆိုင်ရာ ကောင်စီများကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ ဖွဲ့စည်းသော ဒေသဆိုင်ရာ ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဒေသဆိုင်ရာကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားကောင်စီက ချမှတ်ပေးသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ခ ) အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်း စီမံချက်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတွင် အကောင်အထည်ဖော်ရန် ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ခြင်း၊

( ဂ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ဖြစ်ပေါ်တိုးတက်မှုများကို အချိန်နှင့် တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်နှင့်အမျိုးသားကောင်စီသို့ သတ်မှတ် ကာလအလိုက် အစီရင်ခံစာများ ပြုစုတင်ပြခြင်း၊

(ဃ) တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ရန်ပုံငွေ စနစ်တကျသုံးစွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များရရှိစေရေး ဆောင်ရွက်ခြင်း၊

( င ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရန်ပုံငွေ လက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အား လိုအပ်သလို တာဝန်ပေးအပ်ခြင်း၊

( စ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဟန့်အတားဖြစ်စေနိုင်ကြောင်း ပြည်သူတစ်ရပ်လုံးမှသိရှိပြီး ပိုမိုလေးစားလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဆ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်း၊

( ဇ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှုတိုးတက်လာစေရေး လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိ-မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

( ဈ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် နည်းပညာဆိုင်ရာ အထောက်အပံ့များရရှိစေရေး ဆောင်ရွက်၍ အကောင်အထည်ဖော်မှုအား အမျိုးသားကောင်စီသို့ တင်ပြခြင်း၊

(ည) မော်တော်ယာဉ်ကြောင့်ဖြစ်သော ပတ်ဝန်းကျင်ထိခိုက်မှုအား လျော့နည်းကျဆင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုလျော့ချရေး စီမံဆောင်ရွက်ခြင်း၊

( ဋ ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် စပ်လျဉ်းသည့် စာတမ်းပြုစုခြင်း၊ ကွင်းဆင်းလေ့လာခြင်းနှင့် သုတေသနပြုခြင်းတို့အတွက် ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဌ ) အမျိုးသားကောင်စီက ချမှတ်ပေးသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များ၊ အစီအမံများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဍ ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတွင် ဖြစ်ပေါ်နေသည့် ဒေသအလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအခြေအနေများအရ ချမှတ်သည့်လုပ်ငန်းများ၊ မော်တော်ယာဉ်ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းရေးကိစ္စရပ်များနှင့် ယာဉ်ကြောပိတ်ဆို့မှုဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၈။ ဒေသဆိုင်ရာကောင်စီသည် ခရိုင်နှင့် မြို့နယ်အလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အဖွဲ့များကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။ ယင်းသို့ လုပ်ငန်းတာဝန်များ သတ်မှတ်ရာတွင် ဒေသဆိုင်ရာကောင်စီ၏ လုပ်ငန်းတာဝန်များနှင့်အညီ သတ်မှတ်ပေးနိုင်သည်။

## အခန်း (၄)
## ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၉။ ဝန်ကြီးဌာနသည် အောက်ပါကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်-

(က) ပြည်တွင်း၌အသုံးပြုသည့် မော်တော်ယာဉ်များ သွားလာခွင့်ရှိသည့် နေရာဒေသတို့ကို သတ်မှတ်ခြင်းနှင့် ကန့်သတ်ခြင်း။

( ခ ) နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံဖြတ်ကျော် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သွားလာခြင်းနှင့် သက်ဆိုင်သော ကုန်းလမ်းဖြင့်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များ သတ်မှတ်ခြင်း။

၁၀။ ဝန်ကြီးဌာနသည် -

(က) မော်တော်ယာဉ် မတော်တဆထိခိုက်မှု အန္တရာယ်များ၊ မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ၊ ယာဉ်ကြောကျပ်တည်းမှုများ လျော့နည်းကျဆင်းလာစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လေ့လာသုံးသပ်ခြင်း၊ လမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များချမှတ်ခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

( ခ ) ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ အမျိုးသားကောင်စီသို့ လိုအပ်သော မူဝါဒများ၊ စည်းကမ်းချက်များနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး အကြံပြုခြင်းများ ဆောင်ရွက်ရမည်။

၁၁။ ဝန်ကြီးဌာနသည် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူ လိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီ ယာဉ်မောင်းနှင်ခွင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ အခကြေးငွေနှင့်ဒဏ်ကြေးငွေများ၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ မော်တော်ယာဉ် စစ်ဆေးခြင်း ပုဂ္ဂလိက လုပ်ငန်းလုပ်ကိုင်သူက ကောက်ခံရရှိသော သတ်မှတ်ယာဉ်စစ်ဆေးခများထဲမှ ဦးစီးဌာနသို့ ပေးသွင်းစေရမည့် အခကြေးငွေများနှင့် ဒဏ်ကြေးငွေများ၊ ဤဥပဒေနှင့် နည်းဥပဒေများနှင့်အညီ သတ်မှတ်ကောက်ခံမည့် မော်တော်ယာဉ် စီမံခန့်ခွဲခြင်းဆိုင်ရာ အခကြေးငွေများနှင့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ခြင်း၊ လိုအပ်သလို ပြင်ဆင်ခြင်းပြုနိုင်သည်။

၁၂။ ဝန်ကြီးဌာနသည် -

(က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အများပြည်သူအကျိုးငှာ မည်သည့်မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် မှတ်ပုံတင်ခ၊ ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာနှင့် ယာဉ်မောင်းလိုင်စင်ဆိုင်ရာ အခြားအခကြေးငွေတို့ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

( ခ ) မော်တော်ယာဉ် အသုံးပြုနိုင်မည့်သက်တမ်းကို သတ်မှတ်ပေးရမည်။

( ဂ ) မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများနှင့် စံသတ်မှတ်ချက်များကို အတည်ပြုထုတ်ပြန်ရမည်။

၁၃။ ဝန်ကြီးဌာနသည် -

(က) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို စစ်ဆေးရန် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ကို သဘောတူစာချုပ်ချုပ်ဆို၍ စည်းကမ်းချက်များ သတ်မှတ်ပြီး တာဝန်ပေးအပ်နိုင်သည်။

( ခ ) မော်တော်ယာဉ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့အနေဖြင့်မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်း စွမ်းဆောင်ရည် အကဲဖြတ်ခြင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဦးစီးဌာနက ပေးချေရမည့် ဝန်ဆောင်ခကို သတ်မှတ်ပေးရမည်။ ယင်းအဖွဲ့၏ သက်တမ်းကာလတို့ကိုလည်း သတ်မှတ်ရမည်။

## အခန်း(၅)
## ဦးစီးဌာန၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁၄။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

( ခ ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

( ဂ ) ပြည်တွင်းသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်ပ မှတ်ပုံတင်မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ပြည်ပသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်တွင်းမှတ်ပုံတင်မော်တော်ယာဉ်ကိုသော်လည်းကောင်း နိုင်ငံတကာနှင့်ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ဒေသဆိုင်ရာ သဘောတူညီချက်များအရ မြန်မာနိုင်ငံက လက်ခံကျင့်သုံးနိုင်သည့် နိုင်ငံတကာနှင့် ဒေသတွင်း နိုင်ငံများမှ ထုတ်ပေးသော ယာဉ်မောင်းလိုင်စင်ကို အသိအမှတ်ပြု မောင်းနှင်ခွင့်ပြုခြင်း။

( င ) မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများနှင့် စံသတ်မှတ်ချက်များကို သတ်မှတ်၍ ဝန်ကြီးဌာနသို့ တင်ပြခြင်းနှင့် သက်တမ်းတိုး မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊

( စ ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာ ကျွမ်းကျင်သူအဖွဲ့၏ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပေးချေရမည့်ဝန်ဆောင်ခကို ပေးချေခြင်း၊

( ဇ ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစား ခွဲခြားခြင်း၊ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးခြင်း၊ မောင်းနှင်ခွင့်နှင့် သုံးစွဲခွင့်ဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်ခြင်း၊

( ဈ ) အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် အသစ်ထုတ်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# စက်မှုဇုန်ဥပဒေပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

(ဏ) စက်မှုဇုန်အတွင်း အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးကော်မတီ၏ တင်ပြချက်ကို စိစစ်ခွင့်ပြုပေးခြင်း၊

(တ) စီမံခန့်ခွဲရေးကော်မတီမှ တင်ပြလာသည့် စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းအမျိုးအစားများ သတ်မှတ်ပေးခြင်း၊

(ထ) စက်မှုဇုန်အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို ဗဟိုကော်မတီသို့ ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်း၊

( ဒ ) စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများကို ဥပဒေအရ အရေးယူခြင်း၊

( ဓ ) လိုအပ်သော ကျွမ်းကျင်အလုပ်သမားများရရှိနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်ပေးရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( န ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ မြေ ကာလတန်ဖိုးသတ်မှတ်ခြင်းနှင့် ဒဏ်ကြေးကောက်ခံခြင်း။

**အခန်း (၅)**

**စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၈။ ဒေသဆိုင်ရာကော်မတီသည် –

(က) ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ စက်မှုဇုန်အလိုက် စီမံခန့်ခွဲရေးကော်မတီတစ်ရပ်စီကို ရင်းနှီးမြှုပ်နှံသူများက မိမိတို့ထဲမှ ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

( ခ ) ပုဒ်မခွဲ(က)ပါ ရင်းနှီးမြှုပ်နှံသူများက ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များထဲမှ တစ်ဦးကို အဖွဲ့ဝင်များ၏ ဆန္ဒဖြင့်ရွေးချယ်ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

( ဂ ) ပုဒ်မခွဲ (က) ပါ အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို အများဆန္ဒအရ ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ဃ) စီမံခန့်ခွဲရေးကော်မတီကို ဥက္ကဋ္ဌ အပါအဝင် အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၂၁ ဦးအထိ ဖွဲ့စည်းရမည်။

( င ) ကော်မတီဝင်များ လစ်လပ်သည့်အခါ အစားထိုးခန့်ထားခြင်းကို ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၉။ စီမံခန့်ခွဲရေးကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီတွင် ကော်မတီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထိသာ ထမ်းဆောင်ရမည်။ ပုဒ်မ ၈ ပုဒ်မခွဲ (င) အရ အစားထိုး ခန့်အပ်ခြင်းခံရသည့် ကာလကို သက်တမ်းတစ်ခုဟု မမှတ်ယူရ။

၁၀။ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) သက်ဆိုင်ရာ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသော စီမံကိန်း၊ နှစ်စဉ်လုပ်ငန်းစီမံချက်တို့ကို ရေးဆွဲပြီး ဒေသဆိုင်ရာ ကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) တည်ထောင်ပြီး စက်မှုဇုန်များတွင် သတ်မှတ်ချက်များနှင့်အညီ အသုံးမပြုရသေးသော မြေနေရာများအား စိစစ်၍ စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဒေသဆိုင်ရာ ကော်မတီသို့ တင်ပြခြင်း၊

( ဂ ) စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းအမျိုးအစားများ သတ်မှတ်ရန် တင်ပြခြင်းနှင့် ဒေသဆိုင်ရာ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ အခွန်အခ၊ စည်ပင်သာယာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေး၊ လျှပ်စစ်စွမ်းအင်နှင့် ရေရရှိရေး စသည့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င ) နိုင်ငံခြားသား ကျွမ်းကျင်အလုပ်သမားများနှင့် ပညာရှင်များအလုပ်ခန့်ထားရေးအတွက် လိုအပ်သည်များကို ထောက်ခံတင်ပြခြင်း၊

( စ ) စက်မှုဇုန်တွင် လာရောက်နေထိုင်သော နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ၊ ကျွမ်းကျင် အလုပ်သမားများနှင့် ပညာရှင်များ၊ ယင်းတို့၏ မိသားစုဝင်များ နေထိုင်ခွင့်ရရှိရေးနှင့် ပြည်တွင်းခရီးသွားလာရေး တို့အတွက် လိုအပ်သည်များကို ထောက်ခံတင်ပြခြင်း၊

(ဆ) စက်မှုဇုန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ စက်ရုံမှ စွန့်ထုတ်ပစ္စည်း စွန့်ပစ်ရေးစနစ်ကို စိစစ်ကြပ်မတ်ခြင်း၊ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေခြင်း၊

( ဇ ) ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီတို့မှ ထုတ်ပြန်သောမူဝါဒများ၊ ညွှန်ကြားချက်များနှင့်အညီ စည်းကမ်းများ ထုတ်ပြန်ခြင်းနှင့် စက်မှုဇုန်အတွင်း စီမံခန့်ခွဲခြင်း၊

( ဈ ) တည်ထောင်ပြီးစက်မှုဇုန်အတွင်း လိုအပ်သော စားသောက်ဆိုင်၊ လူနေဆိုင်ခန်း၊ လူမှုဖူလုံရေးရုံး၊ လူမှုဖူလုံရေးဆေးခန်း၊ သင်တန်းကျောင်းများနှင့် လူနေတိုက်တာအဆောက်အဦများအတွက် လိုအပ်သောမြေနေရာကို ဒေသဆိုင်ရာကော်မတီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ဆောင်ရွက်နိုင်ခြင်း၊

(ည) စက်မှုဇုန် စီမံခန့်ခွဲမှုရုံးကို ဖွဲ့စည်းပြီး ၎င်းရုံးတွင် တာဝန်ထမ်းဆောင်မည့် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများခန့်အပ်ခြင်း၊

( ဋ ) စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံလိုသူ၏ လျှောက်ထားချက်သည် တည်ဆဲဥပဒေများနှင့် ညီညွတ်ပါက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း လုပ်ကိုင်နိုင်ရန် လျှောက်ထားသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာဌာနများသို့ ထောက်ခံချက်ပေးခြင်း၊

( ဌ ) စက်မှုဇုန်နှင့်သက်ဆိုင်သော ဖွံ့ဖြိုးရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ရန်ပုံငွေ ကောက်ခံခြင်းအား ဒေသဆိုင်ရာကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဍ ) အလုပ်သမားများ ခန့်ထားခြင်း၊ လစာနှင့် အချိန်ပိုလုပ်ခ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအပါအဝင် အလုပ်သမားများ၏ အကျိုးခံစားခွင့်များရရှိရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

( ဎ ) စက်မှုဇုန်တွင် ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် ဒေသဆိုင်ရာကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဏ) စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ အထောက်အကူပြု ဆပ်ကော်မတီများကို လိုအပ်ပါက ဖွဲ့စည်းခြင်း။

**အခန်း(၆)**

**စက်မှုဇုန်သတ်မှတ်ကြေညာခြင်း**

၁၁။ အစိုးရအဖွဲ့သည် –

(က) ဤဥပဒေအရ စက်မှုဇုန်တည်ထောင်ရန် ဗဟိုကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြသည့် တည်နေရာအား စိစစ်၍ ငြင်းပယ်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

( ခ ) ပုဒ်မခွဲ(က)အရ အတည်ပြုပေးသော တည်နေရာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်အပိုင်းအခြားကို စက်မှုဇုန်တည်ထောင်မည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာရမည်။

( ဂ ) တည်ထောင်ပြီး စက်မှုဇုန်များအား သတ်မှတ်ချက်များနှင့်အညီ အမျိုးအစား၊ အဆင့်အတန်း ခွဲခြားသတ်မှတ်၍ စက်မှုဇုန်အဖြစ် ကြေညာရမည်။

(ဃ) စက်မှုဇုန်မြေများအား စက်မှုလုပ်ငန်းများနှင့် ဆက်စပ်သည့် သတ်မှတ်ထားသော ဝန်ဆောင်မှုလုပ်ငန်းများမှအပ အခြားနည်း အသုံးပြုခွင့်မရှိစေရန် လိုအပ်သည့် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ပေးရမည်။

၁၂။ ဒေသဆိုင်ရာကော်မတီသည် သတ်မှတ်ကြေညာပြီးဖြစ်သော စက်မှုဇုန် တည်နေရာရှိမြေများကို စက်မှုဇုန်မြေအဖြစ် ဖော်ဆောင်နိုင်ရန် စက်မှုဇုန် ဧရိယာနယ်နိမိတ်အား တိကျစွာ သတ်မှတ်ဖော်ပြခြင်း၊ မြေပုံထုတ်ပေးခြင်း တို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားရမည်။

**အခန်း(၇)**

**စက်မှုဇုန်တည်ထောင်ခြင်း**

၁၃။ ဗဟိုကော်မတီသည် အောက်ပါအခြေခံရမည့်အချက်များကို မူတည်၍ သင့်လျော်သည့်ဒေသ သို့မဟုတ် နယ်မြေတွင် စက်မှုဇုန်တည်ထောင်ရန်အတွက် ဒေသဆိုင်ရာကော်မတီမှ အဆိုပြုတင်ပြချက်ကိုစိစစ်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စက်မှုဇုန်အသစ်များ တည်ထောင်ရန် ဆောင်ရွက်နိုင်သည်–

(က) ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ်သတ်မှတ်သည့် နယ်မြေဖြစ်ခြင်း၊

( ခ ) စက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန် လုံလောက်သော မြေနေရာရှိခြင်းနှင့် လိုအပ်သော အခြေခံအဆောက်အအုံ (Infrastructure) များ ပါဝင်သည့် စက်မှုဇုန် အကောင်အထည်ဖော်ရေး ပင်မစီမံကိန်း (Master Plan) ကို ဆောင်ရွက်နိုင်ခြင်း၊

( ဂ ) ဆိပ်ကမ်း၊ လေယာဉ်ကွင်းကဲ့သို့ နိုင်ငံတကာထွက်ပေါက်ရှိခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဆက်သွယ်ရေးလမ်းကြောင်း သို့မဟုတ် ပြည်တွင်းဈေးကွက်များကို အလွယ်တကူ သွားလာဆက်သွယ်နိုင်ခြင်း၊

(ဃ) စက်မှုကုန်ကြမ်းများ၊ အရင်းအမြစ်များနှင့် အခြေခံထုတ်ကုန်များ ပြည့်စုံလုံလောက်စွာ ရရှိနိုင်ခြင်း၊

( င ) ကျွမ်းကျင်အလုပ်သမားများ၊ ကျွမ်းကျင်မှုအထိုက်အလျောက်ရှိသည့် အလုပ်သမားများနှင့် သင်ကြားလေ့ကျင့်ပျိုးထောင်ပေးနိုင်သော အလုပ်သမားများရရှိနိုင်ခြင်း။

၁၄။ ဒေသဆိုင်ရာကော်မတီသည်–

(က) ရင်းနှီးတည်ဆောက်သူကို တည်ဆဲဥပဒေများ၊ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်ရမည်။

( ခ ) ပုဒ်မခွဲ(က) အရ ရွေးချယ်ရာတွင် နိုင်ငံတော်နှင့်နိုင်ငံသားများအား အကျိုးရှိစေနိုင်မှု၊ စီမံကိန်းကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် စက်မှုဇုန်လုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်စွမ်းရှိမှုတို့ကို အဓိကထည့်သွင်းစဉ်းစား၍ ဦးစားပေးရွေးချယ်နိုင်သည်။

၁၅။ စက်မှုဇုန်တည်ထောင်ရာတွင် အောက်ပါမြေအသုံးချမှု အင်္ဂါရပ်များနှင့် ရာခိုင်နှုန်း အချိုးအစားအတိုင်း ပါဝင်ရမည်–

(က) စက်မှုလုပ်ငန်းနယ်မြေ (Industrial Area) အတွက် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ၊

( ခ ) ကုန်သွယ်မှုနယ်မြေ (Commercial Area) အတွက် ၁ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ၊

( ဂ ) စက်မှုဇုန်ဝန်ဆောင်မှုနှင့် အထောက်အကူပြု အသုံးချနယ်မြေ (Public Utilities and Assistant Area) အတွက် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ၊

(ဃ) စိမ်းလန်းနယ်မြေ (Green Belt) အတွက် ၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ။

၁၆။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ခြင်းအား စက်မှုလုပ်ငန်းမူဝါဒနှင့်အညီ အဆိုပြု၍ ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရမည်။

**အခန်း(၈)**

**ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း**

၁၇။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ကူညီထောက်ပံ့ငွေ၊ ပုဒ်မ ၇ ပုဒ်မခွဲ (ည)နှင့် (ဋ) အရ ရရှိသည့်ရငွေများနှင့် အခြားရငွေများဖြင့် ရန်ပုံငွေ ထူထောင်ထားရှိရမည်။

၁၈။ ဒေသဆိုင်ရာကော်မတီသည် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ယင်း၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၁၉။ စီမံခန့်ခွဲရေးကော်မတီသည် ရင်းနှီးမြှုပ်နှံသူများ၏ အချိုးကျထည့်ဝင်ငွေများ၊ ဒဏ်ကြေးငွေများနှင့် အခြားရငွေများဖြင့် ရန်ပုံငွေထူထောင်ထားရှိရမည်။

၂၀။ စီမံခန့်ခွဲရေး ကော်မတီသည် ပုဒ်မ ၁၀ ပုဒ်မခွဲ (ဌ) အရ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးဆပ်ကော်မတီများကို ဒေသဆိုင်ရာ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

၂၁။ ဒေသဆိုင်ရာကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့သည် မိမိတို့ ထူထောင်ထားရှိသည့် ရန်ပုံငွေစာရင်းများကို မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော ပြင်ပစာရင်းစစ်၏ စာရင်းစစ်ဆေးမှု ခံယူရမည်။

**(ဆက်လက်ဖော်ပြပါမည်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ဓမ္မစကြာဒေသနာတော်ကို မြတ်ဗုဒ္ဓအလိုကျ ပဋိဝေဓဉာဏ်ဖြင့် ချဉ်းကပ်လေ့လာခြင်း

စာရေးသူ ဦးရဲမြင့်အောင်(ဖိလစ်ပိုင်သံအမတ်ကြီးဟောင်း)စီစဉ်ရေးသားသည့် ဓမ္မစကြာဒေသနာတော်ကို မြတ်ဗုဒ္ဓအလိုကျ ပဋိဝေဓဉာဏ်ဖြင့် ချဉ်းကပ်လေ့လာခြင်း စာအုပ်ထွက်ရှိလာသည်။

စာရေးသူ၏ ဓမ္မစာစုများတွင် ဉာဏ်ဖြစ်သည့်အတိုင်း ဆရာစားမချန် ရိုးသားပွင့်လင်းစွာ ရေးသားတင်ပြထားသည်။ တရားချစ်ခင်သူတော်စင်များအနေဖြင့်လည်း ဆရာစွဲ၊ တရားစွဲ၊ ရိပ်သာစွဲများစွန့်ပယ်၍ ဖတ်ရှု လေ့လာနှလုံးသွင်း စိစစ်ဝေဖန်ကြည့်ပါ၊ အဖန်ဖန် သမ္မသက်ပွ၊ ဝိဘဇ္ဇ လုပ်ကြည့်ပါ၊ ဝိမုတ္တိယုဂခေတ်တွင် အပရစာရဂါမိနောလမ်း၊ အိုနာသေ မခြားသောလမ်းဖြင့် အပါယ်ပိတ်၊ သံသရာရပ်၊ နိဗ္ဗာန်မြင်၊ နိဗ္ဗာန်ဝင်နိုင်ကြစေရန် ဆုတောင်းမေတ္တာပို့သလျက်ရှိသည်။

စာအုပ်ကို ဒေါ်စမ်းစမ်းထွန်း၊ 2-A၊ ပထမထပ်၊ အမှတ်-၁၈၊ ချမ်းသာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၅၁၂၀၃၄၈မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။




## နိဗ္ဗာန်

စာရေးသူ ဉာဏ်ပွင့်အောင်(ကွမ်းခြံကုန်း) စီစဉ်ရေးသားသည့် နိဗ္ဗာန် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နိဗ္ဗာန်ဟာ လောကုတ္တရာနာမ်။ စိတ်၊ စေတသိက်ဟာ လောကီနာမ်။ နိဗ္ဗာန်အာရုံမှတစ်ပါး ဘယ်အရာမှ မချမ်းသာ။ နိဗ္ဗာန်အာရုံမှလွဲရင် ဆင်းရဲတာချည်းပဲ၊ နိဗ္ဗာန်ဟာ ရုပ်၊ နာမ်၊ ကံ၊ ဉာဏ်ကို စောင့်ရှောက်ပါတယ်။ နိဗ္ဗာန်ရဲ့ ငြိမ်းအေးပုံအဖုံဖုံကို အာရုံပြု ဆင်ခြင်နေတာ ဥပသမာနုဿတိဘာဝနာဖြစ်ပါတယ်။ နိဗ္ဗာန်ဓမ္မကို နိဗ္ဗာန်ပရိယတ်များထဲမှရွေးကာ ရိုးရှင်းစွာ တင်ပြထားသည်။

စာအုပ်ကို ကံ့ကော်မြိုင်စာပေ၊ အမှတ်-၇၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၅၁၁၅၆၀၉၀မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။



## မင်းရေးကြွယ်ကြွယ်

ဗိုလ်မှူးကြီး(ဟောင်း) တင်မောင်စီစဉ်ရေးသားသည့် မင်းရေးကြွယ်ကြွယ် စာအုပ်ထွက်ရှိလာသည်။

ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်လှသော နိုင်ငံရေးအတွင်း တပ်မတော်သားတို့၏ ပါဝင်ပတ်သက်လှုပ်ရှားခဲ့ကြရပုံနှင့် တပ်မတော်သားတို့အနေဖြင့် တိုင်းပြည်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကာကွယ်စောင့်ရှောက်တည်ဆောက်ခဲ့ကြပုံကို လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။ နိုင်ငံရေးပါတီများပြိုကွဲမှု၊ နိုင်ငံရေးပါတီတို့၏ အချင်းချင်းအားပြိုင်မှုတို့ကြောင့် တိုင်းပြည်အခြေအနေ ပျက်ယွင်းခဲ့ရမှုတို့ကို သင်ခန်းစာယူဖွယ်ရာအဖြစ် ရေးသားထားသည်။

စာအုပ်ကို မြဝတီစာပေတိုက်၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ၁၅-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၃၂၄၉၈၇၂၄မှ တန်ဖိုးငွေကျပ် ၁၇၀၀ဖြင့် ဖြန့်ချိသည်။



## ယနေ့ ရန်ကုန်အိမ်ခြံမြေအပြောင်းအလဲ ရောင်းကြ၊ ဝယ်ကြ ကိုယ်တွေ့ကြုံရသည့်ဖြစ်ရပ်များ

စာရေးသူ လွှတ်တော်ရှေ့နေ မောင်ကောင်းဖေ စီစဉ်ရေးသားသည့် ယနေ့ ရန်ကုန်အိမ်ခြံမြေ အပြောင်းအလဲ ရောင်းကြ၊ ဝယ်ကြ ကိုယ်တွေ့ကြုံရသည့် ဖြစ်ရပ်များစာအုပ် ထွက်ရှိလာသည်။

ယနေ့ ရန်ကုန် အိမ်ခြံမြေ တိုက်ခန်းကွန်ဒို အရောင်းအဝယ်လောကတွင် အိမ်ခြံမြေအထာကို နှစ်ပေါင်းများစွာ အတွေ့အကြုံရှိထားသော လွှတ်တော်ရှေ့နေတစ်ဦး၏ ပြီးပြည့်စုံသော အိမ်ခြံမြေတိုက်ခန်းဆိုင်ရာအတွေ့အကြုံများကို စုစည်းဖော်ပြထားသောကြောင့် အိမ်ခြံမြေ တိုက်ခန်းဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေသူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မောင်ကောင်းဖေစာပေ၊ အမှတ်-၁၇၆၆၊ ရောဝဏ်ဆက်စပ်လမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၅၁၀၁၅၀၈၉ မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။

# ဘုတလင်မြို့နယ် အုတ်အိုင်ကျေးရွာရှိ လျှော်ဖြူစိုက်ခင်း သက်တမ်းနှစ်နှစ်ဖြင့် ဝင်ငွေရရှိ

**ဘုတလင် မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အုတ်အိုင်ကျေးရွာမှ တောင်သူဦးအောင်သန်း၏ လျှော်ဖြူစိုက်ခင်းကို ၂၀၁၈ခုနှစ် ဇွန်လအတွင်းက စတင်ပျိုးထောင်စိုက်ပျိုးခဲ့ရာ သက်တမ်းနှစ်နှစ်ဖြင့် လျှော်ဖြူစေးရယူပြီး ဝင်ငွေရရှိနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



အဆိုပါလျှော်ဖြူခြောက်ကေစိုက်ခင်းတွင် အပင်ပေါင်း ၁၂၀၀ကို ၁၅ပေပတ်လည်အကွာအဝေးဖြင့် စတင်ပျိုးထောင်စိုက်ပျိုးခဲ့ပြီး လျှော်ဖြူပင်တစ်ပင်ကို တစ်ပေအကျယ်၊ တစ်ပေအနက်ရှိကျင်းထဲတွင် ဘိုကာရှီမြေဆွေးတစ်ပြည်နှင့် အပေါ်ယံမြေလွှာရောထည့်၍ ရေလောင်းစိုက်ပျိုးခဲ့ကာ လျှော်ဖြူပင်များ အောင်မြင်ဖြစ်ထွန်းရန် ဘိုကာရှီမြေဆွေးကို အဓိကထား အသုံးပြုခဲ့ကြောင်း သိရသည်။

"၂၀၁၈ခုနှစ်က စိုက်ထားတဲ့ နှစ်နှစ်သက်တမ်းရှိ လျှော်ဖြူပင် ၁၂၀၀ ထဲက အပင် ၈၀၀ ကို တစ်ပင်ငွေကျပ် ၁၆၀၀၀ နှုန်းနဲ့ အငှားချထားခဲ့တာအပင် ၈၀၀ အတွက် ၁၂၈ သိန်းရရှိခဲ့ပါတယ်။ စတင်ပျိုးထောင်ခဲ့တဲ့ ၂၀၁၈ခုနှစ်နဲ့ ၂၀၁၉ခုနှစ်မှာ ပျိုးထောင်စိုက်ပျိုးစရိတ် သိန်း ၂၀ စီခန့် ကုန်ကျခဲ့ပါတယ်။ အခုနှစ်မှာလည်း သိန်း၂၀ခန့် အကုန်အကျခံပြုစုစိုက်ပျိုးမှာဖြစ်လို့ ကုန်ကျစရိတ်အနေနဲ့ သိန်း ၆၀ လောက်ရှိတဲ့အတွက် ၆၈သိန်းအမြတ်ရခဲ့ပါတယ်"ဟု လျှော်ဖြူစိုက်သူ ဦးအောင်သန်းက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**



မေ ၂၅ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ သာသနာ့ဗိမာန်ကန့်သတ်စောင့်ကြည့်စခန်းရှိ ကျား/မ ၃၁ ဦးတို့အား တစ်ဦးလျှင် ကျပ် ၄၀၀၀နှုန်းဖြင့် ကျပ် ၁၂၄၀၀၀၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့အတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ငါးစုံတို့ကို ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက် လွတ်လပ်ရေးလမ်းတွင် ဒေါက်တာကြည်ထူးမိသားစုက လှူဒါန်းစဉ်။

နိုးတူး(ကျောက်တန်း)

## ပြည်တွင်း မတ်ပဲနှင့် ပဲစင်းငုံဈေး အနည်းငယ်ပြန်ကျ

**ရန်ကုန် မေ ၂၇**

ပြည်တွင်း မတ်ပဲနှင့် ပဲစင်းငုံဈေး အနည်းငယ် ပြန်ကျကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူးဦးမင်းကိုဦးက ပြောသည်။

ပြီးခဲ့သည့်လ မဟာအတာသင်္ကြန်အပြီး မတ်ပဲတစ်တန်လျှင် ငွေကျပ် ၉၉၅၀၀၀ မှ ၁၀၀၀၀၀၀အထိ ဖြစ်ပေါ်ခဲ့ပြီး လက်ရှိတွင် မတ်ပဲတစ်တန်လျှင် ကျပ် ၉၆၀၀၀၀ မှ ၉၆၅၀၀၀ အထိ အနည်းငယ်ကျဆင်းခဲ့သည်။ ပဲစင်းငုံတစ်တန်လျှင် ကျပ် ၈၀၀၀၀၀ အထိ ဖြစ်ပေါ်ခဲ့ပြီး လက်ရှိတွင် ပဲစင်းငုံ တစ်တန်လျှင် ကျပ် ၇၇၀၀၀၀ အထိ အနည်းငယ်ကျဆင်းခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒအပြောင်းအလဲများကြောင့် ဈေးကျဆင်းရကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အိန္ဒိယအစိုးရအနေဖြင့် ယခင်ပြည်ပမှ တင်သွင်းမည့် မတ်ပဲတန်ချိန် ၄၀၀၀၀၀ကိုလာမည့် ၂၀၂၁ ခုနှစ် မတ် လအတွင်း အပြီးတင်သွင်းရမည်ဟု ကြေညာခဲ့သော်လည်း မေ ၂၂ ရက်တွင် အချိန်သုံးလအတွင်းအပြီးတင်သွင်းရမည်ဟု အသိပေးစာထုတ်ပြန်၍ မူဝါဒထပ်မံ ပြောင်းလဲလိုက်ခြင်းဖြစ်သည်။ **ငြိမ်းငြိမ်း**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လူ့သက်တမ်းစေ့နေနိုင်ဖို့ ဆေးလိပ်၊ စီးကရက်ဖြတ်ကြစို့

ဝင်းသူအောင်(သုတေသန)

၂၀၂၀ ပြည့်နှစ် မေလ ၃၁ ရက်နေ့သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့(World No Tobacco Day)ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(World Health Organization–WHO) နှင့် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် နှစ်စဉ် မေလ ၃၁ ရက်နေ့ရောက်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို အခမ်းအနားများ၊ လူထုလှုပ်ရှားမှုများဖြင့် ကျင်းပကြပါသည်။ ကျင်းပရသည့်ရည်ရွယ်ချက်မှာ ဆေးလိပ်လက်တွေ့သောက်သုံးသူကိုယ်တိုင်သာမက မသောက်သုံးသော်ငြားလည်း သောက်သုံးသူအနီးပတ်ဝန်းကျင်မှာနေရ၍ ဆေးလိပ်ငွေ့ရှူနေကြရသည့် Second–hand smoker များကို ဆေးလိပ်သောက်ခြင်းက အဆုတ်ကျန်းမာရေးထိခိုက်ပြီး အသက်အန္တရာယ်ခြိမ်းခြောက်မှုအထိ သက်ရောက်မှုရှိနေသည်ကို အသိပညာပေးရန်၊ ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်တားမြစ်ရေးနှိုးဆော်ရန်စသည့်အချက်များ ဖြစ်ပါသည်။



### ကိုဗစ်–၁၉ ကပ်ရောဂါနှင့် ဆေးလိပ်အန္တရာယ်

ယခုကာလသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကတည်းက တရုတ်နိုင်ငံ ဝူဟန်မြို့မှာ စတင်ဖြစ်ပွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှစ၍ အန္တာတိကတိုက်မှလွဲပြီး ကမ္ဘာ့နိုင်ငံနှင့် ပိုင်နက်နယ်မြေအားလုံးနီးပါးကို ကူးစက်ပျံ့နှံ့ခဲ့သည့် ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြီးဖြစ်ပွားနေချိန်ဖြစ်ပါသည်။ ၎င်းကပ်ရောဂါဆိုးကြီးဖြစ်ပွားနေသည်မှာ လေးလကျော် ငါးလအတွင်းသို့ ရောက်ရှိလာခဲ့ပြီး လက်ရှိအချိန်အထိ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကူးစက်မှုနှင့် သေဆုံးမှုဖြစ်စဉ်များ နေ့စဉ်နှင့်အမျှ တိုးပွားနေဆဲဖြစ်ပါသည်။

၎င်းကပ်ရောဂါဆိုးကြီးသည် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများအနက်မှ အဆုတ်တစ်ခုကိုသာ ရွေးချယ်၍ တိုက်ခိုက်ခြင်းဖြစ်သောကြောင့် အထူးသဖြင့် ဆေးလိပ်သို့မဟုတ် ဆေးလိပ်အစားထိုး အီးစီးကရက်သောက်သုံးသူများ သတိပြုဆင်ခြင်ကြရန် လိုအပ်ပါသည်။ ထို့အပြင် ကမ္ဘာ့ဆေးဘက်ဆိုင်ရာ ပါရဂူများကလည်း ဆေးလိပ်နှင့် အီးစီးကရက်သောက်သုံးသူများတွင် ကိုဗစ်–၁၉ ကပ်ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ် ထိခိုက်နိုင်ခြေပိုများသောကြောင့် ဆေးလိပ်နှင့် အီးစီးကရက်သောက်ခြင်းကို ဖြတ်ကြရန်လည်း တရားဝင်ထုတ်ပြန်ပြောကြားထားပြီး ဖြစ်သည်။

### အတုယူဖွယ်ရာ လှုပ်ရှားမှုများ

ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရများအနေဖြင့် ဆေးလိပ်နှင့် အီးစီးကရက်များရောင်းချခြင်း၊ သောက်သုံးခြင်း မပြုလုပ်ကြရန် တားမြစ်ပိတ်ပင်မှုများ စတင်လုပ်ဆောင်လျက်ရှိပါသည်။ ထိုသို့တားမြစ်သည့်နိုင်ငံများတွင် ဘူတန်၊ အိန္ဒိယ၊ လာအို၊ နီပေါ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်းနှင့် အရှေ့တီမောကဲ့သို့ မိမိတို့အိမ်နီးချင်းနိုင်ငံများပါဝင်ပါသည်။ အာဆီယံ ၁၀ နိုင်ငံတွင် လေ့လာထားသောစာတမ်းအရ ကမ္ဘောဒီးယား၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံတို့တွင် အီးစီးကရက်ထိန်းချုပ်ခြင်းနှင့် ပတ်သက်သည့် သီးသန့်ဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေများ ပြဋ္ဌာန်းထားပါသည်။

### အစိုးရ၏ အားတက်ဖွယ်ရာ ကြိုးပမ်းမှု

မြန်မာနိုင်ငံသည် WHO ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (Framework Convention on Tobacco Control–FCTC) ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ၁၁ နိုင်ငံမြောက်အဖွဲ့ဝင် ဖြစ်ခဲ့ပါသည်။ အဆိုပါဥပဒေကို ၂၀၀၆ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၀၇ ခုနှစ် မေလ ၂၄ ရက်နေ့တွင် အာဏာအသက်ဝင်ခဲ့ပါသည်။ သို့သော်လည်း ၎င်းဥပဒေတွင် အီးစီးကရက်နှင့်ပတ်သက်၍ ပိတ်ပင်တားမြစ်ထားခြင်း မရှိသေးသဖြင့် ပြန်လည်ရေးဆွဲရန် ဆောင်ရွက်ခဲ့ရာမှာ ဥပဒေပညာရှင်များငှားရမ်းပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်၌ မူကြမ်းရေးဆွဲရေးစီစဉ်ထားကြောင်း၊ ဥပဒေသစ်တွင် အီးစီးကရက်အပါအဝင် ဆေးလိပ်နှင့် ဆေးရွက်ကြီးဆက်စပ်ပစ္စည်းများ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ကြောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမဆောင်၌ မေလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြောကြားခဲ့ပါသည်။

> **ဆေးလိပ်သောက်ခြင်း၏အန္တရာယ်များမှာ ကင်ဆာရောဂါ၊ အဆုတ်နှင့် သက်ဆိုင်သည့် ရောဂါများ၊ နှလုံးနှင့် သက်ဆိုင်သည့်ရောဂါများ၊ ဦးနှောက်နှင့် သက်ဆိုင်သည့်ရောဂါများ ဖြစ်ပွားရုံသာမက ခန္ဓာကိုယ်တစ်ခုလုံးနှင့် ခန္ဓာကိုယ်လှုပ်ရှားမှုစနစ်များအပေါ်တွင်ပါ သက်ရောက်မှုများ ရှိနေခြင်းတို့ကြောင့် ဆေးလိပ်သောက်ခြင်းသည် လူ့သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေသည်မှာ အငြင်းပွားဖွယ်ရာမရှိ**

ထို့အပြင် ယခုနှစ်ကျရောက်သော ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ကိုဗစ်–၁၉ ကပ်ရောဂါကာလဖြစ်၍ မဆောင်ရွက်နိုင်သော်လည်း အီးစီးကရက်အန္တရာယ်အား ပြည်သူလူထု သိရှိလာစေရန် အနုပညာရှင်များပါဝင်သည့် အသိပညာပေး Short Video Clip ရိုက်ကူးပြီး ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသရန် ရှိပါသည်။ ထို့မျှမကသေးဘဲ အဆိုပါအနုပညာရှင်များ၏ ဖေ့စ်ဘွတ်၊ WHO နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ဖေ့စ်ဘွတ်စာမျက်နှာများမှတစ်ဆင့် Media Campaign များ ပြုလုပ်ခြင်း၊ ကိုဗစ်–၁၉ Quarantine Centre များ၌ အသိပညာပေးပိုစတာများ ကပ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

### အသိသတိဖြင့် ပူးပေါင်းပါဝင်ကြစေလို

ယနေ့အချိန်အခါတွင် အရွယ်ရောက်ပြီးသူများသာမက အသက် ၁၈ နှစ်မပြည့်သေးသော အရွယ်မရောက်သေးသည့် လူငယ်များပင်လျှင် ဆေးလိပ် သို့မဟုတ် အီးစီးကရက်ကို သောက်သုံးလျက်ရှိပါသည်။ ဆေးလိပ်သောက်သုံးရသည့်အကြောင်းရင်းမှာ အချို့ကအပျင်းပြေစေဖို့၊ အချို့ကလည်း အကြောင်းအမျိုးမျိုးကြောင့် စိတ်ညစ်လို့၊ အချို့က အတွေးအခေါ်ကောင်းစေဖို့၊ အချို့ကတော့ လက်ကြားမှာ ဆေးလိပ်လေးညှပ်ပြီး စတိုင်ထုတ်ဖို့ စသည် .....စသည်ဖြင့်။ ဆေးလိပ်နှင့်အီးစီးကရက်တို့သည် နီကိုတင်းဓာတ်များပါဝင်သောကြောင့် စွဲလမ်းစေသည့်အပြင် အသက်အန္တရာယ်ပေးနိုင်သော ကင်ဆာရောဂါ အပါအဝင် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းတို့ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေနိုင်သော ဓာတ်ပစ္စည်းများလည်းပါဝင်၍ မသောက်သုံးကြရန် WHO က သတိပေးထားပြီးဖြစ်ပါသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သော အမေရိကန်နှင့် တရုတ်နိုင်ငံတို့ပင်လျှင် ဆေးလိပ်ကင်းစင်ရေးလှုပ်ရှားမှုများကို နှစ်ရှည်စီမံကိန်းချ၍ ဆောင်ရွက်လျက်ရှိပါသည်။

သာဓကအနေဖြင့် အမေရိကန်နိုင်ငံတွင် လူငယ်များဆေးလိပ်သောက်သုံးမှုနှုန်း မြင့်တက်လာခြင်းအား ထိန်းချုပ်ရန်ရည်ရွယ်ပြီး နိုင်ငံတစ်ဝန်းမှာ ဆေးလိပ်နှင့် အီးစီးကရက်ဝယ်ယူခွင့်ရှိသည့် အသက်ကို ၁၈ နှစ်မှ ၂၁ နှစ်သို့ တိုးမြှင့်မည့် အက်ဥပဒေကို အမေရိကန်ကွန်ဂရက်၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် မဲခွဲဆုံးဖြတ်အတည်ပြုခဲ့ပါသည်။ တရုတ်နိုင်ငံတွင်လည်း ၂၀၁၉–၃၀ ကျန်းမာရေးလုပ်ငန်းစီမံချက် ချမှတ်ထားပြီး ၎င်းစီမံချက်အရ တရုတ်ကွန်မြူနစ်ပါတီရုံးများ၊ အဖွဲ့အစည်းများနှင့် အစိုးရဌာနများအနေဖြင့် လုပ်ငန်းခွင်နေရာများ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးနယ်ပယ်များ၌ ဆေးလိပ်သောက်သုံးမှုကို တဖြည်းဖြည်း တားမြစ်ပိတ်ပင်ခြင်းဖြင့် ဆေးလိပ်ကင်းစင်သည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်လာစေရေး ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ဆေးလိပ်နှင့် အီးစီးကရက်ရောင်းချခြင်းဖြင့် အသက်မွေးမှုစီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများ၊ သောက်သုံးသူများအနေဖြင့် WHO နှင့် အစိုးရတို့၏ လမ်းညွှန်အကြံပြုချက်များသည် မိမိတို့ကိုယ်တိုင်နှင့် အများပြည်သူ ကျန်းမာရေးအတွက် ဖြစ်သည်ကို သိရှိလိုက်နာပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် အရေးကြီးပါသည်။

### ဆေးလိပ်ဖြတ်ကြပါစို့

ဆေးလိပ်သောက်ခြင်း၏ အန္တရာယ်များမှာ ကင်ဆာရောဂါ၊ အဆုတ်နှင့်သက်ဆိုင်သည့် ရောဂါများ၊ နှလုံးနှင့် သက်ဆိုင်သည့်ရောဂါများ၊ ဦးနှောက်နှင့် သက်ဆိုင်သည့်ရောဂါများ ဖြစ်ပွားရုံသာမက ခန္ဓာကိုယ်တစ်ခုလုံးနှင့် ခန္ဓာကိုယ်လှုပ်ရှားမှုစနစ်များအပေါ်တွင်ပါ သက်ရောက်မှုများ ရှိနေခြင်းတို့ကြောင့် ဆေးလိပ်သောက်ခြင်းသည် လူ့သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေသည်မှာ အငြင်းပွားဖွယ်ရာ မရှိပေ။ ကိုဗစ်–၁၉ ကိုရိုနာဗိုင်းရပ်စ်သည်လည်း အဆုတ်နှင့်ပတ်သက်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်မျိုးဖြစ်သောကြောင့် အဆုတ် သို့မဟုတ် ကိုယ်ခံစွမ်းအားနည်းစေမည့် အရာမှန်သမျှကို ရှောင်ကြဉ်ကြရန်နှင့် မရှောင်ကြဉ်ပါက များပြားလှသည့် အန္တရာယ်များ ဆိုက်ရောက်လာမည်ဖြစ်ကြောင်း၊ အဆိုပါအချက်ကို သိရှိလိုက်နာခဲ့မည်ဆိုပါက ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြီးကို ကျော်ဖြတ်နိုင်ရန် အခွင့်အလမ်းပိုရှိလာမှာ ဖြစ်သည့်အတွက် ဆေးလိပ် သို့မဟုတ် အီးစီးကရက် သောက်သုံးနေမှုကို အခုပဲ ဖြတ်လိုက်ကြစေလိုကြောင်း အမေရိကန်ကလေးသူငယ်မူးယစ်ဆေးဝါးကင်းစင်ရေးအဖွဲ့ဥက္ကဋ္ဌ Matthew Myers က ပြောကြားထားပါသည်။ ထို့ကြောင့် မိမိသည် ဆေးလိပ်၊ သို့မဟုတ် အီးစီးကရက်ကို လက်ရှိသောက်သုံးနေသူဖြစ်ပါက ဆေးလိပ်မသောက်ရေးနေ့မှစ၍ သောက်သုံးခြင်းကို ရပ်သင့်၊ ဖြတ်သင့်ပါသည်။

### အကြံပြုတိုက်တွန်းချက်

အစိုးရပိုင်းအနေဖြင့် ပြည်ပဈေးကွက်များမှ ဆေးလိပ်နှင့် ဆေးရွက်ကြီးတင်သွင်းမှုကို ကန့်သတ်ထိန်းချုပ်ခြင်း၊ လူငယ်လူရွယ်များကို ဆေးလိပ်မရောင်းရန် စတိုးဆိုင်များကိုတားမြစ်ခြင်း၊ တရားမဝင်ဆေးလိပ်ကြော်ငြာမှုများကို ပြင်းပြင်းထန်ထန် အပြစ်ပေးအရေးယူခြင်းနှင့် ဆေးလိပ်သောက်သည့် ဇာတ်လမ်းပြကွက်များကို ရုပ်ရှင်များနှင့် ရုပ်သံအစီအစဉ်များ၌ မဖော်ပြရန်တားမြစ်ခြင်း စသည့်အချက်များကို ယခုထက်ပို၍ တင်းတင်းကျပ်ကျပ် ပြုလုပ်သင့်ပါသည်။ ထို့အပြင် အများပြည်သူ သွားလာနေထိုင်သည့်နေရာများ၌ ကြီးကြပ်မှုနှင့် တရားဥပဒေစိုးမိုးမှုကို ခိုင်မာအောင် ဆောင်ရွက်ခြင်း၊ ဆေးလိပ်သောက်သုံးခြင်း၏အန္တရာယ်များကို အများပြည်သူသိရှိစေရေးအတွက် ဆေးလိပ်သောက်သုံးမှု တားမြစ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး အစီအစဉ်များတိုးမြှင့်ပြုလုပ်ခြင်း စသည့်အချက်များကိုလည်း လုပ်ဆောင်သင့်ပါသည်။

စာရေးသူအနေဖြင့် ဆေးလိပ်သောက်သုံးခြင်း မရှိသူများကို ဆေးလိပ်သောက်သည့် အလေ့အထများ အစပျိုးမလုပ်ဆောင်ကြရန်၊ လက်တည့်မစမ်းမိကြစေရန်နှင့် Second–hand smoker များမဖြစ်အောင် သတိထားနေထိုင်ကြရန် တိုက်တွန်းလိုပါသည်။ ဆေးလိပ်သောက်သုံးသူများကိုတော့ ဆေးလိပ်မသောက်ရနယ်မြေစည်းမျဉ်းစည်းကမ်းများ လိုက်နာရန်နှင့် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ရှိ မိသားစုများ၊ သူငယ်ချင်းအပေါင်းအသင်းများ၏ ကျန်းမာရေးမထိခိုက်စေရေးနှင့် လူ့သက်တမ်းစေ့နေနိုင်ကြစေရေးတို့အတွက် ငဲ့ညှာပြီးဆေးလိပ်ဖြတ်ကြရန် အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

## ဗိုလ်မှူးခင်မောင်နွယ်(ငြိမ်း)

**လေ-၁၄၅၈၊ D.S.A (8 Intake)**

**အသက် (၇၉) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ အမှတ်(၃၀၁)နေ ဒေါ်ကြည်ကြည်နွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဇော်-ဒေါ်ခင်မြဦး၊ ဗိုလ်မှူးချုပ်နိုင်နိုင်ဦး-ဗိုလ်ကြီး ဒေါ်ကြည်နွယ်ဦး(ငြိမ်း)၊ ဗိုလ်မှူးကျော်ထင်(ခ)သစ္စာ(ငြိမ်း)-ဒေါ်ဥမ္မာခိုင်၊ ဦးဇာနည်လင်း၊ ဦးဇာနည်ရဲဟိန်း-ဒေါ်အေးနန္ဒာမောင်၊ ဦးမြတ်ကြည်မောင်တို့၏ဖခင် ဗိုလ်မှူးခင်မောင်နွယ်(ငြိမ်း)သည် ၂၇-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၀ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ၊ (ခုတင်-၇၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့၊ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးခင်မောင်နွယ်(ငြိမ်း)**

**လေ-၁၄၅၈၊ D.S.A (8 Intake)**

**အသက် (၇၉) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ အမှတ် (၃၀၁)နေ ဒေါ်ကြည်ကြည်နွဲ့၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးခင်မောင်နွယ်(ငြိမ်း)သည် ၂၇-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ၊ (ခုတင်-၇၀၀)၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်နည်းပညာတက္ကသိုလ်**
**အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများ**

ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်တင်ကြည်(ခ)ကစ်တီ

**(လူမှုထူးချွန် တတိယအဆင့်)**

**အသက် (၈၉) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ် အမှတ်(၆)ရပ်ကွက်၊ ဗိုလ်ရွှေလမ်း၊ အမှတ်(၁၁၇/၁၁၉)နေ (ဦးသန်းအောင်-ဒေါ်ညွှန့်ရင်) တို့၏ သမီး၊ (ဦးအလုံ)၏ ဇနီးသည် ၂၇-၅-၂၀၂၀(ဗုဒ္ဓဟူးနေ့) ညနေ ၄:၂၅ မိနစ်တွင် ဗဟိုရိပ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၂၀(သောကြာနေ့) ၁၁:၀၀ အချိန်တွင် ရေဝေးသုသာန်၌ ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဝင်းကြည်**

**အသက် (၈၇) နှစ်**

1985–95 Batchဆေးတက္ကသိုလ် (၁) မှသူငယ်ချင်း ဒေါက်တာ ညီညီအောင်၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ဝင်းကြည်သည် ၂၆-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၃၇ နာရီတွင် ရန်ကုန်မြို့၊ ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းတို့ရဲ့ မိသားစုနှင့်အတူ စာနာစွာဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁) 85–95 Batchမှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းထွန်း**

**အုပ်ချုပ်ရေးမှူး၊ ကြံ့ခိုင်ရေးရပ်ကွက်၊ သံဖြူဇရပ်မြို့**

**အသက် (၆၇) နှစ်**

သံဖြူဇရပ်မြို့၊ ကြံ့ခိုင်ရေးရပ်ကွက်၊ အောင်ဆန်းလမ်းနေ (ဒေါ်အေးသန်း)၏ခင်ပွန်း၊ ဒေါ်သီတာထွန်း၊ ဦးစံဦး၊ ဒေါ်ဖြူပြာထွန်း၊ ဦးထက်အာကာမင်းထွန်း၊ မသီရိရတနာထွန်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးဖြစ်သူ ဦးသန်းထွန်း(အုပ်ချုပ်ရေးမှူး၊ ကြံ့ခိုင်ရေးရပ်ကွက်)သည် ၂၇-၅-၂၀၂၀ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစု**
**သံဖြူဇရပ်မြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုင်းဘုန်းထူး (ခေတ်ပုံနှင့် ဗီဒီယို)**

**အသက် (၆၅) နှစ်**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗိုလ်တထောင်မြို့နယ်)၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါ်ဖြူဖြူညွှန့်၏ ချစ်လှစွာသောခင်ပွန်း ဦးစိုင်းဘုန်းထူး (ခေတ်ပုံနှင့် ဗီဒီယို)သည် ၁၉-၅-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုကြီး မိသားစု**
**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**
**ရန်ကုန်တိုင်းဒေသကြီး**

## တစ်လပြည့် လွမ်းဆွတ်သတိရဆုတောင်းပေးခြင်း

**ခရစ်တော်၌ အိပ်ပျော်သွားသူ အမေ ဒေါ်ရိုဇား**

**အသက် (၅၆) နှစ်**

သားသမီးများအပေါ်သို့ ထာဝရနှလုံးအစဉ်ပြုံးသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝစွာဖြင့် ရှာဖွေကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သည့်ထာဝရ မိခင်အမေ ဒေါ်ရိုဇားသည် ၂၈-၅-၂၀၂၀ ရက်တွင် ခရစ်တော်၌အိပ်ပျော်ခဲ့သည်မှာ တစ်လပြည့်မြောက်ခဲ့ပါသော်လည်း တစ်နေ့မှမမေ့မရပါ။ တစ်လပြည့်အတွက် ရည်မှန်းလှူဒါန်းသော ကောင်းမှုဆုတောင်းအဝဝတို့ကို ကောင်းရာဘုံဘဝမှ အမေဒေါ်ရိုဇား ရရှိခံစားရပါစေ။

**ကျန်ရစ်သူ ဖိုးဖို၊ သားသား အောင်သုခ**
**သားသား ဂျေရှန်း၊ မီးမီး ရို့(စ်)မေရီနှင့် မိသားစု**

## မူးယစ်ကို ပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တနန္ဒဝံသ

**သိက္ခာတော် (၆၅)ဝါ၊ သက်တော် (၈၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သွေးဆေးကန်တိုက်ကြီး၏နာယက၊ ရတနာ့ဂုဏ်ရည်ကျောင်း ပဓာနနာယကဆရာတော် သိက္ခာတော်(၆၅)ဝါ၊ သက်တော်(၈၅)နှစ်ရှိ ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်မြတ်သည် (၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်) ၂၆-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၂၈-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အန္တိမအဂ္ဂိစျာပနသာစုကီဠနပူဇာသဘင်အခမ်းအနားကို ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းမြ

**အသက် (၉၀)**

ဘားအံမြို့နယ်၊ နောင်လုံကျေးရွာနေ (ဦးဘထွန်း-ဒေါ်နှင်းရင်)တို့၏ သမီး၊ [ဦးအုန်းစိန်(မြန်မာ့မီးရထား-ငြိမ်း)]၏ဇနီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးအောင်တင်-ဒေါ်ခင်စော)၊ (ဦးအောင်ရင်-ဒေါ်သန်းတင်) တို့၏ ညီမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်နေ [ဦးလှကြည် (BPI)]-ဒေါ်သန်းသန်းမြင့်၊ ပုသိမ်မြို့နေ ဦးတင်ဌေး-ဒေါ်မြတ်မွန်၊ ဦးမောင်မောင်မြင့် (KBZ MS General Insurance)-ဒေါ်ခင် မာချို၊ ဦးအောင်သိန်းဝင်း-ဒေါ်တင်တင်သန်းတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ် ၁၀ ယောက်တို့၏ ဘွားဘွားကြီး ဒေါ်သန်းမြသည် ၂၆-၅-၂၀၂၀ ရက် နံနက် ၇:၀၅ နာရီတွင် အမှတ်(၂၃၉)၊ (၁၂)လမ်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၂၀ (တနင်္လာနေ့) နံနက်ပိုင်းတွင် အထက်ဖော်ပြပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နီနီဦး (ပြည်မြို့)

**နဝင်း မသိန်းတင်-ကျီးငှက်ဆေးလိပ်ခုံ**

**အသက် (၉၅) နှစ်**

ရန်ကုန်မြို့နေ (ဦးဘိုဦး-ဒေါ်နှံုးယဉ်)တို့၏သမီး၊ ပြည်မြို့၊ နဝင်းရပ်နေ (ဦးထွန်းအောင်-ဒေါ်တင်မေ)တို့၏ သမီးချွေးမ၊ [ဦးတင်ညွှန့် (နဝင်း မသိန်းတင်-ကျီးငှက်ဆေးလိပ်ခုံ)]၏ဇနီး၊ (ဦးကိုကိုကြီး-ဒေါ်သန်းစိန်)၊ (ဦးညွှန့်မောင်-ဒေါ်လှကျင်)၊ (ဦးထွန်းတင်-ဒေါ်လှရင်)၊ (ဦးထွန်းခင်-ဒေါ်ခင်သန်းမြင့်)၊ (ဗိုလ်ကြီးထွန်းလွင်-ဒေါ်ရီမိ)၊ (ဦးတင်ညွှန့်-ဒေါ်သန်းမေ)တို့၏ညီမ၊ (ဦးရဲထွန်း)-ဒေါ်ခင်အုန်းမြင့်၊ (ဦးဘရီ)-ဒေါ်သန်းမြင့်၊ (ဒေါ်ခင်အေး)တို့၏ အစ်မဖြစ်သူ ဒေါ်နီနီဦးသည် ၂၆-၅-၂၀၂၀ (အင်္ဂါနေ့) ည ၇ နာရီတိတိတွင် ရန်ကုန်မြို့၊ ၆၃၅(A-1)၊ အခန်း(C-2) (ဦးထွန်းလွင်-ဒေါ်ရီမိ)၊ သမီး ဒေါ်ခင်စန်းလွင် ရိုးမရိပ်သာ၊ ပြည်လမ်းနေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၇-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဝင်းကြည်

**အသက် (၈၇) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၁၈)၊ (၃၉) လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးချိန်-ဒေါ်မြတင်)တို့၏ သမီး၊ (ဦးတန်ဟုတ်တင်)၏ဇနီး၊ ဦးတင်အောင်-ဒေါ်တင်တင်ဦး(Singapore)၊ Dr.ညီညီအောင်၊ ဒေါ်စန္ဒာဝင်း (Sun Power Co., Ltd)၊ ဦးထွန်းဝင်း-Dr. သန္တာဝင်း(နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်ဝင်းကြည်သည် ၂၆-၅-၂၀၂၀(အင်္ဂါနေ့) နံနက် ၁၀:၃၇ နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်မင်း

**အသက် (၇၈) နှစ်**

ညောင်တုန်းမြို့နေ (ဦးမောင်ညွှန့်-ဒေါ်တင်)တို့၏ သား၊ ပဲခူးမြို့နေ (ဦးဘိုးလှ-ဒေါ်လှ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အောက်ဘလောက်၊ အမှတ်(၃၇)၊ ပထမထပ်နေ ဒေါ်မြမြ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သူရ၊ ဦးသူရအောင်-Dr. ဥမ္မာကျော်တို့၏ ချစ်လှစွာသောဖခင်၊ ကိုသင့်သူရ၏ချစ်လှစွာသောအဘိုး ဦးကျော်မင်းသည် ၂၆-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၄:၄၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးတင့်

**လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း (ငြိမ်း)**

**အသက် (၈၂) နှစ်**

အမှတ်(၂၀၀)၊ ယုဇနလမ်း၊ (၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေ (ဦးမောင်မောင်-ဒေါ်အေးသင်)တို့၏သား၊ ဒေါ်ရင်မေ၊ ဒေါ်လှမေ၊ (ဦးကျော်ညွှန့်-ဒေါ်ခင်မမ)၊ ဦးစိုးမြင့်-ဒေါ်ခင်ဌေးမြင့်တို့၏ အစ်ကို/မောင်၊ (ဒေါ်ခင်စန်းရှင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်ညို၊ ဒေါ်မူမူမြင့် (မြန်မာ့အာမခံလုပ်ငန်း)၊ ဒေါ်မေဦးစိုးတင့်(မြန်မာ့အာမခံလုပ်ငန်း)တို့၏ဖခင်သည် ၂၇-၅-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လဲ့လဲ့ဆွေ (ပဲခူး၊ သက္ကလ)

**Golden Venus**

**အသက် (၆၉) နှစ်**

သက္ကလမြို့နေ (ဦးအေးသိုက်-ဒေါ်အုန်းကြည်)တို့၏သမီး၊ (ဦးရဲလွင်-ဒေါ်ခင်အုန်းမြင့်)တို့၏ညီမ၊ ဦးဇော်လွင်-ဒေါ်မာလာဆွေ၊ ဒေါ်နီလာဆွေ၊ ဒေါ်သီတာဆွေ၊ ဒေါ်နွယ်နီဆွေ၊ ဦးရဲထွဋ်နိုင်(UMFCCI DAWEI)-ဒေါ်သန့်စင် (MD DAWEI DRAGON Co.,Ltd)၊ ဦးကျော်ရဲထွန်း(KYT စက်သုံးဆီရောင်းဝယ်ရေး)-ဒေါ်သက်သက်ဦး၊ ဒေါ်ချောစုဆွေတို့၏အစ်မ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ်(၂၅)၊ သုံးလွှာနေ ဦးအောင်ခိုင်(ဟိုတယ်ခရီး/ငြိမ်း)၏ဇနီး၊ ကိုခိုင်လင်းအောင်(UK)-မသင်ဇာအောင်၊ ဦးစိုးထွန်း-မဆွေမွန်အောင်(Director မြတ်ဘုန်းသစ် Co.,Ltd)၊ Dr.ဇော်ထူး-မကဗျာအောင် (Director Brighthome Co.,Ltd)၊ ကိုအောင်မင်းထွဋ်(NUHS S'pore)-မစောဥမ္မာမြင့်တို့၏မိခင်၊ မောင်ပြည့်စုံဖြိုး၊ မောင်ခန့်ဇင်အောင်၊ မောင်မြင့်မိုရ်ဟိန်း၊ မောင်ကောင်းခန့်ထွဋ်တို့၏အဘွားသည် ၂၅-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၁:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂:၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## (၉)နှစ်ပြည့်အလွမ်း

**ဦးစိန်ဝင်း**

**ဒုညွှန်ချုပ်(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**

ချစ်လှစွာသော ကျေးဇူးရှင်အဖေကြီးသည် အားလုံးကို ခွဲခွာသွားသည်မှာ ၂၈-၅-၂၀၂၀ နေ့တွင် (၉)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သော်လည်း တစ်နေ့မှ မေ့မရ နိုင်ခဲ့ပါ။ အဖေကြီး၏ အေးချမ်းလှသော မေတ္တာ အရိပ်အာဝါသကို ယနေ့ ထက်တိုင် လွမ်းမြဲနိုလ့်၍ ကျေးဇူးတရားကို တသသ လွမ်းဆွတ် သတိရ အောက်မေ့လျက် အဖေကြီး အတွက် ရည်စူး၍ ပြုလုပ်သော လှူဒါန်းမှု အစုစုတို့ကို အမျှပေးဝေလိုပါတယ် ရောက်ရာ ဘုံဘဝ မှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ဒေါက်တာထွေးထွဋ်ကြည်+သမီးကြီးဒေါက်တာသင်းနွယ်ဝင်း
သား-ဒေါက်တာဘုန်းမြင့်
မြေးများ-ဟန်နည်ထွဋ်အောင်၊ ကျော်စွာဝင်းထွဋ်၊
ဒေါက်တာကောင်းစံဝင်းထွဋ်၊ရွှေရင်အေး

## ဦးမျိုးခိုင်

**အသက် (၅၆) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆) ရပ်ကွက်၊ သုခ (၅၁)လမ်း၊ အမှတ် (၄၃)၊ ငါးလွှာနေ ဒေါ်စံပယ်၏ ခင်ပွန်း၊ မလဲ့လဲ့ခိုင်၊ ကိုအောင်ပိုင်-မဆွေဇင်လတ်၊ မချိုချိုခိုင်၊ မကံ့ကော်သင်း၊ မောင်ထက်ပိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မရတီစုလတ်၏ အဘိုးသည် ၂၆-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၀၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀:၃၀ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မေ ၂၇

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီများ၏ သုံးသပ်ချက် အစီရင်ခံစာပါမှုနှင့် အခြေခံသဘော အကြောင်းအရာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့်အခြေခံသဘောနှင့် ရငွေသုံးငွေဆွေးနွေးခြင်းများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ကြီးကြပ်ဆောင်ရွက်**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာန၏ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေတောင်းခံရာတွင် လုပ်ငန်းမပြီးပြတ်သေးသည့် ကျောင်းပေါင်း ၂၁၃၄ ကျောင်း ရှိပါကြောင်း၊ လက်ရှိအခြေအနေအားဖြင့် ၁၀၀ ရာခိုင်နှုန်းပြီးစီးသည့်ကျောင်းပေါင်း ၅၁၅ ကျောင်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

# အိန္ဒိယနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တတိယအသုတ် ပြန်လည်ခေါ်ဆောင်ခဲ့



အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် မေ ၂၇

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံ ဂါယာမြို့နှင့် ယင်းမြို့၏အနီးအနားဒေသများတွင် ရောက်ရှိနေပြီး အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၀ အား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines–MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် တတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင်

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ✻

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာရာထူးအတွက် လျှောက်လွှာများလက်ခံနေ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် နည်းစနစ်ဒါရိုက်တာရာထူးအတွက် လျှောက်လွှာများ လက်ခံနေပြီး လျှောက်ထားသူ ၁၁ ဦးရှိနေကာ ထပ်မံလက်ခံသွားရန် စီစဉ်ထားသည်။

**ထပ်မံလျှောက်ထားနိုင်**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်နည်းစနစ်ဒါရိုက်တာဖြစ်သူ ဘယ်လ်ဂျီယံနိုင်ငံသား အဲရစ်အာဗရန်နှင့် လမ်းခွဲပြီးနောက်ပိုင်း နည်းစနစ်ဒါရိုက်တာတစ်ဦး ပြန်လည်ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်အခြေအနေ တည်ငြိမ်သွားမှ ရွေးချယ်မည်ဖြစ်သောကြောင့် ထပ်မံလျှောက်ထားနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဘောလုံးအကယ်ဒမီများကို ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး နည်းစနစ်ဒါရိုက်တာ ခန့်အပ်ပြီးသွားပါက လူငယ်ဖွံ့ဖြိုးရေးအတွက် အဓိကဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်ဖွံ့ဖြိုးရေးအတွက် ဥရောပနာမည်ကြီးကလပ်အသင်းများဖြစ်သည့် ဒွေါ့မွန်၊ အေဂျက်စ်အသင်းတို့နှင့်လည်း ချိတ်ဆက်ဆောင်ရွက်နေပြီး မြန်မာ့ဘောလုံးလောကအတွက် သင့်တော်မည့် ကိစ္စရပ်များကို အတည်ပြုသွားမည်ဖြစ်သည်။ ယခင် နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန်သည် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နည်းစနစ်ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မေလတွင် နှစ်ဦးသဘောတူလမ်းခွဲခဲ့ကာ သုံးနှစ်စာချုပ်ချုပ်ခဲ့သော်လည်း တစ်နှစ်ခွဲကျော်အကြာတွင် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် ပြိုင်ပွဲများယှဉ်ပြိုင်မှု၊ လက်ရွေးစင်အသင်းများ လေ့ကျင့်မှုတို့ကို ရပ်နားထားသော်လည်း ရောဂါအပြီးကာလတွင် လုပ်ဆောင်ရမည့်အရာများနှင့် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ရှိုင်းထက်ဇော်

**ကြေးမုံ ယနေ့ ဖတ်စရာ**


သိမှတ်ဖွယ်ရာ ဗြိတိန်အလယ်တန်းပညာ

စာမျက်နှာ » ၆

အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ လူနှစ်သိန်းခန့် ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရ

စာမျက်နှာ » ၁၂

၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ၂၀ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်း

စာမျက်နှာ » ၁၃

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅

ဘာစီလိုနာအသင်းက နွေရာသီဈေးကွက်အတွင်း ကစားသမား ခြောက်ဦးအထိ ရောင်းချမည်

စာမျက်နှာ » ၁၉

အာဂျင်တီးနားတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် စီးပွားရေးထိခိုက်

စာမျက်နှာ » ၁၁